http://www.dhammadownload.com

# တို့လည်းလိုက်မယ်

# ချန်မထားနဲ့



အမြင့်မြတ်ဆုံးပန်းတိုင်ဆီ
ရည်မှန်းချက်ကြီးမား
မရပ်မနားခြေလှမ်းတွေနဲ့
မမောတမ်းလျှောက်နေကြသူတွေ
ကြားရလေ မြင်ရလေတိုင်း
စိတ်အားတွေတက်ကြွ
သန္နိဋ္ဌာန်ခိုင်ခိုင်ချပြီး
လောကကြီးဘေးမသန်း
မနှောလှပြီးအေးချမ်းဖို့
မငြီးတမ်းလိုက်ခဲ့ပါ့မယ်။
ပါရမီရှင်တို့ရေ . . .
အတ္တတွေစွန့်ချထားခဲ့မှာပါ ။ ။

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၄၁)



# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# တို့လည်းလိုက်မယ်ချန်မထားနဲ့

တတိယအကြိမ်

တို့လည်းလိုက်မယ် ချန်မထားနဲ့ • အရှင်ဆန္ဒာဓိက

ရွှေပါရမီ စာစဉ်(၄၁)

http://www.dhammadownload.com

ဓမ္မကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# တို့လည်းလိုက်မယ် ချန်မထားနဲ့



ရွှေပါရမီစာစဉ်(၄၁)

www.shweparami.net

http://www.dhammadownload.com


## ရွှေပါရမီ ၂၀၀၉ အမှတ်(၁)

စာမူခွင့်ပြုချက် • ၆၀၀၂၈၇၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက် • ၆၀၀၃၁၃၀၆၁၀
၂၀၁၀ ခုနှစ်၊ ဖွန်လ • တတိယအကြိမ်၊ အုပ်ရေ ၂၀၀၀၀
မျက်နှာဖုံးပန်းချီ • နေဝင်းအောင်
စာအုပ်ချုပ် • ကိုဇော်ဝမ်း
မျက်နှာဖုံးပုံနှိပ်သူ • ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်
• အမှတ်၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်။
အတွင်းပုံနှိပ်သူ • ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
• အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊
• အလုံမြို့နယ်။
ထုတ်ဝေသူ • တက်လမ်း ဦးရှိန်ဝင်း(၀၃၉၆၄)၊
• အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊
• ဒဂုံမြို့နယ်။
ဖြန့်ချိရေး • **ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့**
• အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။
• ☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂။

### စာအုပ်ကတ်တလောက်အညွှန်း (CIP)

ဆန္ဒာဓိက၊ အရှင်။ ၂၉၄.၃
တို့လည်းလိုက်မယ်ချန်မထားနဲ့/အရှင်ဆန္ဒာဓိက။ – ရန်ကုန်၊
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးစာပေ၊ တတိယအကြိမ်၊ ၂၀၁၀။
၁၄၄ စာ၊ ၁၀.၅ x ၁၆.၅ စင်တီ။
(၁) တို့လည်းလိုက်မယ်ချန်မထားနဲ့

တန်ဖိုး ၆၀၀ ကျပ်

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊မြစ်မိုး ရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့၊အထက(၁)မှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယ ရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိ–ယတ္တိ စာပေများလေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ် အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထားစာအုပ်ကို စတင် ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့က

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ


၁။ ■ ဆရာကြီးမင်းသုဝဏ်နှင့်

■ "တို့လည်းလိုက်မယ်ချန်မထားနဲ့" (ခင်စောတင့်) ၈

၂။ ■ အခုလိုလိုက်ပြီး ကုသိုလ်ပိုက်ပါရစေ ၁၅

၃။ ■ ရှေ့ကလျှောက်ရင် နောက်ကလိုက်မယ် ၂၂

၄။ ■ ရှေ့ကလျှောက်တိုင်း နောက်ကမလိုက်ပါနဲ့ ၂၈

၅။ ■ စိတ်အထားတူမှ ကုသိုလ်အသားတူမယ် ၃၄

၆။ ■ ကိုယ်လုပ်သလောက်ပဲ ကိုယ်ရတာပါ ၄၃

၇။ ■ သံယောဇဉ် အခုလိုအကိုင်တတ်တော့

■ အမှန်သဘောဝင် ကုသိုလ်အပိုင်မြတ်တာပေါ့ ၄၉

၈။ ■ သတင်းစစ်မှန်လေ အတွင်းအနှစ်ကျန်လေ ၅၆

၉။ ■ အခက်အခဲမှန်သမျှ ကျော်လွှားလို

■ ဂုဏ်တော်ပွား၍ သစ္စာဆို ၆၆

၁၀။ ■ သူ့ကိုအားကျလေ ကုသိုလ်တအားရလေ ၇၄

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၁။ | ■ ကိုယ်စွမ်းရာကိုယ်ဆောင်ရင် | |
| | ■ စွမ်းဆောင်သူပါပဲ | ၇၅ |
| ၁၂။ | ■ ကောင်းကျိုးကဲလျှံတာ | |
| | ■ အကောင်းတန်ခိုး ဝဲပျံခဲ့လို့ပါ | ၉၀ |
| ၁၃။ | ■ အာချောင်ရင် အောင်ချာမယ် | ၉၆ |
| ၁၄။ | ■ အပေးပိုတော့ အပိုပေးတာပေါ့ | ၁၀၆ |
| ၁၅။ | ■ ကာသိုလ်တုပပြိုင်တော့ | |
| | ■ အခုလို သုခမြိုင်တာပေါ့ | ၁၁၅ |
| ၁၆။ | ■ အလုပ်မမေ့လုပ်တဲ့သတိ | ၁၂၅ |
| ၁၇။ | ■ မမေ့အလုပ်လုပ်တဲ့သတိ | ၁၃၂ |




ရှေ့ပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com

## ဆရာကြီးမင်းသုဝဏ်နှင့်
## "တို့လည်းလိုက်မယ်ချန်မထားနဲ့"

သားရဟန်းက 'တို့လည်းလိုက်မယ်ချန်မထားနဲ့-တရားကို စာအုပ်အဖြစ် ပြင်ဆင်ရေးနေတယ်၊ ဒီတရားခေါင်းစဉ်က ဒကာမကြီးနဲ့ ဆက်နွယ်နေတာဖြစ်လို့ အမှတ်တရ ရေးပေးပါဦး' လို့ မိန့်လာပါတယ်။ ကျွန်မရဲ့ စိတ်အစဉ်က လွန်ခဲ့တဲ့ခြောက်နှစ်ဆီကို ရောက်သွားပြီး ဆွတ်ပျံ့ကြည်နူးဖွယ်၊ သတိရအောက်မေ့ဖွယ် အတွေးခံစားမှုတွေကို တစ်ထွေးကြီး ရသွားပါတော့တယ်။

ဒီတရားခေါင်းစဉ်က ဆရာကြီးမင်းသုဝဏ်ရဲ့ ဥ-ပုသ်စောင့်ကဗျာ . . .

http://www.dhammadownload.com

'ဆွမ်းအုပ်နီနီအမေရွှက်လို့
နက်ဖြန်မနက်ကျောင်းထွက်မယ်။
မောင်လည်းလိုက်မယ် ချန်မထားနဲ့
အမေသွားတော့ ပျင်းလှတယ်။
ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့
ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်။
မောင်မဆော့ပေါင် စိပ်ပုတီးနဲ့
ဘုန်းတော်ကြီးလို နေပါ့မယ်။

လိုက်မယ် လိုက်မယ်' ထဲက 'မောင်လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စာကြောင်းလေးကို 'တို့လည်းလိုက်မယ်ချန်မထားနဲ့' လို့ပြောင်းပြီး ခေါင်းစဉ်တပ်လိုက်တာဖြစ်ပါတယ်။ တစ်နေ့မှာတော့ သားရဟန်းက ဒီခေါင်းစဉ်လေးနဲ့ တရားတစ်ပုဒ်ဟောမယ်။ ဆရာကြီးရဲ့ စကားလုံးတွေဖြစ်တဲ့အတွက် ဆရာကြီးဆီမှာ ခွင့်တောင်းပေးပါလို့ မိန့်လာပါတယ်။ 'သပြေညို' အိမ်ကိုသွားပြီး အကျိုးအကြောင်းပြောပြတဲ့နေ့ကို မြင်ယောင်နေမိပါတယ်။

ဆရာကြီးရဲ့မျက်နှာက ဝင်းလက်သွားပြီး လက်အုပ်ကလေးချီပြီး 'သာဓုသုံးကြိမ်ခေါ်ပြီး သုံးခွင့်ပေးပါတယ်လို့ ဆရာတော်ကို လျှောက်လိုက်ပါဗျာ' လို့ ပြောပါတယ်။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလမှာတော့ သားရဟန်းက

http://www.dhammadownload.com

'တို့လည်းလိုက်မယ်ချန်မထားနဲ့' တရားကို ပဲခူးမြို့က စိန်မျှားမိသားစုက ကျင်းပတဲ့တရားပွဲမှာ စပြီး ဟောတော်မူခဲ့ပါတယ်။ ကျွန်မတို့ ပဲခူးအထိလိုက်ပြီး တရားနာခဲ့ကြရလို့ ဝမ်းသာပီတိနဲ့ သာဓုခေါ်ဆိုခဲ့ကြပါတယ်။ ဒီတရားကို တခြားမြို့နယ်တွေမှာလည်း ဟောခဲ့လို့ တော်တော်ပျံ့နှံ့ခဲ့ပါတယ်။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စကားက သူတော်ကောင်းစိတ်ဓာတ်ရှိသူတွေက ကုသိုလ်ကောင်းမှုလမ်းကနေ နိဗ္ဗာန်လမ်းပန်းတိုင်ကိုရောက်အောင် လျှောက်လှမ်းနေတဲ့အခါမှာ မိမိတို့က မနေရစ်ဘဲ 'တို့လည်းလိုက်မယ်ချန်မထားနဲ့'ဆိုပြီး ကုသိုလ်လမ်းမှာ လျှောက်လှမ်းရမှာဖြစ်ကြောင်းနဲ့ ကုသိုလ်ဆိုတာ ကိုယ်တိုင်ပြုမှရမယ်ဆိုတာကို အဓိကထားပြီး ဟောကြားထားတာ ဖြစ်ပါတယ်။

ဝိသာခါ အိမ်ထောင်ပြုဖို့သွားရာမှာ သူ့ဖခင်က ပစ္စည်းဥစ္စာအမျိုးအမည် အစုံအလင် ထည့်ပေးလိုက်တဲ့အထဲမှာ နွားတွေလည်း ပါဝင်ပါတယ်။ အလျားအနံ(၆)မိုင်နဲ့ (၁)မိုင်ရှိတဲ့ ခြံကြီးထဲက နွားတွေကို လွှတ်ပေးပြီးတဲ့အခါ ခြံတံခါးကို ပိတ်လိုက်ပါတယ်။ အမျိုးအစားပေါင်း သုံးမျိုးထဲက နွားခြောက်သောင်းစီ၊ စုစုပေါင်း နွားတစ်သိန်းရှစ်သောင်းဟာ ခြံတွေကို ခုန်ကျော်ပြီး ဝိသာခါရဲ့ နောက်ကို

http://www.dhammadownload.com

လိုက်သွားကြပါတယ်။ ဒါဟာ ရှေးဘဝက ဝိသာခါက ကု-သိုလ်တွေ ပိုပိုလျှံလျှံပြုခဲ့လို့ ဒီဘဝမှာ အကျိုးပေးတာပဲဖြစ်ပါတယ်။

'တို့လည်းလိုက်မယ်ချန်မထားနဲ့' ဆိုတဲ့စကားကို မိမိတို့က ပြောရမှာတွင်မကပါဘူး။ ကောင်းကျိုးချမ်းသာတွေကလည်း ကုသိုလ်ရှင်တွေကို ပြောရမယ့်စကား ဖြစ်ပါတယ်။ ကောင်းကျိုးချမ်းသာတွေက ကုသိုလ်တွေ ပိုပိုကဲကဲ ပေးချင်ကြလို့ 'တို့လည်းလိုက်မယ်ချန်မထားနဲ့' လို့ ပြောမှာကို ဆိုလိုတာဖြစ်ပါတယ်။

သားရဟန်း အရှင်ဆန္ဒာဓိကက ကုသိုလ်ဆယ်ပါးကို ပြုလုပ်ဖို့ မမေ့အပ်ဘူး။ နိဗ္ဗာန်လမ်းတိုင်အရောက်လှမ်းနိုင်ဖို့က သတိမြဲဖို့လိုအပ်ကြောင်း၊ သတိမြဲလျှင် သတိနောက်သို့ ဉာဏ်ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီး လိုက်ပါလာမှာ ဖြစ်ကြောင်းကို အလေးထားပြီး ဟောကြားသွားတဲ့အတွက် အားလုံးအတွက် အကျိုးကျေးဇူးများလှပါတယ်။ တရားနဲ့ တရားခေါင်းစဉ်က လိုက်ဖက်ပြီး ပဏ္ဏာတင့်လှတဲ့အတွက် နှလုံးသားအထိ ရောက်သွားရပါတယ်။

အခုဒီတရားကို စာအုပ်အဖြစ်ထုတ်ဝေလိုက်ရင် လူအများရဲ့ လက်ထဲမှာ ပျံ့နှံ့ပြီး ကုသိုလ်တွေ တိုးပြီးပြုလုပ်

http://www.dhammadownload.com

ကြတော့မှာကို တွေးကြည့်ပြီး ကျွန်မဝမ်းသာပီတိဖြစ်ရပါတယ်။ သားရဟန်းရဲ့ ကောင်းမှုကို သာခုခေါ်ပါတယ်။

'တို့လည်းလိုက်မယ်ချန်မထားနဲ့' တရားကို ဟောကြားပြီး နောက်တစ်နှစ်(၂၀၀၄)မှာတော့ ဆရာကြီး မင်းသုဝဏ်ကွယ်လွန်သွားခဲ့ပါပြီ။

တရားခွေထွက်လာချိန်မှာ ဆရာကြီးက ကျန်းကျန်းမာမာပဲ ရှိနေပါသေးတယ်။ တစ်ညနေမှာတော့ သားရဟန်းကိုယ်တိုင် ဆရာကြီးမင်းသုဝဏ်အိမ်ကို ကြွပြီး တရားခွေလေးကို လှူပါတယ်။ ငွေကျပ်ငါးသောင်းကိုလည်း ဆရာကြီးရဲ့ ကျန်းမာရေးအတွက် လှူပါသေးတယ်။ ဆရာကြီးနဲ့ အန်တီကြည်တို့ဇနီးမောင်နှံကလည်း အရှင်ဆန္ဒာဓိကကို နဝကမ္မအဖြစ် ကျပ်သုံးသောင်း လှူကြပါတယ်။

အဲဒီနေ့က အရှင်ဆန္ဒာဓိကနဲ့ ဆရာကြီးတို့ ကြည်နူးပီတိနဲ့ ပြုံးနေကြတာကို ကျွန်မမမေ့လို့ မရပါဘူး။ မင်္ဂလာရှိတဲ့ ညချမ်းအချိန်လေးပါပဲ။ နောက်ရက်တွေမှာ ဒီတရားခွေလေးကို ဆရာကြီးက နေ့စဉ်နာသွားခဲ့တာ အိပ်ရာထဲလဲပြီး ကွယ်လွန်တဲ့အထိပါပဲ။ သူ့စိတ်ထဲက ကြည်ညိုစိတ်နဲ့ သာခုတွေ ခေါ်နေပါလိမ့်မယ်။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' စာအုပ်ထွက်လာလို့ ဆရာကြီးသက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင် 'သပြေ-

http://www.dhammadownload.com

ညို’ အိမ်ကို ကျွန်မသွားပြီး စာအုပ်ကလေးကို လှူဖြစ်မှာပါ ပဲ။ စာအုပ်ကို လက်ကမချဘဲ တစိမ့်စိမ့်ကြည့်ပြီး သာခု အကြိမ်ကြိမ်ခေါ်နေမှာကို ကျွန်မစိတ်ထဲက မှန်းပြီး ကြည့်မိပါတယ်။ အခုတော့ ဆရာကြီးလည်း မရှိတော့သလို ‘သ-ပြေညို’ အိမ်လည်း မရှိတော့ဘဲ သူ့နေရာမှာ (၇)ထပ်တိုက်ကြီးက အစားနေရာယူနေပါတော့တယ်။ စာအုပ်ကလေးကို ကြည့်ပြီး ဝမ်းနည်းမျက်ရည်ဝဲနေရမယ့်သူက ကျွန်မပဲဖြစ်ပါတော့တယ်။

စာဖတ်သူများက ဆရာကြီးရဲ့ ကဗျာလေးကို အမှတ်တရနဲ့ ကုသိုလ်တွေနောက်ကို ‘တို့လည်းလိုက်မယ် ချန်မထားနဲ့’ လို့ ပြောပြီး ပြုလုပ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းများ တောင်းပေးလိုက်ပါတယ်။

ကုသိုလ်လမ်းမှာ
သူ့ လျှောက်ရာ
ကပ်ကာလိုက်ရမည်။

**ခင်စောတင့်**

http://www.dhammadownload.com

ကိုယ်က သူတစ်ပါးကို
ကောင်းကျိုးချမ်းသာတွေ
ပိုပိုသာသာ ပေးခဲ့ရင်
ကိုယ့်ကိုလည်း
ကောင်းကျိုးချမ်းသာတွေက
ပိုပိုသာသာ ပြန်ပေးမှာပါပဲ။
ကိုယ်က အပေးပိုတော့
ကိုယ့်ကိုလည်း
အပိုပေးတော့တာပေါ့။
ကိုယ်က သူတစ်ပါးကို
အပေးပိုလေ၊
ကိုယ့်ကိုလည်း သူတစ်ပါးက
အပိုပေးလေပါပဲ။
အပေးပိုတော့
အပိုပေးတာပေါ့။

http://www.dhammadownload.com



# တို့လည်းလိုက်မယ် ချန်မထားနဲ့

## အခုလိုလိုက်ပြီးကုသိုလ်ပိုက်ပါရစေ

ဒီနေ့ ဟောမယ့်တရားခေါင်းစဉ်က ဘာတဲ့လဲ။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' တဲ့။

မနှစ်တုန်းက စိန်မျှားဆေးပေ့ါလိပ်မိသားစုရဲ့ ပထမဆုံးအကြိမ် တရားပွဲမှာက ဘာတရားဟောခဲ့တာလဲ။

'ဆေးပေါင်းခတဲ့ည'

ဒီနှစ်တော့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့'

တို့လည်းလိုက်မယ် ချန်မထားနဲ့ ဆိုတဲ့ စကားရပ်ကလေး ကြားလိုက်တာနဲ့ တရားနာပရိသတ်များ ငယ်ငယ်တုန်းက ရဖူးခဲ့တဲ့ ကဗျာတစ်ပုဒ်ကို သတိရမိကြမှာပေ့ါ။ ဘာကဗျာတုံး။ ဆိုကြည့်ပါဦး။

http://www.dhammadownload.com

ဒီနေ့ တရားပွဲအလှူရှင် စိန်မျှားမောင်နှံထဲက ဒကာမကြီး ဒေါ်မြင့်မြင့်သိန်းက ဒီနှစ်တရားပွဲရာသီ တခြားနေရာတွေမှာ မဟောရသေးတဲ့ တရားအသစ်လေး ဟောပေးပါဆိုလို့ အသစ်ဟောမယ်ဆိုပြီးတော့ ခေါင်းစဉ် တပ်လိုက်တာ ဘာဟောမယ်ဆိုတာကို အသေးစိတ် မစဉ်းစားရသေးဘူး။ တရားနာပရိသတ်များပြောတဲ့ စကားကို အခြေခံပြီးတော့ ဟောရမှာနော်။

ဆွမ်းအုပ်နီနီကဗျာကို ရကြတယ် မဟုတ်လား။ ဆိုကြည့်စမ်းပါဦး။

ဆွမ်းအုပ်နီနီ အမေရွက်လို့၊
နက်ဖြန်မနက် ကျောင်းထွက်မယ်။
မောင်လည်းလိုက်မယ် ချန်မထားနဲ့
အမေသွားတော့ ပျင်းလှတယ်။
ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့
ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်။
မောင်မဆော့ပေါင် စိပ်ပုတီးနဲ့
ဘုန်းတော်ကြီးလို နေပါ့မယ်။
လိုက်မယ် . . . လိုက်မယ်။

တချို့ကလည်း 'လိုက်ကွယ် . . . လိုက်ကွယ်' ဆိုပြီးတော့ ဆိုကြတယ်။ 'လိုက်မယ်' ဆိုတာက ကလေးက

ပြောတဲ့စကားပေါ့။ 'လိုက်ကွယ်' ဆိုတာကတော့ အမေက သဘောတူသွားလို့ 'ကဲ . . . လိုက်ခဲ့တော့' လို့ ဒီလိုပြောတာ ပါနော်။

အဲဒီကဗျာ ဘယ်သူရေးစပ်တာတုံး။ ဆရာကြီး မင်းသုဝဏ်နော်။ ဆရာကြီးမင်းသုဝဏ်ရေးစပ်တာ။ ခေါင်း စဉ်ကတော့ 'ဥပုသ်စောင့်' . . . ပါ။ ဆွမ်းအုပ်နီနီကစတာ ဆိုတော့ ဆွမ်းအုပ်နီနီကဗျာလို့ပဲ အလွယ်တကူပြောလေ့ရှိ ကြတယ်။ အမှန်ကတော့ 'ဆွမ်းအုပ်နီနီ' ကဗျာမဟုတ်ပါ ဘူး။ 'ဥပုသ်စောင့်' ကဗျာပါ။

အဲဒီကဗျာထဲက 'မောင်လည်းလိုက်မယ် ချန်မ ထားနဲ့' ဆိုတာကို တချို့သီချင်းရေးဆရာတွေက 'တို့လည်း လိုက်မယ် ချန်မထားနဲ့' လို့ မရေးကြဘူးလား။ ရေးကြ တယ်။ ဘယ်လိုရေးကြတုံး။

'တို့လည်းလိုက်မယ် ချန်မထားနဲ့၊ ချစ်သူသွားတော့ ပျင်းလှတယ်'။ နောက်တစ်ခုက . . . 'တို့လည်းလိုက်မယ် ချန်မထားနဲ့၊ ချစ်သူသွားတော့ လွမ်းလှတယ်'။

ဟုတ်ရဲ့လားတော့ မသိဘူး။ သွားရင်းလာရင်း ဟိုကဒီကဖွင့်တာ ကြားဖူးတာပါ။

'မောင်လည်းလိုက်မယ် ချန်မထားနဲ့'ဆိုတဲ့ စကား လေးထဲက 'မောင်' နေရာမှာ 'တို့' လေး ထည့်ပြီးတော့

http://www.dhammadownload.com

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ သီချင်းတွေ စပ်ကြတယ်။ ထချို့လည်း ဝတ္ထုတွေ ရေးကြတယ်။ ဒီစကား လုံးရဲ့ မူရင်းကတော့ ဆရာကြီး မင်းသုဝဏ်ရဲ့ ဥပုသ်စောင့် ကဗျာ၊ သို့မဟုတ် ဆွမ်းအုပ်နီနီကဗျာထဲကပါပဲ။ ဒီစကား လုံးရဲ့ မူရင်းပိုင်ရှင်က ဆရာကြီးမင်းသုဝဏ်ပါ . . . နော်။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စာသား လေးကို သူပိုင်တယ်၊ ကိုယ်ပိုင်တယ်နဲ့ ဂျာနယ်စာမျက်နှာ တွေမှာ ငြင်းကြ ခုန်ကြတာ တွေ့ကတည်းကိုက ဒီစာသား လေးကို သဘောကျနေတာ။ သဘောကျပြီးတော့ ဒီစာ သားလေး မြင်လိုက်တာနဲ့ . . . သူတို့ကတော့ ချစ်တာတွေ၊ လွမ်းတာတွေကို သတိရမှာပေါ့။

ဦးဇင်းကတော့ ဒီစာသားလေး မြင်လိုက်တာနဲ့ ပိဋကတ်တော်မှာလာတဲ့ ကုသိုလ်သဘောလေးတွေ၊ တရား သဘောလေးတွေ၊ အတုယူဖွယ် ဝတ္ထုသာဓကလေးတွေကို သတိရလိုက်ပါတယ်။ သတိရပြီးတော့ ဒီခေါင်းစဉ်လေးနဲ့ တရားလေးတစ်ပုဒ်တော့ ဟောရရင် ကောင်းမယ်လို့ စိတ် ကူးမိဖူးပါတယ်။

ဒါနဲ့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စာ သားကို ခေါင်းစဉ်တပ်ပြီးတော့ တရားဟောဖို့ ဆရာကြီး မင်းသုဝဏ်ကို ခွင့်တောင်းတော့ ဆရာကြီးကလည်း သာဓု

http://www.dhammadownload.com

သုံးကြိမ်ခေါ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ခွင့်ပြုပါတယ်။

လောကီနယ်ပယ်အတွက် ရေးထားတဲ့ ကဗျာစာသားကို တရားဓမ္မနယ်ပယ်အတွက် ရှုထောင့်တစ်မျိုးကနေ ပြောင်းပြီး အသုံးပြုမယ်ဆိုတော့ သိပ်ဝမ်းသာတာပေါ့။ ကလေးတွေအတွက် ကဗျာစာသားက ကုသိုလ်သမားတွေ၊ တရားသမားတွေအတွက်ပါ လေးလေးနက်နက် အသုံးတည့်သွားတော့ ဝမ်းသာစရာကောင်းတာပေါ့။

အခုဆိုရင် ဆရာကြီး မင်းသုဝဏ် အသက်(၉၄) နှစ် ရှိပါပြီ။ သက်ရှိထင်ရှား ရှိနေဆဲပါပဲ။ အဲဒီတော့ ဆရာကြီး မင်းသုဝဏ် သက်ရှိထင်ရှားရှိနေဆဲမှာ သူ့ကဗျာထဲက စာသားလေးကို တရားလုပ်ပြီး ဟောထားတာ နားထောင်သွားရပါစေ၊ ကြားနာသွားရပါစေ၊ ကိုယ့်ကဗျာစာသားနဲ့ ယှဉ်တဲ့တရားကို နာကြားပြီး ကုသိုလ်တရား တိုးပွားပါစေ ဆိုပြီးတော့ ဒီနေ့ ဒီခေါင်းစီးလေးကို ရွေးချယ်တာပါ။

(ဤတရားဟောစဉ်က သက်ရှိထင်ရှားရှိပါသေးသည်။ ယခုစာအုပ်ထုတ်ချိန်တွင် သက်ရှိထင်ရှားမရှိတော့ပါ။)

ရွေးသာ ရွေးတာ။ ဘယ်လိုဟောရမှန်းတောင် မသိသေးဘူး။ ခေါင်းထဲပေါ်ရာပေါ်ရာ ဟောသွားရမှာပေါ့။ နားထောင်ရတာ အားမရရင်တော့ ခွင့်လွှတ်ပါ။ စာရေးတဲ့

http://www.dhammadownload.com

အလုပ်၊ စာအုပ်စီစဉ်တဲ့အလုပ်တို့ . . . တခြားအလုပ်တွေကလည်း လုပ်နေရသေးတာဆိုတော့ တရားဟောဖို့ ပြင်ဆင်ချိန်က သိပ်မရှိဘူး။

ကဗျာထဲက မောင်လည်းလိုက်မယ် ချန်မထားနဲ့ . . . ဆိုတာ . . . အမေက ဘုန်းကြီးကျောင်းသွားပြီးတော့ ကုသိုလ်ပြုမယ်ဆိုတော့ သားကလည်း အမေနဲ့အတူ ဘုန်းကြီးကျောင်းလိုက်ပြီး ကုသိုလ်ပြုမယ်လို့ ခွင့်တောင်းတာပါပဲ။

တခြားအဓိပ္ပာယ်အနေနဲ့လည်း ကလေးက ဘုန်းကြီးကျောင်းသွားပြီးတော့ ဆော့ချင်လို့ ပျော်ချင်လို့ အိမ်မှာနေရတာ ပျင်းလို့၊ အမေ့နားမှာ အမြဲနေချင်လို့ ကျောင်းလိုက်ဖို့ ခွင့်တောင်းတာလို့ ဒီလို သာမန်ယူမယ်ဆိုရင်လည်း ရတာပါပဲ။

အမေက ကုသိုလ်ပြုမယ်၊ သားကလည်း ကုသိုလ်ပြုမယ်။ အမေက ကုသိုလ်လမ်းကို လျှောက်တယ်။ သားကလည်းပဲ ကုသိုလ်လမ်းကို လိုက်ပြီးတော့ အတူတူလျှောက်ပါရစေ။ မောင်လည်းလိုက်မယ် ချန်မထားနဲ့။ တို့လည်းလိုက်မယ် ချန်မထားနဲ့။ ဒီလိုပြောတဲ့အဓိပ္ပာယ် မသက်ရောက်ဘူးလား။ သက်ရောက်တယ်။

အမေမရှိရင် သားပျင်းလို့ အမေနဲ့အတူ သား

http://www.dhammadownload.com

ကျောင်းလိုက်ခဲ့ပါရစေဆိုတဲ့ အဓိပ္ပာယ်ထက် အမေကုသိုလ် ပြုသလို သားလည်း ကုသိုလ်လိုက်ပြုချင်လို့ အမေနဲ့အတူ ကျောင်းလိုက်ခဲ့ပါရစေဆိုတဲ့ အဓိပ္ပာယ်ကိုပဲ ဦးဇင်းတို့ ယူကြတာပေါ့။ ကလေးတွေအတွက်ကတော့ ပထမအဓိပ္ပာယ် ပေါ့လေ။

■

http://www.dhammadownload.com



## ရှေ့ကလျှောက်ရင် နောက်ကလိုက်မယ်

နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို ရောက်ဖို့အတွက် ဘယ်လမ်းကိုလျှောက်ရမှာလဲ။ ခုနက ပြောခဲ့ပြီးပြီနော်။ ကုသိုလ်လမ်းကို လျှောက်ရမှာ။ တခြားနည်းနဲ့လည်း အများကြီးပြောလို့ရတာပေါ့။ သတိပဋ္ဌာန်လမ်းလျှောက်တယ်၊ ဝိပ-ဿနာလမ်းလျှောက်တယ် စသည်အားဖြင့်လည်း ပြောလို့မရဘူးလား။ ရပါတယ်။

ဒါပေမဲ့ သတိပဋ္ဌာန်ဝိပဿနာတစ်ခုတည်းဆိုတော့ ဘောင်ကျဉ်းနေတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင် ပြောမယ်ဆိုရင် နိဗ္ဗာန်ရောက်လိုသူတိုင်း ကုသိုလ်လမ်းကို လျှောက်ရပါတယ်။ ပါရမီလမ်းကို လျှောက်ရပါ

http://www.dhammadownload.com

တယ်။

'ပါရမီ' ဆိုတဲ့ စကားလုံးကိုက 'နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်' လို့ အဓိပ္ပာယ်ရတာနော်။ နိဗ္ဗာန်ရောက်ချင်ရင် ပါရမီဖြည့်ကို ဖြည့်ရမယ်။ ပါရမီလမ်း လျှောက်ကို လျှောက်ရမယ်။

ကုသိုလ်တိုင်း နိဗ္ဗာန် မရောက်ပါဘူး။ ပါရမီမြောက်တဲ့ကုသိုလ်မှ နိဗ္ဗာန်ရောက်တာပါ။ နိဗ္ဗာန်ကို ဦးတည်ရည်စူးပြီး ပြုတဲ့ကုသိုလ်ဟာ ပါရမီမြောက်တဲ့ ကုသိုလ်ပေါ့။ ကုသိုလ်ပါရမီ၊ ပါရမီကုသိုလ်လို့ စကားလုံးများများ မပြောတော့ဘဲ ကုသိုလ်လို့ စကားလုံးနည်းနည်းနဲ့ပဲ ပြောလိုက်ကြရအောင်။ 'ကုသိုလ်' လို့ တစ်လုံးတည်းပြောပေမယ့် 'ပါရမီကုသိုလ်' ကို ရည်ညွှန်းတယ်လို့ သဘောပေါက်ပါ . . . နော်။

နိဗ္ဗာန်ဆိုတဲ့ လမ်းဆုံးပန်းတိုင်၊ ဘယ်တော့မှ မပျက်စီးဘဲ အစဉ်ထာဝရ တည်မြဲတဲ့၊ ဆင်းရဲဒုက္ခ ဘာမှ မရောယှက်ဘဲနဲ့ ချမ်းသာစစ်စစ်ဖြစ်တဲ့ နိဗ္ဗာန်ပန်းတိုင်ကို ရောက်ဖို့ဆိုရင် ကုသိုလ်လမ်းမကြီးကနေ လျှောက်လှမ်းကြရမယ်။

ကုသိုလ်လမ်းမှာ သူတစ်ပါးတွေ လျှောက်လှမ်းကြတာကို တွေ့ရင် 'အို . . . သူတို့ဟာ သူတို့ အချိန်ရှိလို့

http://www.dhammadownload.com

လျှောက်တာ၊ အားနေလို့ လျှောက်တာ၊ အညောင်းခံနိုင်လို့ လျှောက်တာ၊ တို့ကတော့ မလျှောက်ဘူး။ အေးအေးဆေး ဆေးပဲနေမယ်' လို့ အဲဒီလို နောက်ချန်နေရစ်ခဲ့ရမှာလား။ မနေရစ်ခဲ့ရဘူး။ တရားခေါင်းစဉ်ကိုက 'တို့လည်း လိုက်မယ် ချန်မထားနဲ့' တဲ့။

သူများတွေ ကုသိုလ်ကောင်းမှု ပြုနေတာတွေ့ရင် 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကုသိုလ် ကောင်းမှုလိုက်ပြီးတော့ ပြုရမှာ။ သူများတွေ ကုသိုလ်လမ်း မှာ လျှောက်နေတာတွေ့ရင် 'မင်းတို့ချည်းပဲ ကုသိုလ်လမ်း မှာ မလျှောက်ပါနဲ့။ တို့လည်း လျှောက်ပါရစေ။ တို့လည်း လိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကိုယ်ကလည်း ကုသိုလ် လမ်းမှာ လျှောက်လှမ်းကြရမှာပါ။ ဒါမှပဲ ကိုယ်လည်း နိဗ္ဗာန် ရောက်မှာပေါ့။

စာစောင်တွေ၊ သတင်းစာတွေမှာ ဖတ်ကြည့်မယ် ဆိုရင်လည်း သူများတွေ ကုသိုလ်ကောင်းမှုပြုနေကြတဲ့ သတင်းတွေ တွေ့နေရတာပဲ။ တစ်ဆင့်စကားနဲ့လည်း ဘယ်သူကတော့ ဘယ်နေရာမှာ ဘယ်လိုကုသိုလ်ကောင်းမှု တွေ ပြုနေသတဲ့လို့ ကြားနေရတာပဲ။ ကိုယ့်အနီးနား ပတ် ဝန်းကျင်မှာလည်း ကုသိုလ်ကောင်းမှုပြုနေတဲ့သူတွေကို တွေ့နေရတာပဲ။

http://www.dhammadownload.com

အဲဒီလို မြင်ရ၊ ကြားရ၊ တွေ့ရပြီဆိုရင် . . .

'ဩော် . . . . . . သူက ဘယ်နေရာမှာ ကျောင်းဆောက်တယ်။ ငါလည်းပဲ ငါနဲ့အဆင်ပြေတဲ့ ဘယ်နေရာမှာ ကျောင်းသွားဆောက်မယ်'

'ဩော် . . . ဘယ်သူတွေကတော့ဖြင့် ငါးပါးသီလတွေ၊ ဥပုသ်သီလတွေ စောင့်ထိန်းနေကြတယ်။ ငါလည်းပဲ ငါးပါးသီလတွေ၊ ဥပုသ်သီလတွေ လုံခြုံအောင် စောင့်ထိန်းမယ်'

'ဘယ်သူတွေကတော့ဖြင့် ဘယ်ရိပ်သာမှာ ခုနစ်ရက်၊ ဆယ်ရက်၊ တစ်လ စသည်ဖြင့် သတိပဋ္ဌာန်ဝိပဿနာအလုပ်တွေ အားထုတ်နေကြတယ်။ ငါလည်းပဲ ဘယ်ရိပ်သာမှာ ဘယ်နှရက်၊ ဘယ်နှလ ဝင်ပြီး တရားအားထုတ်မယ်'

. . . စသည်အားဖြင့် သူများ ကုသိုလ်ကောင်းမှုပြုတာကို ကြားပြီ၊ မြင်ပြီဆိုရင် ကိုယ်လည်းပဲ အတုလိုက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုရမယ်။ 'တို့လည်းလိုက်မယ်ချန်မထားနဲ့' ဆိုတဲ့ စိတ်ဓာတ်ကလေးနဲ့ ကုသိုလ်ကောင်းမှုလိုက်ပြုရမယ်။

အနီးစပ်ဆုံးကတော့ ကိုယ်နဲ့ တစ်အိမ်တည်းအတူနေတဲ့ မိသားစုတွေ၊ အဖေတို့၊ အမေတို့၊ အဘိုးတို့၊ အဘွားတို့၊

http://www.dhammadownload.com

အစ်ကိုတို့၊ အစ်မတို့၊ ဦးတို့၊ အဒေါ်တို့၊ ကိုယ့်ထက် အသက်ကြီးတဲ့သူတွေ ကုသိုလ်ကောင်းမှုပြုနေတာလည်း မြင်တွေ့နေရတာပဲ။

ကြီးတဲ့သူမှ မဟုတ်ဘူး။ တစ်ခါတစ်ရံမှာ ကိုယ့်ထက်အသက်ငယ်တဲ့သူက ကိုယ့်ထက်သာပြီးတော့ ကုသိုလ်တွေ ထူးထူးခြားခြား ပြုနေတာမျိုးလည်း မြင်တွေ့ရမှာပဲ။ အဲဒီအခါမှာ ပါးစပ်က ထုတ်မပြောပေမယ့် စိတ်ထဲကနေ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ သူပြုတဲ့ကုသိုလ်ကို အတုယူပြီးတော့ ကုသိုလ်ပြုရမယ်။

သူကျောင်းဆောက်တယ်ဆိုရင် ကိုယ်ကျောင်းဆောက်၊ သူရဟန်းပြုတယ်ဆိုရင် ကိုယ်ရဟန်းပြု စသည်အားဖြင့် ထပ်တူထပ်မျှ ချွတ်စွပ်ကြီး လိုက်လုပ်ရမယ်လို့တော့ မဆိုလိုပါဘူး။ သူများက ကျောင်းဆောက်တယ်။ ကျောင်းဆောက်တယ်ဆိုတာက ဒါနကောင်းမှုပေါ့။ ဒါနကောင်းမှု၊ ဒါနကုသိုလ်လမ်းကို ကိုယ်က လျှောက်နေတယ်ဆိုရင် သူများလို ကျောင်းဆောက်တာ မတတ်နိုင်တောင်မှ တခြားဒါနကုသိုလ်၊ ဒါနကောင်းမှုတစ်ခုခု ပြုပြီးတော့ ဒါနလမ်းကို လျှောက်ရမှာပဲ။

သူများက ဥပုသ်တွေ နေ့တိုင်းစောင့်နေတယ်။ ကိုယ်က နေ့တိုင်း မစောင့်နိုင်ဘူး။ တစ်ပတ်တစ်ခါ၊ တစ်လ

http://www.dhammadownload.com

တစ်ခါ စသည်အားဖြင့် စောင့်နိုင်တယ်ဆိုရင် ကိုယ်စောင့်နိုင်တဲ့ရက်တွေမှာ စောင့်ရမယ်။ လုံးဝကို ဥပုသ်စောင့်ဖို့ အခြေအနေမပေးဘူးဆိုရင်လည်း အနည်းဆုံး ငါးပါးသီလတော့ လုံခြုံအောင် စောင့်ထိန်းရမယ်။

. . . စသည်အားဖြင့်ပေါ့။ ဒါနဆိုတဲ့ သဘောတရားတူရာ၊ သီလဆိုတဲ့ သဘောတရားတူရာ၊ ဘာဝနာဆိုတဲ့ သဘောတရားတူရာ။ တူရာကုသိုလ်၊ တူရာကောင်းမှုကို အတုလိုက်ပြီး ပြုရမယ်။

သူများက ဗုဒ္ဓါနုဿတိဘုရားဂုဏ်တော်ပွားတယ်။ ကိုယ်ကလည်း ဗုဒ္ဓါနုဿတိပဲ ပွားချင်တယ်ဆိုရင် ဗုဒ္ဓါနုဿတိပွားပေါ့။ ဪ . . . သူကတော့ ဗုဒ္ဓါနုဿတိပွားတယ်။ ငါကတော့ ဗုဒ္ဓါနုဿတိ သိပ်ပြီးမှတော့ အားမသန်ဘူး။ မေတ္တာဘာဝနာ အားသန်တယ်ဆိုရင်လည်း မေတ္တာဘာဝနာ ပွားများရမယ်။

သူများမှာ ဘာဝနာကုသိုလ် ရှိသလို၊ ကိုယ့်မှာလည်း ဘာဝနာကုသိုလ်ရှိအောင် ကြိုးစားရမယ်။ ကုသိုလ်အလုပ်တိုင်းကို 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ်လေးနဲ့ ကြိုးစားရမှာပါ။

■

http://www.dhammadownload.com



## ရှေ့ကလျှောက်တိုင်း နောက်ကမလိုက်ပါနဲ့

အခု သူတော်ကောင်းတရား ထွန်းကားဖို့ ဟောပြောနေတာဖြစ်လို့၊ ကုသိုလ်တရားတိုးပွားဖို့ ဟောပြောနေတာဖြစ်လို့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စကားရပ်ဟာ ကုသိုလ်လမ်း လျှောက်လှမ်းနေတဲ့သူကို အတုလိုက်ဖို့ပြောတာလို့ အဓိပ္ပာယ်ကောက်ရတာ။

သာမန်အားဖြင့်တော့ သူများအကုသိုလ်လုပ်နေတာကို ကြည့်ပြီးတော့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စိတ်ဓာတ်နဲ့ လိုက်ပြီးတော့ အကုသိုလ်ပြုတဲ့သူတွေလည်း မရှိဘူးလား။ ရှိတာပဲ။

သူတော်ကောင်းဓာတ်ခံ မရှိတဲ့သူတွေကျတော့

http://www.dhammadownload.com

သူများအရက်ဆိုင်သွားတာ တွေ့ရင် သွားချင်တယ်။ သူများ ဘီယာဆိုင်သွားတာ တွေ့ရင် သွားချင်တယ်။ သူများ အကင်ဆိုင်သွားပြီး အကင်သွားစားတယ်ဆိုရင် ကိုယ်ကလည်း အကင်စာတွေ လိုက်စားချင်တယ်။ အကင်စာစားရုံသက်သက်ကိုတော့ အကုသိုလ်လို့ မဆိုလိုပါဘူးနော်။ ဘီယာလေး၊ အရက်လေးနဲ့ တွဲမြည်းမှ အကုသိုလ်လို့ ဆိုလိုတာပါ။

သူတော်ကောင်းဓာတ်ခံ မရှိတဲ့သူတွေကျတော့ သူများအကုသိုလ်ပြုတာမြင်ရင် အားကျတယ်။ ကိုယ်လည်း သူလို အကုသိုလ်အလုပ် လိုက်လုပ်ချင်တယ်။ သူများပျော်ရင် ကိုယ်လည်း လိုက်ပျော်ချင်၊ သူများဖြုန်းရင် ကိုယ်လည်း လိုက်ဖြုန်းချင်ပေါ့။ သူများလုပ်သလို လိုက်လုပ်မှ ခေတ်မီတယ်၊ ယောကျ်ားပီသတယ်၊ မိန်းမပီသတယ် ထင်နေကြတာကိုး။

အရက်မသောက်၊ ဘီယာမသောက်ရင်ပဲ ယောကျ်ားမပီသသလိုလို တချို့က ထင်နေကြတာလေ။ အရက်၊ ဘီယာသောက်တာချင်းအတူတူတောင်မှ သူများသောက်သလောက် သောက်နိုင်မှ၊ သူများထက် ခွက်ပိုသောက်နိုင်မှ လူစွမ်းကောင်းလို့ တလွဲဂုဏ်ယူနေတတ်ကြတာလေ။

ကိုယ့်ဘာသာကိုယ် ဘီယာသောက်တာ အကုသိုလ်ပြုတယ်လို့တော့ ဘယ်သူမှ ထင်မှာမဟုတ်ဘူးနော်။

http://www.dhammadownload.com

ဘီယာသောက်တယ်ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။ အကုသိုလ်ပဲ။ ငါးပါးသီလရဲ့ သိက္ခာပုဒ်ငါးခုထဲက သုရာ-မေရယထဲမှာ ပါတာပဲ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ . . . ဆိုပြီးတော့ ဆောက်တည်လိုက်တာ။ အဲဒီထဲမှာ လူတွေထင်တာက အရက်သောက်မှ သု-ရာမေရယလို့ ထင်တာ။ ဘီယာသောက်တာလည်း သုရာ-မေရယထဲပါတာပဲ။ 'ဘီယာဆိုတာ အရက်မဟုတ်ပါ' ဆိုပြီးတော့ တချို့ကလည်း မကြော်ငြာဘူးလား။ ကြော်ငြာတယ်။ ဒါ မုသာဝါဒပဲ။ ဘီယာဆိုတာလည်း အရက်တစ်မျိုးပါပဲ။ အရက်အပျော့စားလို့ ပြောရမှာပေါ့။ ဘီယာမှာလည်း အယ်လ်ကိုဟောရာခိုင်နှုန်း အနည်းငယ်ပါတာပဲ။ အရက်လောက်တော့ အယ်လ်ကိုဟော ရာခိုင်နှုန်းမများဘူးပေါ့လေ။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဆိုတဲ့နေရာမှာ လူတွေက သုရာမေရယမှာတွင် ရပ်ထားလိုက်လို့။ သုရာဆိုတာက သေရည်ပေါ့။ မေရယ ဆိုတာက အရက်။ မဇ္ဇဆိုတာက မူးယစ်တာ။ ပမာဒဆိုတာက မေ့တာ။ ဋ္ဌာနဆိုတာက အကြောင်း။ သေရည်အရက်ရဲ့ နာမဝိသေသနဖြစ်တဲ့ 'မဇ္ဇပမာဒဋ္ဌာန' က နောက်နားလေး ရောက်နေတာ။

http://www.dhammadownload.com

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ - မူးယစ်ခြင်း၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ၊ ဝေရမဏီ ဆိုတာက ရှောင်ကြဉ်တာပေါ့။

'သုရာမေရယ' ဆိုတဲ့ သေရည်၊ အရက်ဟာ 'မဇ္ဇ-ပမာဒဋ္ဌာန - မူးယစ်ခြင်း၊ မေ့လျော့ခြင်းရဲ့ အကြောင်း' ပါပဲ။ ပေါင်းထားတာကို ခွဲပြောရင် မဇ္ဇဋ္ဌာန - မူးယစ်ခြင်းရဲ့အကြောင်း၊ ပမာဒဋ္ဌာန - မေ့လျော့ခြင်းရဲ့အကြောင်း။

အဲဒီတော့ ဘီယာသောက်ရင်လည်း မမူးဘူးလား။ အရက်လောက်တော့ မူးချင်မှ မူးမှာပေါ့လေ။ ခံနိုင်ရည်မရှိတဲ့သူဆိုရင်တော့ အရက်သောက်သလိုကို မူးတာပါပဲ။ ခံနိုင်ရည်ရှိတဲ့သူလည်း များများသောက်ရင်တော့ မူးမှာပါပဲ။

ကျန်းမာရေး ဒေါင်ဒေါင်မြည်နေလို့၊ အလေ့အကျင့် အားကောင်းနေလို့ မမူးဘူးပဲထားဦး။ မေ့တော့ မမေ့ဘူးလား။ အဲဒီ အခိုက်အတန့်မှာ ဘာကုသိုလ်မှ သတိမရတော့ဘူး။ ဘီယာသောက်ရင်းနဲ့ သောက်တယ် သောက်တယ်လို့ မှတ်တဲ့ပုဂ္ဂိုလ် ဘယ်နှယောက်များရှိတုံး။ မရှိပါဘူး။

ဘီယာခွက်ကိုင်ပြီးတော့ မြတ်စွာဘုရားအား လှူဒါန်းပါ၏လို့ လှူတဲ့ပုဂ္ဂိုလ် ဘယ်နှယောက်များရှိတုံး။ ဘုရား

http://www.dhammadownload.com

ကို ဘီယာသွားကပ်လို့ ဘယ်ဖြစ်မှာတုံးနော်။ ဒါပေမဲ့ တချို့ ကိုကြီးကျော်ကပ်တဲ့သူတော့ ရှိပါတယ်။ အရက်သောက်ခါနီး အရက်ခွက်ကလေး ငှဲ့ပြီးတော့ ကိုကြီးကျော်အား ပူဇော်ပသပါ၏။ အရက်သမားအချင်းချင်းတော့လည်း မပူဇော်ဘူးလား။ ပူဇော်တာပေါ့။ ကိုကြီးကျော်ကလည်း အရက်သမားပဲဥစ္စာ။

လူတွေက နတ်ဆိုပြီးတော့ ကိုးကွယ်နေတာ။ အမှန်ကတော့ နတ်မဟုတ်ဘူးနော်။ ကိုကြီးကျော်ကို နတ်လို့ပဲ ပြောကြတာပဲ။ အမှန်ကတော့ ပြိတ္တာပဲ။ လူတွေနဲ့ အနီးစပ်ဆုံးစကားနဲ့ ပြောတော့ သရဲပေါ့။ တစ္ဆေပေါ့နော်။ ကိုကြီးကျော် ကိုးကွယ်တယ်ဆိုတာ နတ်ကိုးကွယ်တာလား၊ တစ္ဆေကိုးကွယ်တာလား။ တစ္ဆေ ကိုးကွယ်တာနော်။

တစ္ဆေ ဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံထဲမှာ ဘယ်ဘုံထဲပါလဲ။ ပြိတ္တာဘုံထဲပါတာ။ အပါယ်လေးဘုံသားနဲ့ လူနဲ့ ဘယ်သူက အောက်တန်းကျလဲ။ အပါယ်လေးဘုံသားက အောက်တန်းကျတယ်။ ကိုယ့်ထက်အောက်တန်းကျတဲ့ သတ္တဝါတစ်ဦးတစ်ယောက်ကို အထွတ်အမြတ်ထားပြီးတော့ ကိုးကွယ်ချင်သေးလား။

ပြိတ္တာကိုးကွယ်တာက တော်သေးတယ်၊ တချို့

http://www.dhammadownload.com

တိရစ္ဆာန်ကိုးကွယ်တာရော မရှိဘူးလား။ မပြောတော့ဘူး နော်။ ကိုယ့်ဘာသာကိုယ် သဘောပေါက်။ ကျွဲမကိုးကွယ် တာလေ။ နံကရိုင်းမယ်တော်ဆိုလား၊ ဘာဆိုလားပဲ။

အဲဒီလိုအားဖြင့်ပေါ့လေ။ သူများအကုသိုလ်ပြု တယ်ဆို ကိုယ်က လိုက်ပြုချင်တယ်။ သူများအကုသိုလ်လမ်း လျှောက်တယ်ဆို ကိုယ်လည်း လိုက်လျှောက်ချင်တယ်။ တို့ လည်းလိုက်မယ် ချန်မထားနဲ့။ ဒါက သူတော်ကောင်းဓာတ်ခံ မရှိတဲ့ပုဂ္ဂိုလ်။

သူတော်ကောင်းဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်ကျတော့ သူ များ ကုသိုလ်ပြုတယ်ဆို ကိုယ်က လိုက်ပြုချင်တယ်။ သူများ ကုသိုလ်လမ်းလျှောက်တယ်ဆို ကိုယ်လည်း လိုက်လျှောက် ချင်တယ်။ တို့လည်းလိုက်မယ် ချန်မထားနဲ့။

■

http://www.dhammadownload.com



## စိတ်အထားတူမှ ကုသိုလ်အသားတူမယ်

တချို့ကျတော့လည်း ကောက်ကျစ်တဲ့သဘော ပေါ့လေ။ 'ယောက်ျားလုပ်တဲ့ကုသိုလ် မိန်းမရတယ်၊ မိန်းမ လုပ်တဲ့ကုသိုလ် ယောက်ျားရတယ်' ဆိုပြီးတော့ ကုသိုလ်မပြု တော့ဘူး။

'ယောက်ျား သူ့ဘာသာသူ ကုသိုလ်ပြုနေတာပဲ။ ယောကျ်ားကုသိုလ်လုပ် မိန်းမလည်းရတယ်' ဆိုပြီးတော့ တချို့မိန်းမတွေက အလှပြင်တာနဲ့ စားတာသောက်တာ အိပ်တာနဲ့ပဲ အချိန်ကုန်တယ်။ ကုသိုလ်အလုပ် မလုပ်တော့ ဘူး . . . ။

'မိန်းမ သူ့ဘာသာသူ ကုသိုလ်ပြုနေတာပဲ၊ မိန်းမ

http://www.dhammadownload.com

ကုသိုလ်လုပ် ယောကျ်ားလည်းရတယ်' ဆိုပြီးတော့ တချို့ ယောကျ်ားတွေကလည်း ကုသိုလ်အလုပ် မလုပ်တော့ဘဲနဲ့ အရက်သောက်၊ ဖဲရိုက်၊ လေပန်း၊ လျှောက်လည်နဲ့ပဲ အချိန်ကုန်တယ်။

တကယ်တော့ ယောကျ်ားကုသိုလ်လုပ်တိုင်း မိန်းမ မရပါဘူး။ မိန်းမကုသိုလ်လုပ်တိုင်း ယောကျ်ားမရပါဘူး။ စိတ်တူကိုယ်တူ ပြုကြတယ်ဆိုရင်သာ ဇနီးခင်ပွန်းနှစ်ယောက်ပြုကြတဲ့ကုသိုလ်တွေ တူတာ။ မယ်လှူတော့လည်း မောင်ကြည်ဖြူ၊ မောင်လှူတော့လည်း မယ်ကျေနပ်ဆိုတာမျိုး။

တစ်ယောက်ကွယ်ရာမှာ တစ်ယောက်ပြုတဲ့ ကုသိုလ်ကို ကျန်တစ်ယောက်က သိတဲ့အခါ ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်ဆိုရင် ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ကျန်တစ်ယောက်လည်း ကိုယ်တိုင်ပြုသူနဲ့ ထပ်တူကုသိုလ်ရပါတယ်။

သူများပြုတဲ့ကုသိုလ် ကိုယ်ရတယ်ဆိုတာက သူလည်း ကုသိုလ်ကောင်းမှုပြုတယ်၊ ကိုယ်လည်း ကုသိုလ်ကောင်းမှုပြုတယ်။ ကိုယ့်မှာ ကုသိုလ်ကောင်းမှုပြုချင်တဲ့ စိတ်ဓာတ်လည်း ရှိတယ်။ တကယ်လက်တွေ့လည်းပဲ ကုသိုလ်ကောင်းမှုကို ပြုနေတယ်။ ဒါပေမဲ့ တချို့ ကုသိုလ်

http://www.dhammadownload.com

ကောင်းမှုတွေမှာ ကိုယ်ကိုယ်တိုင် လိုက်ပါလို့ မဖြစ်ဘူး။

အဲဒီအခါမှာ ခင်ပွန်းဖြစ်သူက ကုသိုလ်ကောင်းမှု ပြုတယ်။ ကိုယ်ကိုယ်တိုင် လိုက်မပါနိုင်ပေမယ့် စိတ်ကတော့ ခင်ပွန်းသည်ပြုတဲ့ကုသိုလ်မှာ ထပ်တူထပ်မျှ လိုက်ပါသွားတယ်။ အဲဒီလိုဆိုရင်တော့ ယောကျ်ားပြုတဲ့ကုသိုလ် မိန်းမလည်း ရမှာပေါ့။ မိန်းမပြုတဲ့ကုသိုလ်လည်း နည်းတူပါပဲ။

ဟိုမောင်ပုဏ္ဏတို့ မယ်ပုဏ္ဏတို့ လှူတာတွေ ကြားဖူးတယ် မဟုတ်လား။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို မောင်ပုဏ္ဏက လယ်ထဲမှာ ဘာလှူလဲ။ မျက်နှာသစ်ဖို့အတွက် ရေနဲ့ တံပူနဲ့လားနော်။ အဲဒီလို လှူတယ်လေ။

နောက် မယ်ပုဏ္ဏကတော့ ဘာလှူတုံး။ မောင်ပုဏ္ဏအတွက် ဆိုပြီးတော့ စားဖို့ထည့်လာတဲ့ ထမင်းတွေ လမ်းတစ်ဝက်ကနေ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို လှူလိုက်တယ်။ မောင်ပုဏ္ဏဆီရောက်တော့ မောင်ပုဏ္ဏစားရမယ့် ထမင်း မရှိတော့ဘူး။ ဒါနဲ့ ခပ်လှမ်းလှမ်းကနေ ပြောလိုက်တယ်။

'ဒီနေ့ ရဟန္တာအရှင်မြတ်ကြီးကို မောင်စားမယ့် ထမင်းတွေ လှူခဲ့ပါတယ်။ သာဓုခေါ်ပါ'

ဟိုကလည်း ထပ်တူထပ်မျှ သာဓုခေါ်တာပဲ။ ကိုယ့်ရှေ့မှာ ထမင်းထုပ် မရှိလို့သာ အရှင်မြတ်ကြီးကို ကိုယ်တိုင်

http://www.dhammadownload.com

ထမင်းမလှူလိုက်ရတာ။ တကယ်တမ်းကျတော့ ကိုယ့်ရှေ့မှာသာ ထမင်းထုပ်ရှိရင် ကိုယ်တိုင်လည်း လှူချင်တဲ့စိတ်တွေ မရှိဘူးလား။ ရှိတယ်။

တကယ်လို့ အလှူခံပုဂ္ဂိုလ်လည်း ရှိတယ်၊ ထမင်းထုပ်လည်း ရှိတယ်ဆိုရင် ကိုယ်ထိလက်ရောက် တကယ်ကို သူလှူမှာ။ ဒါပေမဲ့ သူ့ရှေ့မှာ ထမင်းထုပ်မရှိလို့သာ သူမလှူလိုက်ရတာ။ မယားရဲ့လက်ထဲမှာကျတော့ လှူဖွယ်ဝတ္ထုရှိတယ်။ အလှူခံလည်း တွေ့တယ်။ အဲဒီမှာ ဆိုက်ဆိုက်မြိုက်မြိုက် လှူဒါန်းလိုက်တယ်။ အခု သူက သာဓုခေါ်တယ်။ စိတ်ထဲက ထပ်တူထပ်မျှ ဖြစ်မနေဘူးလား။ ဖြစ်နေတယ်။

အခြေအနေအရ တစ်ယောက်တစ်ကွဲဖြစ်နေလို့သာ သူ မပြုဖြစ်တာ။ သူကိုယ်တိုင် ထမင်းထုပ်မလှူလိုက်ရတာ။ မောင်ပုဏ္ဏလှူတဲ့ ရေနဲ့ တံပူကုသိုလ်ကိုလည်း မယ်ပုဏ္ဏက သာဓုခေါ်လို့၊ ဝမ်းမြောက်လို့။

တစ်ယောက်တစ်နေရာစီ ဖြစ်နေပေမယ့် ယောက်ျားပြုတဲ့ကုသိုလ် မိန်းမက သာဓုခေါ်လို့၊ မိန်းမပြုတဲ့ ကုသိုလ် ယောက်ျားက သာဓုခေါ်လို့။ အဲဒီလိုမျိုး စိတ်တူကိုယ်တူ ပြုကြတဲ့ကုသိုလ်မျိုးဆိုရင်သာ မောင်လှူတဲ့ ကုသိုလ် မယ်ရ၊ မယ်လှူတဲ့ကုသိုလ် မောင်ရ။ မောင်နဲ့မယ် နှစ်ယောက်လုံး ကုသိုလ်တွေ အတူတူရကြတာပါ။

http://www.dhammadownload.com

လက်ထပ်ထိမ်းမြားပြီးပြီဆိုကတည်းကိုက ပစ္စည်းဥစ္စာတွေ အကုန်လုံး နှစ်ဦးမပိုင်ဘူးလား။ နှစ်ဦးလုံးပိုင်တာပဲ။ နှစ်ဦးလုံးပိုင်တဲ့ပစ္စည်းတွေဆိုတော့ တစ်ယောက်ကလှူလိုက်ရင် သဘာဝအရ နောက်တစ်ယောက်က ရရမှာပဲ။ ဒါက စိတ်ချင်းထပ်တူထပ်မျှဆိုရင်တော့ တစ်ယောက်လှူရင် နောက်တစ်ယောက်လည်း ရတယ်။ ရတယ်ဆိုတာ တောင်မှ မသိရင် မရပါဘူး။

ဆိုပါတော့။ ယောကျ်ားက ရွှေတိဂုံစေတီတော်မှာ သွားပြီးတော့ လှူခဲ့တယ်။ မိန်းမက ပဲခူးမှာ နေခဲ့တယ်။ ယောကျ်ားလှူမှန်းလည်း ကိုယ်မသိဘူးဆိုရင်တော့ ကုသိုလ်ရပ့်မလား။ အလိုလိုနေရင်း မရဘူးနော်။ ယောကျ်ားလှူတဲ့ကုသိုလ် အလိုလိုနေရင်း ခုတ်ဆက်ပြီးတော့ မိန်းမမှာ ရမသွားပါဘူး။

ယောကျ်ားက ရန်ကုန်ကနေ ပြန်လာတော့မှ 'မိန်းမရေ . . . ငါတော့ ရွှေတိဂုံဘုရားမှာ ဘာတွေဘယ်လိုလှူခဲ့တယ်'။ 'ဝမ်းမြောက်လိုက်တာမောင်ရယ်' ဆိုပြီးတော့ ထပ်တူထပ်မျှ စိတ်ထားနိုင်တယ်ဆိုရင်တော့ ယောကျ်ားလှူတဲ့ကုသိုလ် မိန်းမက သိသွားတာနဲ့ တစ်ပြိုင်နက် ကိုယ်ကိုယ်တိုင် လက်နဲ့လှူလိုက်ရသလို ဝမ်းမြောက်ဝမ်းသာဖြစ်တယ်ဆိုရင်တော့ မိန်းမလည်းပဲ ကုသိုလ်ရပါတယ်။

http://www.dhammadownload.com

တခြား မကြည့်နဲ့ပေါ့လေ။ မဃဝတ္တုတော့ ကြား ဖူးတယ် မဟုတ်လား။ လမ်းဖောက်၊ တံတားဆောက်တာ လေ။ ဇရပ်တွေဘာတွေ လှူတာ။ သိကြားမင်းရဲ့ အရင်ဘဝ ကပေါ့။ သူနဲ့တကွ သူငယ်ချင်း သုံးဆယ့်သုံးယောက် တံ တားတွေဆောက်၊ လမ်းတွေ ဖောက်၊ ဇရပ်တွေလုပ်၊ သန့် ရှင်းရေးတွေလုပ်၊ အများအကျိုးပြု ပရဟိတအလုပ်တွေ လုပ်၊ ကိုယ့်ဇရပ်မှာလာတဲ့ ဧည့်သည်တွေကို အိမ်ခေါ်ပြီး တော့ စားစရာ၊ ဝတ်စရာတွေပေး၊ ပြုစု စသည်အားဖြင့် ကုသိုလ်ကောင်းမှုတွေ ပြုကြတာ။

အဲဒီမှာ မဃ၊ မြန်မာလိုပြောမယ်ဆိုရင်တော့ ဖိုး သိကြားပေါ့လေ။ ဖိုးသိကြားမှာက မိန်းမက ဘယ်နှ- ယောက် ရှိတာတုံး။ လေးယောက်။ ဘယ်သူတွေတုံး။ ဘာ တဲ့။ နန္ဒာရယ်၊ စိတ္တာရယ်၊ သုဓမ္မာရယ်၊ သုဇာရယ် မယား လေးယောက်ရှိတယ်။

အဲဒီမှာ မဃတို့အဖွဲ့က ငါတို့ထဲမှာ မိန်းမတွေရဲ့ ကုသိုလ်တွေ မပါစေရဘူး။ ယောကျ်ားတွေချည်းပဲ ကုသိုလ် ပြုမယ်။ တို့ကုသိုလ်ထဲ ဘယ်မိန်းမမှ မပါစေရဘူးဆိုပြီး တော့ ပြုကြတာပါပဲ။ အဲဒီမှာ သုဓမ္မာက ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ဆိုတော့ လက်သမားကို လာဘ်ထိုးပြီးတော့ ဇရပ်ရဲ့ မုခ်ဦး အထွတ်ကို သူကလှူတယ်။ အဲဒီအထွတ်မှာလည်းပဲ ဇရပ်

http://www.dhammadownload.com

နာမည်တောင်မှ တပ်လိုက်သေးတယ်။ 'သုဓမ္မာ' ဆိုပြီးတော့ ပေါ့။

နောက်ဆုံး ဇရပ်မုခ်ဦးအထွတ်တင်တော့မယ်နေ့ ကျမှ မယတို့က သိတယ်။ ဒီနေ့ကျမှ သစ်နဲ့ မုခ်ဦးအထွတ်ကို လုပ်မယ်ဆိုရင်လည်း ဘယ်လိုမှ အဆင်မပြေဘူး။ ကြာရှည်အခြောက်ခံထားတဲ့ အထွတ်နဲ့မှ အဆင်ပြေတယ်။ အထွတ်လုပ်ပြီးတော့လည်း အခြောက်ခံထားတာနဲ့မှ အဆင်ပြေမယ်ဆိုတော့ နောက်ဆုံးလက်လျှော့ပြီးတော့ သုဓမ္မာကို ကုသိုလ်ပါဝင်ခွင့် ပေးလိုက်ရတယ်။

လက်သမားဆရာကြီးကလည်း ပြောတယ်။ ဖြဟ္မာ့ပြည်ကလွဲရင် မိန်းမနဲ့ ကင်းကွာတဲ့ ဘုံဌာနဆိုတာ မရှိပါဘူး။ ဒါ့ကြောင့် မိန်းမတွေ ကုသိုလ်ပါဝင်ခွင့် မပြုရဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်လိုက်ပါ။ ဒီလိုပြောတာနဲ့ မယတို့လည်း လျှော့လိုက်တာပေါ့လေ။

အဲဒါနဲ့ မယားကြီးဖြစ်တဲ့ သုဓမ္မာက မုခ်ဦးအထွတ်မှာ ကုသိုလ်ပါဝင်ခွင့်ရသွားတယ်။ မုခ်ဦးအထွတ်မှာ 'သုဓမ္မာ' လို့ နာမည်တပ်ထားတဲ့အတွက် ဇရပ်ရဲ့ နာမည်က 'သုဓမ္မာဇရပ်' ဖြစ်သွားတာပေါ့။

နောက်ပိုင်းကျတော့ သုဓမ္မာကို အတုယူပြီးတော့ နန္ဒာတို့၊ စိတ္တာတို့ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့'

http://www.dhammadownload.com

ဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ်နဲ့ ကုသိုလ်ဝင်ပါကြတယ်။ နန္ဒာက ရေကန်လှူတယ်၊ စိတ္တာက ပန်းဥယျာဉ်ကြီးလှူတယ်။

အငယ်ဆုံးဖြစ်တဲ့ သုဇာကတော့ 'ယောက်ျားလုပ်တဲ့ကုသိုလ် မိန်းမရတယ်။ မိန်းမလုပ်တဲ့ကုသိုလ် ယောက်ျားရတယ်။ သူနဲ့ငါနဲ့ လင်မယားဆိုတော့ သူကုသိုလ်လုပ်ရင် ငါလည်းပဲ ကုသိုလ်ရတယ်' ဆိုပြီးတော့ ဘာကုသိုလ်မှ ဝင်မပါဘူး။ အိမ်မှာနေပြီးတော့ တစ်နေ့လုံး အလှပြင်တာနဲ့၊ စားတာအိပ်တာနဲ့ပဲ အချိန်ဖြုန်းနေတယ်။ ဒီကုသိုလ်ထဲမှာ လုံးဝ ဝင်မပါဘူး။

သူတို့တွေ သေလွန်သွားတဲ့အခါကျတော့ မဃတို့ သူငယ်ချင်း သုံးဆယ့်သုံးယောက်ကလည်း တာဝတိံသာနတ်ပြည်မှာ နတ်သားကြီးတွေ ဖြစ်တယ်။ မဃကတော့ သိကြားမင်းကြီးဖြစ်တာပေါ့လေ။ ကျန်တဲ့သူငယ်ချင်း သုံးဆယ့်နှစ်ယောက်ကလည်း နတ်သားကြီးတွေ ဖြစ်ကြတယ်။

သုဓမ္မာကလည်း မိဖုရားကြီးဖြစ်ပြီးတော့ သုဓမ္မာဇရပ်ကြီးကို ပိုင်ဆိုင်တယ်။ နန္ဒာကလည်း သိကြားမင်းရဲ့ မိဖုရားကြီး နတ်သမီးဖြစ်ပြီးတော့ နန္ဒာရေကန်ကြီးကို ပိုင်ဆိုင်တယ်။ သူက ရေကန်လှူခဲ့တာကိုးနော်။ စိတ္တာကလည်း စိတ္တလတာဥယျာဉ်ဆိုပြီးတော့ ပန်းဥယျာဉ်ကြီးပိုင်ဆိုင်တဲ့

http://www.dhammadownload.com

သိကြားမင်းရဲ့ မိဖုရားကြီးဖြစ်တယ်။

ဟိုအငယ်မလေးဖြစ်တဲ့ သုဇာကတော့ ယောက်ျား လုပ်တဲ့ကုသိုလ် မိန်းမရတာပဲ ဆိုတဲ့ အတွေးအခေါ်ကြီးနဲ့ ဘာကုသိုလ်မှ ဝင်မပါခဲ့တဲ့အတွက် သေသွားတဲ့အခါ ဘာဖြစ်သွားတုံး။ တောင်ကြားတစ်ခုထဲက ရေကန်စပ်မှာ ဗျိုင်းမ, သွားဖြစ်တယ်။ ကဲ - ယောက်ျားလုပ်တဲ့ကုသိုလ် မိန်းမက အလိုလိုရရဲ့လား။ မရဘူးနော်။ အလွယ်တကူ မပြောကြနဲ့။ စိတ်တူကိုယ်တူဖြစ်မှ ရတာပါ။

■

http://www.dhammadownload.com



## ကိုယ်လုပ်သလောက်ပဲ ကိုယ်ရတာပါ

တချို့ကလည်း ကောက်ကျစ်တဲ့သဘောပေါ့လေ။ သူများလုပ်တဲ့ကုသိုလ် သာဓုခေါ်ရင် ကုသိုလ်ထပ်တူထပ်မျှ ရတယ်လို့ မဆိုကြဘူးလား။ ဆိုကြတယ်။ အမျှဝေကတည်းကိုက 'ထပ်တူထပ်မျှ ရကြပါစေ' ဆိုပြီးတော့ ဝေတာလေ။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ ဆိုတော့ ကိုယ်က သာဓုခေါ်တာကိုး။ 'ထပ်တူထပ်မျှ ပေးဝေငှပါကုန်၏' နဲ့ ဆိုပြီးတော့ ရေစက်ချတွေမှာ ဆိုကြတာလေ။

အဲဒါကောက်ကျစ်တဲ့သူက သူများပြုတဲ့ကုသိုလ် ထိုင်သာဓုခေါ်နေရင်လည်း ကိုယ်ရတာပဲ ဆိုပြီးတော့ ဘာကုသိုလ်မှ မလုပ်တော့ဘူး။ သူများပြုတဲ့ကုသိုလ်ပဲ အချောင်

http://www.dhammadownload.com

သာခုခေါ်တော့တာပေါ့။ အမှန်ကတော့ သူများပြုတဲ့ ကု-သိုလ် ထိုင်သာခုခေါ်နေရင်လည်း ရတာပဲဆိုပြီးတော့ ဘာကုသိုလ်မှ မလုပ်တဲ့ပုဂ္ဂိုလ်က တကယ်လည်း သာခုမခေါ်ဖြစ်ပါဘူး။

စကားအရသာ စကားအနိုင်ပိုင်းချင်လို့ သူများပြုတဲ့ကုသိုလ် သာခုခေါ်လည်းပဲ ကိုယ်ကုသိုလ် ထပ်တူထပ်မျှရတာပဲလို့ ပြောတာ။ သူလည်း မခေါ်ဖြစ်ပါဘူး။ တကယ်လို့ ခေါ်ဖြစ်တယ်ဆိုရင်လည်း သူ့ရဲ့ သာခုဟာ ပါးစပ်ဖျားသာခုပဲ ဖြစ်မှာပါ။ နှလုံးသားသာခုတော့ မဖြစ်နိုင်ပါဘူး။

သာခုခေါ်တာက ပါးစပ်ဖျားသာခုရယ်၊ နှလုံးသားသာခုရယ်လို့ နှစ်မျိုးရှိပါတယ်။ ပါးစပ်ဖျားသာခုကတော့ ကိုယ်ကိုယ်တိုင်လည်း ဘာကုသိုလ်မှ ပြုချင်တဲ့စိတ် မရှိပါဘူး။ လက်တွေ့လည်း ဘာကုသိုလ်မှ မပြုဘူး။ သူများပြုတဲ့ကုသိုလ် သာခုခေါ်ရင်လည်း ထပ်တူထပ်မျှရတာပဲ ဆိုပြီးတော့ တစ်ခါတစ်ရံ သတိရတဲ့အခါကျမှသာ သာခုခေါ်တယ်။ သာခု သာခု သာခု ပေါ့လေ။ ဒါပေမဲ့ ရင်ထဲကမပါဘူး။ အဲဒီသာခုက 'ပါးစပ်ဖျားသာခု' ပါ။

ကိုယ်ကိုယ်တိုင်ကမှ ကုသိုလ်လုပ်ချင်တဲ့စိတ် မရှိတဲ့နောက်တော့ သူများပြုတဲ့ကုသိုလ်ကို သာခုခေါ်ပြီးတော့ ကုသိုလ်ယူချင်တဲ့စိတ်ရော ရှိပါ့မလား။ မရှိဘူး။ အပေါ်ယံ

http://www.dhammadownload.com

ပါးစပ်ဖျားလေးကသာ လျှောက်ပြောတာ။ အဲဒီတော့ သူ ခေါ်တဲ့သာဓုကလည်း နှလုံးသားထဲက၊ ရင်ထဲက မပါတဲ့ အတွက်ကြောင့်၊ ပါးစပ်ဖျားလေးနဲ့ပဲ ခေါ်တာဖြစ်တဲ့ အတွက်ကြောင့် သူများပြုတဲ့ကုသိုလ်ကို မရနိုင်ပါဘူး။ ထပ်တူထပ်မျှ မရနိုင်ပါဘူး။ စကားအရသာ ထပ်တူထပ်မျှလို့ ပြောတာနော်။

ဒါပေမဲ့ နှလုံးသားသာဓုကျတော့ ထပ်တူထပ်မျှ ရနိုင်ပါတယ်။ နှလုံးသားသာဓုသမားက ကိုယ်ကိုယ်တိုင်လည်း ကုသိုလ်ပြုချင်စိတ်ရှိတယ်။ လက်တွေ့လည်း ကုသိုလ်ကောင်းမှုတွေ ပြုနေတယ်။ ကိုယ့်လိုစိတ်ဓာတ် ရှိပြီးတော့ ကိုယ့်လိုလုပ်ရပ်ရှိတဲ့ တခြားကုသိုလ်ရှင်တွေ ပြုတဲ့ကုသိုလ်တွေကိုလည်း ကိုယ်ကိုယ်တိုင်ပြုရသလိုကို ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်တယ်။ ရင်ထဲ၊ နှလုံးထဲကနေ လှိုက်လှိုက်လှဲ့လှဲ့ခေါ်တဲ့ အဲဒီသာဓုကို 'နှလုံးသားသာဓု' လို့ ခေါ်ပါတယ်။

သာဓု သာဓုနဲ့ ပါးစပ်က ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေပါ။ ကိုယ့်စိတ်ထဲက သူများကုသိုလ်တွေပြုနေတာမြင်ရင် ပျော်လို့၊ ကျေနပ်လို့၊ ဝမ်းမြောက်လို့၊ ကိုယ်ကိုယ်တိုင် ကုသိုလ်ပြုလိုက်ရသလိုကို ခံစားလိုက်ရတယ်။ အဲဒီလို နှလုံးသားသာဓုသမားကတော့ သူများပြုတဲ့ကုသိုလ်ကို ထပ်တူထပ်မျှ ရနိုင်ပါတယ်။

http://www.dhammadownload.com

ထပ်တူထပ်မျှ ဆိုပေမယ့်လည်း စကားအရ ပြောတာပါ။ နေရာတိုင်း ထပ်တူထပ်မျှကတော့ မလွယ်ဘူးနော်။ အဲဒီတော့ ပါးစပ်ဖျားသာခုကတော့ အားမကိုးလောက်ပါဘူး။ နှလုံးသားသာခုကမှ အားကိုးရတာပါ။

နောက်ပိုင်းတော့လည်း ဗျိုင်းမဆီ သိကြားမင်းကြီးကိုယ်တိုင် ဆင်းလာပြီးတော့ သူတို့တွေ ဘယ်ဘုံမှာရောက်နေကြတယ်ဆိုတာ ပြောပြ။ 'သင်လည်းပဲ မရောက်ချင်ဘူးလား' လို့မေး။ 'ရောက်ချင်တယ်' ဆိုတော့ 'ရောက်ချင်ရင်သင်ငါးပါးသီလ လုံအောင်ထိန်းပါ' လို့ပြောတော့ ဗျိုင်းမလေးက ငါးပါးသီလကို လုံအောင် ထိန်းတယ်။

အလိုလိုသေတဲ့ငါးကိုပဲ စားတယ်။ ရှင်နေတဲ့ငါးကိုမစားဘူး။ သိကြားမင်းကြီးကလည်း ငါးသေယောင်ဆောင်ပြီးတော့ လာစမ်းသပ်သေးတယ်။ ဗျိုင်းမလေးက ငါးအသေမှတ်ပြီးတော့ စားဖို့ ပါးစပ်ထဲထည့်မယ်လုပ်တော့မှ ငါးအမြီးလေးကလှုပ်တော့ ပြန်လွှတ်လိုက်တယ်။ မစားတော့ဘူး။ သုံးကြိမ်တိုင်တိုင် လာပြီးတော့ စမ်းသပ်ပါတယ်။

မမေ့မလျော့နေဖို့ ဆက်ပြီးတော့ ကြိုးစားသွားဖို့ပြောတော့ အလိုလိုသေတဲ့ငါးဆိုတာက တစ်ခါတစ်ရံမှ ရမှာပေါ့။ အမြဲတမ်း ဘယ်ရနိုင်ပါ့မလဲ။ အဲဒါနဲ့ ပိန်လှီပြီးတော့ သေသွားရော။ နောက်ဘဝကျတော့ ဗာရာဏသီမှာ

http://www.dhammadownload.com

သူဌေးသမီးဖြစ်တယ်။ သူဌေးသမီးဘဝမှာလည်း ငါးပါးသီလကို အကြွင်းမဲ့ လုံခြုံအောင် စောင့်ထိန်းတယ်။ ပုထုဇဉ်ဘဝမှာပဲ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပါတယ်။

အဲဒီနောက်ဘဝကျတော့မှ သိကြားမင်းရဲ့ မိဖုရား သုဇာတာ ပြန်လာဖြစ်တာပေါ့။ ငယ်ငယ်တုန်းက ကြားဖူးပါတယ်။ 'မိဆိုး' ဆိုတာလေ။ 'အဆိုးလေးမို့ကွယ် ပိုချစ်တယ်' ဆိုတာ မရှိဘူးလား။ သိကြားမင်းကြီးကလည်း အဆိုးလေးမို့ ပိုချစ်တယ် ထင်ပါတယ်။ မိဖုရား သုဇာတာကို အချစ်ဆုံးနော်။

လူ့ဘဝတုန်းက သူ ကုသိုလ်မပါဘူး။ အလှချည်းပဲ ပြင်နေတာ။ ဒါပေမဲ့လို့ ဗျိုင်းမလေးဖြစ်သွားတယ်ဆိုတော့ သူက သနားတာပေါ့။ ကျန်တဲ့မိဖုရားတွေက နတ်မိဖုရားတွေ ဖြစ်နေပေမယ့် သူ့ခမျာ ဗျိုင်းမကြီးဖြစ်နေရရှာတယ်။ ငါးလည်း သေတာမှ စားတော့ ငတ်ငတ်ပြတ်ပြတ် ဖြစ်နေရရှာတယ်။ လူ့ဘဝရောက်တော့လည်း အမျိုးသမီးဖြစ်ရတော့ သနားတာပေါ့။ ဒါ့ကြောင့် သိကြားမင်းကြီးက မိဖုရားကြီး သုဇာတာကို သနားချစ်နဲ့ ပိုချစ်နေရတာပါ။

နောက်ပြီးတော့ သွားလေရာ သုဇာတာကိုပဲ ခေါ်တယ်။ ကျန်တဲ့မိဖုရားတွေကို မခေါ်ဘူးနော်။ လောကလူ့သဘာဝကလည်း ဒီအတိုင်းပဲ ထင်ပါတယ်။ အငယ်ဆုံးကို

http://www.dhammadownload.com

ပဲ ခေါ်ကြတာ မဟုတ်လား။

ဒါကြောင့် ပြောချင်တာကတော့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စိတ်ဓာတ်နဲ့ ကိုယ့်ရဲ့ ဇနီးခင်ပွန်းပဲဖြစ်ဖြစ်၊ ပြီးတော့ အဖေ၊ အမေ၊ ညီအစ်ကို၊ မောင်နှမ၊ မိတ်ဆွေပဲဖြစ်ဖြစ်၊ တခြားသူစိမ်းပဲဖြစ်ဖြစ် သူများတွေ ကုသိုလ်ကောင်းမှုပြုတာမြင်ရင်၊ ကြားရင်၊ သိရင် 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုရမယ်။

ကုသိုလ်ကောင်းမှုတွေ အများကြီးပြုထားတဲ့ ကုသိုလ်ရှင်နဲ့ သွေးသားတော်စပ်တိုင်း၊ ဆွေမျိုးတော်စပ်တိုင်း၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတော်စပ်တိုင်း ကိုယ့်မှာ ကုသိုလ်တွေ အလိုလိုရမသွားဘူး။ ကိုယ်ကိုယ်တိုင် ကုသိုလ်ပြုမှ ရတယ်။ အဲဒါကို သဘောပေါက်ပြီးတော့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စိတ်ဓာတ်နဲ့ ကုသိုလ်ကောင်းမှုတွေပြုဖို့ တိုက်တွန်းတာပါ။

ဒါ့ကြောင့် ဆိုလိုက်ပါ။

**ကုသိုလ်လမ်းမှာ၊ သူလျှောက်ရာ၊ ကပ်ကာလိုက်ရမည်။**

■

http://www.dhammadownload.com



## သံယောဇဉ်အခုလိုအကိုင်တတ်တော့
## — အမှန်သဘောဝင် ကုသိုလ်အပိုင်မြတ်တာပေါ့ —

ဦးဇင်းတို့ မြတ်စွာဘုရားအလောင်းတော် တောထွက်တဲ့အခါကျတော့ ယသော်ရောက တောထဲထိတော့ မလိုက်ဘူး။ ပထမတော့ ပူဆွေးသောကတွေ ဖြစ်တာပေါ့။ နောက်ပိုင်းတော့ မြတ်စွာဘုရားအလောင်းတော် တောထဲမှာ ကျင့်ကြံအားထုတ်နေတာတွေကို သူကြားသလောက် အတုလိုက်ပြီး ကျင့်ပါတယ်။

မြတ်စွာဘုရားအလောင်းတော် ဖန်ရည်စွန်းတဲ့ အညိုရောင်အဝတ်ပဲ ဝတ်တယ်ဆိုတာကြားတော့ သူလည်း နန်းတော်မှာ ဖန်ရည်စွန်းတဲ့ အညိုရောင်အဝတ်ပဲ ဝတ်တယ်။

http://www.dhammadownload.com

နန်းတော်မှာ ဘုရားသာသနာနဲ့ မတွေ့သေးဘူး ဆိုတော့ အဆင့်မြင့်တဲ့ ကျင့်စဉ်တွေတော့ မကျင့်နိုင်သေး ဘူးပေါ့လေ။ ဖန်ရည်စွန်းတဲ့ အဝတ်ကလေးဝတ်ပြီးတော့ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်လေး နေပါတယ်။ တို့လည်းလိုက်မယ် ချန်မထားနဲ့ဆိုတဲ့ စိတ်ဓာတ်နဲ့ ကုသိုလ် အတူပြုတာပါ။

မောင်တော်ဘုရားက တောထဲမှာ ဆွမ်းတစ်နပ်ပဲ စားတယ်ဆိုတာ ကြားတော့ သူလည်း နန်းတော်မှာ ထမင်း တစ်နပ်ပဲ စားတယ်။ အဲဒီလိုအားဖြင့်ပေါ့။ မောင်တော် ဘုရား တောထဲမှာ ကျင့်တာတွေကို ကြားသလောက်နဲ့ သူ ကလည်း နန်းတော်ထဲကနေ လိုက်ပြီးတော့ အတုကျင့် တယ်။ ဒါ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ သူတော် ကောင်းစိတ်ဓာတ်နဲ့ ကျင့်တာပါ။

တရားနာ ပရိသတ်များ မဟာကပ္ပိနမင်းဝတ္ထု ကြားဖူးတယ် မဟုတ်လား။ ဥဇ္ဇေနီပြည်မှာ မဟာကပ္ပိနမင်း နဲ့ အနောဇာဒေဝီ ဆိုတာရှိတယ်။ သူ့မှာလည်း အမတ် တစ်ထောင်ရှိတယ်။ အမတ်တစ်ထောင်မှာလည်း အမတ် ကတော် တစ်ထောင်ရှိတယ်။ အမတ်တစ်ထောင်က ရှင် ဘုရင်မဟုတ်ပေမယ့် ရှင်ဘုရင်စည်းစိမ်နဲ့ ထပ်တူထပ်မျှ ခံစားရတယ်။ အမတ်ကတော်တစ်ထောင်ကလည်း မိဖုရား

http://www.dhammadownload.com

ကြီးတွေ မဟုတ်ကြပေမယ့် မိဖုရားစည်းစိမ်နဲ့ ထပ်တူထပ်မျှ ခံစားကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေက ကုသိုလ်ကောင်းမှု အတူတူပြုခဲ့ကြလို့။

မဟာကပ္ပိနမင်းကြီးနဲ့ အနောဇာဒေဝီလောင်းလျာတို့က ကုသိုလ်လုပ်တယ်ဆိုရင် ကျန်တဲ့အမတ်တစ်ထောင်နဲ့ အမတ်ကတော် တစ်ထောင်လောင်းလျာတို့က လည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စိတ်ဓာတ်နဲ့ ကုသိုလ်ကောင်းမှုတွေ အတူပြုခဲ့ကြတယ်။

အဲဒီလို ကုသိုလ်ကောင်းမှုတွေ အတူပြုခဲ့ကြတဲ့ အတွက်ကြောင့် ဒီဘဝမှာ ရှင်ဘုရင်နဲ့ အမတ်၊ မိဖုရားနဲ့ အမတ်ကတော်ဆိုပြီးတော့ လူ့အဆင့်အတန်း လောကသတ်မှတ်ချက်အရ ကွဲပြားနေပေမယ့် စည်းစိမ်ချမ်းသာ ခံစားရတာကျတော့ အတူတူပဲ။ ရာထူးနာမည်အရ ကွဲပြားနေပေမယ့် စည်းစိမ်ချမ်းသာ ခံစားရတာကျတော့ အတူတူပဲ။ ထပ်တူထပ်မျှပဲ။

ဘယ်လိုကုသိုလ်တွေ အတူတူပြုခဲ့သလဲဆိုတော့ ပစ္စေကဗုဒ္ဓါလက်ထက်ပေါ့လေ။ ဘုရားတစ်ဆူနဲ့တစ်ဆူ အကြား ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ပွင့်ထွန်းတော်မူကြတဲ့ အချိန်မှာ သူတို့က ရက်ကန်းသည်ရွာမှာ ရက်ကန်းသည်တွေ ဖြစ်ကြတယ်။ ရက်ကန်းသည် ရွာသူကြီးခေါင်းဆောင်နဲ့

http://www.dhammadownload.com

ရက်ကန်းသည်မကြီးတို့က ပစ္စေကဗုဒ္ဓါတစ်ထောင်အတွက် ကျောင်းဆောက်ဖို့ တာဝန်ခံကြတယ်။

တစ်နေ့ကျတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေက ရှင်ဘုရင်ဆီ သွားပြီးတော့ ကျောင်းဆောက်ဖို့ လက်သမား တောင်းကြတာ ရှင်ဘုရင်က မေ့လျော့နေလို့ သူကြီး ကတော်က တွေ့တာနဲ့ . . .

'အရှင်ဘုရားတို့ ဘယ်ကြွကြွမလို့လဲ'

'ဒီလိုပဲ အဆင်ပြေတဲ့နေရာကို ကြွမလို့ပဲ'

'ဒါဆိုရင်တော့ တပည့်တော်တို့ ကျောင်းဆောက် ပြီးတော့ ကိုးကွယ်ပါရစေ။ တပည့်တော်တို့ရွာမှာ တစ်ဝါ လောက်တော့ သီတင်းသုံးပါ'

အဲဒါ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကလည်း လက်ခံ လိုက်တဲ့အတွက် သူတို့ကျောင်းဆောက်ကြတယ်။ သူတို့က နှိုးဆော်လိုက်တာပေါ့လေ။ ရက်ကန်းသည်သူကြီးနဲ့ ရက် ကန်းသည်သူကြီးကတော်တို့က . . .

'ငါတို့တော့ ပစ္စေကဗုဒ္ဓါတစ်ထောင်ကို ပင့်ခဲ့ပြီ။ အဲဒီတော့ ဆွမ်းလာကပ်ကြ'

ရွာလယ်မှာ စုပြီးတော့ ဆွမ်းတွေဘာတွေ ကပ်ကြ တယ်။ ဆွမ်းကပ်ပြီးတာနဲ့ . . .

'တစ်အိမ်ကို ယောကျ်ားတစ်ယောက် တောထဲ

http://www.dhammadownload.com

သွား၊ သစ်ဝါးတွေ ခုတ်ပြီးတော့ တစ်အိမ်ကို ကျောင်းတစ်ဆောင် ဆောက်ရမယ်'

အဲဒါနဲ့ အကုန်လုံး တောထဲမှာ သစ်ဝါးတွေ ရှာပြီးတော့ ကျောင်းဆောင်တစ်ခောင်စီ ဆောက်ကြတော့ ပစ္စေကဗုဒ္ဓါတစ်ပါးကို ကျောင်းတစ်ဆောင်နဲ့ ကျောင်းပေါင်းတစ်ထောင် ဖြစ်သွားတယ်။

ကိုယ့်ကျောင်းမှာ သီတင်းသုံးနေတဲ့ ပစ္စေကဗုဒ္ဓါကို ကိုယ့်အိမ်မှာ ဆွမ်းပင့်ပြီးတော့ လုပ်ကျွေးပြုစုကြတယ်။ အဲဒီလိုအားဖြင့် ပစ္စေကဗုဒ္ဓါပွင့်တဲ့လက်ထက်မှာလည်း ကျောင်းဆောက်တဲ့ကုသိုလ်တွေ၊ ဆွမ်းကပ်တဲ့ကုသိုလ်တွေ အတူတူပြုခဲ့ကြတယ်။

ကဿပဘုရားရှင်လက်ထက်မှာလည်း သူဌေးတွေ၊ သူဌေးကတော်တွေဖြစ်ကြတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ သီတင်းသုံးဖို့အတွက် ကျောင်းတွေ ဆောက်လုပ်လှူဒါန်းခဲ့ကြတယ်။ တစ်ဦးတည်းဆောက်တာ မဟုတ်ဘူး။ အတူတူ ကုသိုလ်ပါဝင်ပြီး ဆောက်ကြတာ။

တစ်ယောက်ကိုတစ်ဆောင် ဒီလို တာဝန်ယူတာ မဟုတ်ဘူး။ ဥပမာ ကျောင်းဆောင်ပေါင်း ငါးရာလောက် ဆောက်လှူကြတယ်၊ ဒီငါးရာအတွက် သိန်းပေါင်းတစ်ထောင် ကုန်ကျတယ်ဆိုရင် တစ်ယောက်ကို (စုံတွဲတစ်တွဲ

http://www.dhammadownload.com

ကို) တစ်သိန်းစီပေါ့။ သိန်းပေါင်းတစ်ထောင် ကုန်ကျတဲ့ ဒီအဆောက်အအုံ ငါးရာလုံးမှာ တစ်သိန်းအလှူရှင်အားလုံး ရဲ့ ကုသိုလ်တွေ အညီအမျှ ပျံ့နှံ့ပြီးတော့ ပါဝင်ပါတယ်။

အဲဒီလိုအားဖြင့်ပေါ့လေ။ ပဒုမုတ္တရ ဘုရားလက်ထက် မှာလည်း ကျောင်းတွေဆောက်ပြီးတော့၊ ဆွမ်းတွေ ကပ်ပြီး တော့၊ သင်္ကန်းတွေ လှူပြီးတော့ ကုသိုလ်ကောင်းမှုတွေ အတူပြုခဲ့ကြတယ်။ ကဿပဘုရားရှင်လက်ထက်မှာလည်း ကျောင်းတွေဆောက်၊ ဆွမ်းတွေကပ်၊ သင်္ကန်းတွေလှူ စ သည်အားဖြင့်၊ အခုလို တရားတွေနာ၊ ဝေယျာဝစ္စတွေလုပ် စသည်အားဖြင့် ဒီမိတ်ဆွေစုံတွဲတစ်ထောင်က၊ အမျိုးသား တစ်ထောင်၊ အမျိုးသမီးတစ်ထောင်က ကုသိုလ်ကောင်းမှု တွေကို အမြဲတမ်း အတူတူပြုခဲ့ကြတယ်။

ရှေ့သွားခေါင်းဆောင်က ကုသိုလ်ကောင်းမှုပြုဖို့ နှိုးဆော်ပြီပြော့ ဆိုတာနဲ့ နောက်ကပုဂ္ဂိုလ်တွေကလည်း 'တို့ လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စိတ်ဓာတ်နဲ့ ကုသိုလ် ကောင်းမှုတွေ အတူတူလိုက်ပြီးတော့ ပြုခဲ့ကြတယ်။ ကု သိုလ်ကောင်းမှုတွေ အတူတူပြုခဲ့ကြတဲ့အတွက်ကြောင့် သံ သရာမှာလည်း အတူတူ ကျင်လည်ခဲ့ကြရတယ်။

သံယောဇဉ်ဆိုတာလည်း ကိုင်တွယ်တတ်သူတွေ အတွက်တော့ ကုသိုလ်ဖြစ်ကြောင်း တွန်းအားတစ်ခုပါပဲ။

http://www.dhammadownload.com

ကိုယ့်စိတ်မှာသာ သူတော်ကောင်းဓာတ်ခံ အားကောင်းနေရင် သံယောဇဉ်ကြောင့်ပဲ ကုသိုလ်တရားတွေ တိုးပွားသွားနိုင်ပါတယ်။

■

http://www.dhammadownload.com



## သတင်းစစ်မှန်လေ အတွင်းအနှစ်ကျန်လေ

အခု မြတ်စွာဘုရားပွင့်တဲ့လက်ထက်ကျတော့ ဥဇ္ဇေနီတိုင်းပြည်မှာ ရှင်ဘုရင်ရယ်၊ မိဖုရားရယ်၊ အမတ်တစ်ထောင်ရယ်၊ အမတ်ကတော်တစ်ထောင်ရယ် ဖြစ်ကြတယ်။

တစ်နေ့ကျတော့ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်တစ်ထောင် ဥယျာဉ်မှာ ပျော်ပွဲစားထွက်သွားကြတဲ့အချိန်မှာ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးတဲ့ သာဝတ္ထိမြို့က ကုန်သည်ငါးရာနဲ့ လမ်းမှာတွေ့တယ်။

ဒါနဲ့ ရှင်ဘုရင်က မေးတယ်။

'အမောင်တို့ ပင်ပင်ပန်းပန်းနဲ့ ခရီးဝေးက လာခဲ့ကြတယ်နဲ့တူတယ်။ အမောင်တို့ လာခဲ့တဲ့ခရီးတစ်လျှောက်

http://www.dhammadownload.com

မှာ ဘာသတင်းထူးတွေများ ကြားခဲ့ကြသလဲ'

အဲဒီလိုမေးတော့ ကုန်သည်တွေက . . .

'ဘုရားရတနာ ပေါ်ပေါက်နေပါတယ်၊ တရားရတနာ ပေါ်ပေါက်နေပါတယ်၊ သံဃာရတနာ ပေါ်ပေါက်နေပါတယ်'

လို့ ပြောကြတယ်။ အဲဒီလိုပြောတော့ မဟာကပ္ပိနမင်းကြီး သိပ်ပြီးတော့ ပီတိတွေဖြစ်တယ်။ သိပ်ပြီးတော့ ကြည်ညိုတယ်။

ဘယ်လောက်အထိ ကြည်ညိုသလဲဆိုတော့ 'ဘုရားရတနာ ပွင့်ထွန်းပေါ်ပေါက်နေပါတယ်' ဆိုတဲ့ စကားလေး ကြားလိုက်တာနဲ့ ပီတိတွေ တစ်ကိုယ်လုံးပြည့်ပြီးတော့ ခဏမေ့သလို ဖြစ်သွားတယ်။ အမောင်ဘာပြောလိုက်တာလဲ။ ဘုရားရတနာ ပေါ်ပေါက်နေပါတယ်။ နှစ်ကြိမ်မေ့သွားပြန်တယ်။ အမောင်ဘာပြောလိုက်တာလဲ။ ဘုရားရတနာ ပွင့်ထွန်း ပေါ်ပေါက်နေပါတယ်။ သုံးကြိမ်မေ့သွားပြန်တယ်။

အမောင်ဘာပြောလိုက်တာလဲ။ ဘုရားရတနာ ပွင့်ထွန်းပေါ်ပေါက်နေပါတယ်။ လေးကြိမ်မြောက်ကျမှ သတိပြန်ပြီးတော့ ဆောက်တည်နိုင်တယ်။ မမေ့အောင် စိတ်ကို ထိန်းထားနိုင်တယ်။

'တရားရတနာ ပွင့်ထွန်းပေါ်ပေါက်နေပါတယ်'

http://www.dhammadownload.com

ဆိုတော့လည်း သုံးကြိမ်မေ့သွားတာပဲ။ 'သံဃာရတနာ ပွင့်ထွန်းပေါ်ပေါက်နေပါတယ်' ပြောတော့လည်း သုံးကြိမ်မေ့သွားတာပဲ။ နောက်ဆုံးကျတော့မှ ကိုယ့်စိတ်ကို ခိုင်မာအောင် ဆောက်တည်ပြီးတော့ . . .

'အမောင်တို့ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါး ပွင့်ထွန်းပေါ်ပေါက်နေတဲ့သတင်း ပေးတဲ့အတွက် ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်ပါရစေ'

သတင်းတစ်ပုဒ်ကို အသပြာတစ်သိန်းနှုန်းနဲ့ သုံးသိန်းပေးလိုက်တယ်။ ဒါပေမဲ့ လောလောဆယ် ပျော်ပွဲစားထွက်လာတာဆိုတော့ သုံးသိန်းကလည်း ပါမလာဘူးလေ။ မပါတော့ စာနဲ့ပဲ ရေးပေးလိုက်တယ်။

'မိဖုရားကြီး . . . အခုလာတဲ့ ကုန်သည်တွေကို အသပြာသုံးသိန်း ပေးလိုက်ပါ'

စာရေးပေးလိုက်ပြီးတော့ ကုန်သည်တွေကို မှာလိုက်တယ်။

'အမောင်တို့ . . . ၊ မိဖုရားကြီးကိုလည်း ဒီမင်္ဂလာသတင်းထူးသုံးခု ပြောပြလိုက်ပါ'

မဟာကပ္ပိနမင်းကြီးက ဒီဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါး ပွင့်ထွန်းပေါ်ပေါက်နေတယ်ဆိုတဲ့ သတင်းကြားတာနဲ့ ပီတိဖြစ်ပြီးတော့ ကြည်ညိုရုံတွင်မက

http://www.dhammadownload.com

ဘူး။ 'အဲဒီ ဘုရားကိုပဲ ရည်စူးပြီးတော့ ရဟန်းပြုတော့မယ်' လို့ ဆုံးဖြတ်လိုက်တယ်။ အမတ်တွေကို မေးတော့လည်း အမတ်တွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့'။

'အရှင်မင်းကြီး ရဟန်းပြုမယ်ဆိုရင် ကျွန်တော်မျိုး တို့လည်း လူဘောင် လူ့လောကမှာ မနေတော့ပါဘူး။ အရှင်မင်းကြီးနဲ့အတူ ရဟန်းပြုပါမယ်'

အားလုံး စိတ်တူကိုယ်တူဖြစ်သွားကြတဲ့အတွက် ကုန်သည်တွေကို မှာလိုက်တယ်။

'မိဖုရားကြီးနဲ့ အမတ်ကတော်တွေကို သွားပြော လိုက်ပါ။ ရှင်ဘုရင်ကြီးနဲ့ အမတ်တစ်ထောင်တော့ မြတ်စွာ ဘုရားကို ရည်စူးပြီးတော့ ရဟန်းပြုသွားကြပြီ။ မြတ်စွာ ဘုရားကို ဖူးဖို့၊ တရားနာဖို့ ထွက်ခွာသွားကြပြီ။ အဲဒီ သတင်းစကားလေး ပို့ပေးလိုက်ပါ'

အဲဒါနဲ့ ကုန်သည်ငါးရာလည်းပဲ နန်းတော် ရောက်။ နန်းတော်ရောက်ပြီးတော့ အကျိုးအကြောင်းကို ပြောပြတာပေါ့။ ပြောပြတော့ 'ဘုရားရတနာ ပေါ်ပေါက် နေပါတယ်'။ သူလည်းပဲ သုံးကြိမ်မေ့သွားပြီးတော့ လေးကြိမ် မြောက်ကျမှ စိတ်ကို ဆောက်တည်နိုင်တယ်။ တရားရတ- နာလည်း နည်းတူ၊ သံဃာရတနာလည်း နည်းတူပါပဲ။

'သင်တို့ဘုရင်ကြီးက ရတနာတစ်ပါးအတွက်

http://www.dhammadownload.com

တစ်သိန်းဆုချတယ်။ ရတနာသုံးပါးအတွက် သုံးသိန်းလေးနဲ့တော့ မထိုက်တန်သေးပါဘူး။ အဲဒီတော့ ဘုရားရတနာအတွက် ကျွန်မက သုံးသိန်းပေးပါတယ်။ တရားရတနာအတွက် သုံးသိန်းပေးပါတယ်။ သံဃာရတနာအတွက် သုံးသိန်းပေးပါတယ်'

ရှင်ဘုရင်ကြီးပေးတာက သုံးသိန်း၊ မိဖုရားကြီးပေးတာက ကိုးသိန်းဆိုတော့ ဘယ်နှသိန်းရသွားလဲ။ ဆယ့်နှစ်သိန်းရသွားတယ်။

ဒါလေးကို ကြည့်ပြီးတော့ တချို့ကလည်း ကောက်ချက်ချကြတယ်။ 'လောကမှာ ယောက်ျားနဲ့ မိန်းမ မိန်းမက သဒ္ဓါတရား ပိုကောင်းတယ်' တဲ့။ ဟုတ်ရဲ့လား။ အခုရှင်ဘုရင်ကြီးက ရတနာတစ်ပါးကို ဘယ်နှသိန်းပဲ ဆုချတုံး။ တစ်သိန်း။ မိဖုရားကြီးက သုံးသိန်းဆုချတယ်။

ဒါပေမဲ့ ဒါက ယေဘုယျစကားပါ။ အများအားဖြင့်တော့လည်း ဟုတ်ပါတယ်နော်။ အမျိုးသားနဲ့ အမျိုးသမီးတွေ အများအားဖြင့်တော့ အမျိုးသမီးတွေက သဒ္ဓါအားကြီးကြတယ်။ သဒ္ဓါတရား ပိုကောင်းကြတယ်။ အလှူဒါနနဲ့ ပတ်သက်ပြီးတော့ပေါ့လေ။ ဝေယျာဝစ္စတို့ တရားနာတာ၊ တရားအားထုတ်တာတို့လည်း နည်းတူပါပဲ။

ဒါပေမဲ့ တချို့အမျိုးသားတွေ သဒ္ဓါတရားကောင်း

http://www.dhammadownload.com

တာကျတော့ အမျိုးသမီးတွေတောင် လိုက်လို့မမီပါဘူး နော်။ ဒါယေဘုယျစကားပါပဲ။ အမျိုးသားတွေလည်း သဒ္ဓါတရားကောင်းကြပါတယ်။ အမျိုးသမီးတွေထက် သဒ္ဓါတရားပိုကောင်းတဲ့ အမျိုးသားတွေလည်း အများကြီးရှိပါတယ်။

အမျိုးသားရယ်၊ အမျိုးသမီးရယ် မဟုတ်ပါဘူး။ သဒ္ဓါတရားအားကြီးတဲ့သူက ကြီးတာပါပဲ။ သဒ္ဓါတရားပိုကောင်းတဲ့သူက ကောင်းတာပါပဲ။ ပင်ကိုဓာတ်ခံပေါ်ပဲ မူတည်ပါတယ်။

အဲဒါနဲ့ မိဖုရားကြီးကို ရှင်ဘုရင်ကြီးနဲ့ အမတ်တွေ ရဟာန်းပြုသွားတဲ့အကြောင်းလည်း ကုန်သည်တွေက ပြောပြကြတယ်။

'ရှင်ဘုရင်ကြီးက မှာလိုက်ပါသေးတယ်။ ထီးနန်းစည်းစိမ်တွေ မိဖုရားကြီးကို လွှဲအပ်ပါတယ်။ ထီးနန်းစည်းစိမ်ကို မိဖုရားကြီးပဲ ခံစားပါတော့၊ စံစားပါတော့'

မိဖုရားကြီးက . . .

'သူမလိုချင်တော့လို့ စွန့်လွှတ်လိုက်တဲ့ ထီးနန်းစည်းစိမ်ကို ကိုယ်ခံစားမယ်ဆိုရင် သူထွေးလိုက်တဲ့ တံတွေးပေါက်ကို ကိုယ်ကုန်းပြီးတော့ လျက်သလို ဖြစ်နေမှာပေါ့။ သူက ဒီထီးနန်းစည်းစိမ်ကို မလိုချင်လို့ စွန့်လွှတ်လိုက်မှ

http://www.dhammadownload.com

တော့ ကိုယ်လည်းပဲ စွန့်နိုင်ရမှာပေါ့။ သူက ရဟန်းပြုတယ်ဆိုရင် ငါလည်း ရဟန်းပြုတော့မယ်'

ဒါနဲ့ အမတ်ကတော်တွေ လှမ်းခေါ် လိုက်ပြီးတော့ အကျိုးအကြောင်းပြောပြတယ်။ 'ငါကတော့ ရှင်ဘုရင်ကြီးနဲ့အတူ လိုက်ပြီးတော့ ရဟန်းပြုတော့မယ်။ မင်းတို့ရော ဘယ်လိုသဘောရတုံး' ဆိုတော့ တို့လည်းလိုက်မယ် ချန်မထားနဲ့ပါပဲ။ 'ကျွန်မတို့လည်း ရဟန်းပြုပါမယ်'။ ကဲ ဘယ်လောက်များ ကြည်ညိုစရာကောင်းထားလဲနော်။

သတင်းတစ်ခုဟာ လူတစ်ယောက်ရဲ့ ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေနိုင်ပါတယ်။ ကြားရတဲ့ သတင်းကြောင့် အကောင်းလည်းဖြစ်သွားနိုင်သလို အဆိုးလည်း ဖြစ်သွားနိုင်တာပါပဲ။ သတင်းလက်ခံသူရဲ့ ပင်ကိုဓာတ်ခံနဲ့ နှလုံးသွင်းပေါ် မူတည်ပါတယ်။

ဥပမာ - ကိုယ့်မှာ ပရဟိတဓာတ်ခံတော့ ရှိတယ်။ ဒါပေမဲ့ ဘာပရဟိတအလုပ်မှ ဟုတ်တိပတ်တိမလုပ်ဖြစ်သေးဘူး။ အဲဒီလိုနဲ့ တစ်နေ့မှာ လူတစ်ယောက်ရဲ့ ပရဟိတသတင်းကို ဖတ်လိုက်ရတယ်၊ ဒါမှမဟုတ် ကြားလိုက်ရတယ်။ အဲဒီမှာတွင် ကိုယ့်ရဲ့ ပရဟိတဓာတ်ခံတွေ နိုးကြားလာပြီး အဲဒီလူလုပ်တဲ့ ပရဟိတအလုပ်မျိုး၊ ဒါမှမဟုတ် ကိုယ်အားသန်ရာ တခြားပရဟိတအလုပ်ကို အဲဒီလူကို

http://www.dhammadownload.com

အားကျအတုယူတဲ့စိတ်နဲ့ လုပ်ဖြစ်သွားတယ်ဆိုရင် . . . ဒါဟာ သတင်းကြောင့် လူတစ်ယောက်ရဲ့ ဘဝ ပရဟိတဘက် ပြောင်းလဲသွားတာပါပဲ။

နည်းတူပဲပေါ့။ ကုသိုလ်သတင်း၊ သာသနာပြုသတင်း၊ ရဟန်းပြုသတင်း . . . စတဲ့သတင်းတွေကြောင့်လည်း လူတွေရဲ့ဘဝ၊ လူတွေရဲ့ လုပ်ဆောင်ချက်တွေ ပြောင်းလဲနေကြတာပါပဲ။

လောကီရေးရာဘက်မှာလည်း အချစ်ရေးသတင်း၊ အိမ်ထောင်ရေးသတင်း၊ ပညာရေးသတင်း၊ စီးပွားရေးသတင်း . . . စတဲ့ သတင်းအချက်အလက်တွေပေါ် မူတည်ပြီး လူတွေရဲ့ ခံစားချက်နဲ့ ဆုံးဖြတ်ချက်တွေ၊ လုပ်ဆောင်ချက်နဲ့ အကျိုးရလဒ်တွေ ပြောင်းလဲနေကြပါတယ်။

ကြားရတဲ့သတင်းက စစ်မှန်ပြီး တန်ဖိုးရှိမယ်ဆိုရင်တော့ ပြောင်းလဲမှုကလည်း စစ်မှန်ပြီး တန်ဖိုးပိုရှိသွားမှာပါပဲ။ သတင်းမှန်မှ လုပ်ရပ်မှန်ပြီး အကျိုးရလဒ် မှန်မှာလေ။ သတင်းစစ်မှန်လေ အတွင်းအနှစ်ကျန်လေပေါ့။

ဒါပေမဲ့ သတင်းအမှားကိုပဲ အသုံးချတတ်လို့ အကျိုးရလဒ်မှန်သွားတာမျိုးလည်း တစ်ခါတစ်ရံ ခြွင်းချက်အနေနဲ့တော့ ရှိတတ်တာပေါ့နော်။

အခု မဟာကပ္ပိနတို့၊ အနောဇာတို့ ကြားရတဲ့

http://www.dhammadownload.com

သတင်းကတော့ စစ်လည်းစစ်မှန်တယ်၊ မြင့်လည်းမြင့်မြတ်တယ်။ သူတို့ရဲ့ နှလုံးခောက်ခံကလည်း စစ်မှန်မှု၊ မြင့်မြတ်မှုနဲ့ ထိုက်တန်တယ်ဆိုတော့ သူတို့ရဲ့ ပြောင်းလဲမှုကလည်း စစ်မှန်ပြီး မြင့်မြတ်သွားတော့တာပါပဲ။

ရတနာသုံးပါး ပေါ်ထွန်းတဲ့သတင်း၊ ရဟန်းပြုတဲ့ သတင်းတွေက သူတို့ရဲ့ဘဝတွေကို အကြီးအကျယ် ပြောင်းလဲသွားစေပါတယ်။

ခင်ပွန်းသည်အမျိုးသားတွေ ရဟန်းပြုကြတယ်ဆိုတဲ့သတင်းကြားတော့ ဇနီးသည်တွေကလည်း အတုလိုက်၊ အတူလိုက်ပြီးတော့ ရဟန်းပြုကြမှာတဲ့။

ဒကာကြီးဦးမျိုးမြင့် ရဟန်းဝတ်ရင် ဒကာမကြီးဒေါ်မြင့်မြင့်သိန်း သီလရှင်လိုက်ဝတ်နိုင်ပါ့မလား။ မလွယ်ဘူးနော်။ ဒကာကြီးတကယ်ဝတ်ဖြစ်သွားရင်တော့လည်း ဒကာမကြီးလိုက်ဝတ်ဖြစ်ချင် ဝတ်ဖြစ်သွားမှာပါ။ ရှေ့သွားနောက်လိုက် ညီပြီးသားပဲ မဟုတ်လား။

တချို့ဇနီးမောင်နှံတွေ ရှိတာပေ့ါ။ အမျိုးသားက ရဟန်းပြုသွားတော့မယ်ဆိုရင် အမျိုးသမီးက ခွင့်ပြုတာလည်း ရှိတယ်၊ ခွင့်မပြုတာလည်း ရှိတယ်။ တချို့စိတ်တူကိုယ်တူ တို့လည်းလိုက်မယ် ချန်မထားနဲ့စိတ်ခောက်ရှိတဲ့သူတွေကျတော့ ခွင့်ပြုတာပေ့ါ။ 'ဝတ်ပါ။ ဘာမှ နောက်ဆံ

http://www.dhammadownload.com

မတင်းပါနဲ့။ ကိုယ့်ရဲ့ ရဟန်းတရားကိုသာ ပွားများအား ထုတ်ပါ'။

တို့လည်းလိုက်မယ် ချန်မထားနဲ့စိတ်ဓာတ် မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ 'သူများသားသမီးယူထားပြီးတော့ ပစ်သွားတယ်' လို့ ပြောမှာပေ့ါနော်။ တချို့ကတော့ သူများဇနီးမောင်နှံမှာ ခင်ပွန်းက ရဟန်းပြုသွားတာတောင်မှ ကိုယ်နဲ့ဘာမှ မဆီမဆိုင်ဘဲနဲ့ အလကားနေရင်း မကျေမနပ်ဖြစ်တဲ့သူတွေ မရှိဘူးလား။ ရှိတယ်။ 'ညည်းဘာဖြစ်လို့ ခွင့်ပြုလိုက်ရတာတုံး။ ငါသာဆိုရင် ခွင့်မပြုဘူး'။ အဲဒီလိုပြောတဲ့သူလည်း မရှိဘူးလား။ ရှိတယ်။ သူများကုသိုလ်ပြုတဲ့နေရာမှာ ကိုယ်က အလကားနေရင်း အကုသိုလ်ဝင်ယူတာနော်။

■

http://www.dhammadownload.com



## အခက်အခဲမှန်သမျှ ကျော်လွှားလို
## ဂုဏ်တော်ပွား၍ သစ္စာဆို

အခုဒီမှာ အနေဒေဝီနဲ့တကွ အမတ်ကတော် တစ်ထောင်ကတော့ အဲဒီလို မဟုတ်ဘူး။ တို့လည်းလိုက်မယ် ချန်မထားနဲ့။ မောင်တော်တွေက ကုသိုလ်ကောင်းမှု ပြုကြတယ်ဆိုရင် သူတို့ကလည်း ထပ်တူထပ်မျှ ကုသိုလ်ပြုချင်လို့။ မောင်တော်တွေက ရဟန်းပြုပြီးတော့ ရဟန်းတရား ပွားများအားထုတ်ကြတယ်ဆိုရင် ကိုယ်လည်းပဲ ရဟန်းပြုပြီးတော့ ရဟန်းတရား ပွားများအားထုတ်ချင်လို့ပါ။ မောင်တော်တွေကို လွမ်းလို့၊ တမ်းတလို့ မဟုတ်ပါဘူးနော်။

သို့သော်လည်းပဲ မသိစိတ်ကနေ မောင်တော်မရှိရင် ပျင်းတဲ့စိတ်၊ မောင်တော်မရှိရင် လွမ်းတဲ့စိတ်တွေလည်း

http://www.dhammadownload.com

အတိုင်းအတာတစ်ခုအထိ ရှိချင်ရှိမှာပေါ့။ ပုထုဇဉ်ဆိုတော့ နော်။ ဒါပေမဲ့ ကုသိုလ်ကောင်းမှုတွေ အတူပြုချင်တဲ့စိတ်က အဓိကပဲနော်။ အတိတ်ဘဝသံသရာတွေတုန်းကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စိတ်ဓာတ်နဲ့ ကုသိုလ်ပြုခဲ့ကြတာဆိုတော့ အခုလည်း ကုသိုလ်တွေ အတူပြုချင်တဲ့ စိတ် ရှိတာပဲ။

အဲဒီလိုနဲ့ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်တစ်ထောင်လည်းပဲ မြတ်စွာဘုရားထံ ရောက်သွားတာပေါ့လေ။ အသေးစိတ်ပြောမယ်ဆိုရင်တော့ သုဓ္ဓဝတ္ထုက တော်တော်ကို ရှည်တယ်။ ဒီခေါင်းစီးနဲ့ ဆိုင်တာလေးပဲ ကွက်ပြောတာပါ နော်။

မြတ်စွာဘုရားထံသွားတဲ့လမ်းမှာ မြစ်ကြီးသုံးစင်း တွေ့တယ်။ ပထမမြစ်တွေ့တော့ ဘုရားဂုဏ်တော်ပွားများပြီးတော့ ကူးကြတယ်။ မြစ်က ကျယ်လည်း ကျယ်တယ်။ နက်လည်း နက်တယ်။ ဒီအတိုင်းကူးလို့ မရဘူး။ ဖောင်လည်း မရှိဘူး။ လှေလည်း မရှိဘူး။ 'ဖောင်တွေ လှေတွေ ရှာနေမယ်ဆိုရင် ရှာနေတုန်းမှာကို သေသွားနိုင်တယ်' လို့ သေခြင်းတရားကို အနီးကပ်ထားပြီး တွေးကြတယ်တဲ့။

ဇာတိက ဇရာဆီ၊ ဇရာက ဗျာဓိဆီ၊ ဗျာဓိက မရဏဆီ။ ဒီဖောင်ရှာနေတဲ့အချိန်မှာကို အိုအိုသွားမှာ။

http://www.dhammadownload.com

ဖောင်ရှာနေတာနဲ့ ဘုရားဆီအရောက်နောက်ကျပြီးတော့ တော်ကြာ တရားနဲ့လွဲသွားရင် ခက်ရချည်ရဲ့။ အချိန်ကို မဆိုင်းချင်တော့ဘူးနော်။ ဘုရားနဲ့ကို တွေ့ချင်လှပြီ။ တရားတွေ အားထုတ်ချင်လှပြီ။ ဖောင်တွေဖွဲ့၊ လှေတွေလုပ်နေရင် အချိန်ကြာတယ်ဆိုပြီးတော့ ငါတို့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးတည်ပြီးလာတာ။ ရတနာသုံးပါးဂုဏ်တော်ပွားပြီးတော့ပဲ သွားမယ်။ ရတနာသုံးပါးဂုဏ်တော်နဲ့ပဲ သစ္စာဆိုမယ် ဆိုပြီးတော့ပဲ ပထမမြစ်တစ်စင်းကျတော့ ဘုရားဂုဏ်တော်ပွားပြီးတော့ ဘုရားဂုဏ်တော် သစ္စာဆိုတယ်။

ရဖူးမှာပေ့ါလေ။ ခရီးသွားဂါထာဆိုတာနော်။

ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

'မြတ်စွာဘုရားရှင်ဟာ ဘဝသုံးသွယ် ရေပြင်ကျယ်ကို ကူးမြောက်ပြီးပါပြီ။ လောကရဲ့အဆုံးကို ရောက်ပြီးပါပြီ။ သိသင့်သိထိုက်တဲ့ တရားမှန်သမျှကို အကုန်အစင် အကြွင်းအကျန်မရှိ သိမြင်ပြီးပါပြီ။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သောသစ္စာစကားကြောင့် မြတ်စွာဘုရားထံ

http://www.dhammadownload.com

မှောက် ကျွန်ုပ်တို့ရဲ့ သွားရောက်ခြင်းကိစ္စ ပြီးစီးအောင်မြင်ပါစေ'

အဲဒီသစ္စာလေးဆိုပြီးတော့ ဂုဏ်တော်ကိုးပါးကို ပွားများတာပေါ့။ ဂုဏ်တော်ကိုးပါးကလည်း ကုန်သည်တွေ ကနေတစ်ဆင့် သိရတာ။ ဂုဏ်တော်လေးပွားပြီးတော့ ကူး လိုက်တာ သိန္ဓောမြင်းတစ်ထောင်နဲ့ ကူးကြတာပေါ့။ ခွာ တောင်မှ ရေမစိုဘူးတဲ့။ ရေပြင်ကြီးက ကျောက်ဖျာကြီးလို ဖြစ်ပြီးတော့ အလွယ်တကူနဲ့ ကူးမြောက်နိုင်ကြတယ်။

ဒုတိယမြစ်တွေ့တော့ တရားဂုဏ်တော်ပွားတယ်။

ယဒိ သန္တိဂမော မဂ္ဂေါ၊
မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

'မဂ်လေးပါးတရားတော်ဟာ နိဗ္ဗာန်ကို ရောက်စေ နိုင်ပါတယ်။ နိဗ္ဗာန်ဟာလည်း ဧကန်စင်စစ် ချမ်းသာပါ တယ်။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သောသစ္စာ စကားကြောင့် မြတ်စွာဘုရားထံမှောက် ကျွန်ုပ်တို့ရဲ့ သွား ရောက်ခြင်းကိစ္စ ပြီးစီးအောင်မြင်ပါစေ'

အဲဒီလိုသစ္စာဆိုပြီးတော့ တရားဂုဏ်တော်ခြောက် ပါး ပွားများရင်း သွားလိုက်တာ ဒုတိယမြစ်က ပထမမြစ်

ထက် ပိုပြီး ကျယ်တယ်၊ ပိုပြီး နက်တယ်။ အဲဒါတောင်မှ မြင်းခွာတောင် ရေမစိုဘဲနဲ့ ကူးမြောက်နိုင်ကြတယ်။

တတိယမြစ်ကျတော့ ဒုတိယမြစ်ထက် ပိုကျယ်တယ်၊ ပိုနက်တယ်။ အဲဒီကျတော့ သံဃာ့ဂုဏ်တော်နဲ့ သစ္စာဆိုပြီးတော့ သံဃာ့ဂုဏ်တော်ကိုးပါး ပွားများပြီး ကူးပါတယ်။

သံဃော စ တိဏ္ဏကန္တာရော၊
ပုညက္ခေတ္တံ အနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

'အရိယာသံဃာတော်အရှင်မြတ်များဟာ ဘဝခရီးခဲကို လွန်မြောက်ခဲ့ကြပြီးပါပြီ။ တစ်လောကလုံးမှာ ကုသိုလ်ကောင်းမှုတွေ စိုက်ပျိုးကြချရာ အမြတ်ဆုံး လယ်ယာမြေကောင်းကြီးလည်း ဖြစ်ပါတယ်။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သောသစ္စာစကားကြောင့် မြတ်စွာဘုရားထံမှောက် ကျွန်ုပ်တို့ရဲ့ သွားရောက်ခြင်းကိစ္စ ပြီးစီးအောင်မြင်ပါစေ'

ဒီဂါထာတွေက သိပ်တော့ မခက်ပါဘူး။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ ခရီးသွားဂါထာဆိုပြီးတော့ နာမည်ကြီးတယ်။ မဟာကပ္ပိနမင်းကြီးတို့ သစ္စာဆိုတဲ့ဂါထာ

http://www.dhammadownload.com

ပါပဲ။ ပါဠိတော်မှာ တိုက်ရိုက်ကိုပါတာ။ ကျက်ထားသင့်တာ ပေါ့။

ကျက်တယ်ဆိုတာက ခရီးသွားရင် အန္တရာယ်ကင်း ဘေးရှင်းဖို့ အဓိက မဟုတ်ဘူး။ အဲဒီဂါထာတွေရဲ့ အဓိပ္ပာယ်ကိုက ကြည်ညိုစရာကောင်းလွန်းလို့နော်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေကို ခရီးသွားခြင်းသဘောနဲ့ အာရုံပြုထားတာ အရမ်းကြည်ညိုစရာကောင်းပါတယ်။ ခရီးနဲ့ဆိုင်တဲ့ ဂုဏ်တော်တွေ၊ လမ်းနဲ့ဆိုင်တဲ့ ဂုဏ်တော်တွေ ပေါ့။

အဲဒီလို သစ္စာဆိုပြီးတော့ စိတ်ထဲကနေ သံဃာ့ဂုဏ် ထုံမွှမ်းပွားများရင်းနဲ့ ကူးလိုက်တာ မြင်းခွာတောင် ရေမစိုဘဲနဲ့ ဟိုဘက်ကမ်းရောက်သွားတယ်။

ဟိုဘက်ကမ်းရောက်သွားတော့ မြတ်စွာဘုရားရှင်က အသင့်စောင့်ဆိုင်းပြီးတော့ ကြိုဆိုပါတယ်။ ကြိုဆိုပြီးတော့ တရားတွေဘာတွေ ဟောတော့ သောတာပန်တွေ ဖြစ်ကုန်ကြတယ်။

မဟာကပ္ပိနမင်းကြီးနဲ့ အမတ်တစ်ထောင် သောတာပန်တွေဖြစ်ပြီးသွားတယ်ဆိုရင်ပဲ ရဟန်းပြုခွင့်တောင်းတော့ မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်လိုက်တာပေါ့။ ဧဟိဘိက္ခုခေါ်လိုက်တာနဲ့ လူ့အသွင်တွေ ကွယ်ပျောက်ပြီး

http://www.dhammadownload.com

တော့ ရဟန်းအသွင်တွေ အလိုလိုဆိုက်ရောက်လာပါတယ်။

အတိတ်ဘဝတုန်းက ပရိက္ခရာ လှူခဲ့ဖူးတဲ့ကုသိုလ်ရှိတော့ ဧဟိဘိက္ခုခေါ် လိုက်တာနဲ့ ရဟန်းတွေ ဖြစ်သွားကြပါတယ်။ 'ဧဟိဘိက္ခု' ဆိုတာ 'ရဟန်းလာလော့' လို့ ပြောတာပါနော်။ အသေးစိတ်ကတော့ အများကြီးရှိပါတယ်။

အနော်ဇာမိဖုရားကြီးနဲ့ အမတ်ကတော် တစ်ထောင်တို့လည်း ဒီလိုပါပဲ။ သစ္စာတွေဆို၊ ဂုဏ်တော်တွေ ပွားပြီးတော့ မြစ်သုံးစင်း ကူးကြတယ်။ မြတ်စွာဘုရားဆီရောက်၊ ချက်ချင်း ဟိုက ရဟန်းအသွင်နဲ့ တန်းတွေ့လိုက်လို့ရှိရင် သောကတွေဖြစ်မယ်။ စိတ်တွေ ပျံ့လွင့်မယ်။ စိတ်မတည်မငြိမ်ဖြစ်မယ်ဆိုပြီးတော့ မြတ်စွာဘုရားရှင်က ရဟန်းတော်တစ်ထောင်ကို တန်ခိုးနဲ့ ကွယ်ထားလိုက်တယ်။

အနော်ဇာမိဖုရားကြီးနဲ့ အမတ်ကတော် တစ်ထောင်ကို တရားဟော။ သူတို့တွေ သောတာပန်ဖြစ်ပြီဆိုတော့မှ ဟိုတစ်ထောင်ကို ပြလိုက်တယ်။ ဟိုတစ်ထောင်ကလည်းပဲ အနော်ဇာမိဖုရားကြီးကို ဟောနေတဲ့တရားကို နာနေရင်းနဲ့ ရဟန္တာဖြစ်သွားကြတယ်။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ်လေးကို မဟာကပ္ပိနမင်းကြီးနဲ့အနော်ဇာဒေဝီတို့အုပ်စုရဲ့ အဖြစ်အပျက်က အပြည့်အဝ အဓိပ္ပာယ်

http://www.dhammadownload.com

ဖော်ပြနေတယ်။ ဒါကြောင့် ခုနဆောင်ပုဒ်က ဘာတဲ့လဲ။

ကုသိုလ်လမ်းမှာ၊ သူလျှောက်ရာ၊ ကပ်ကာလိုက်ရမည်။

ဒါအဆုံးအမလေးပဲနော်။

မဟာကပ္ပိနမင်းကြီးနဲ့ အနောဇာဒေဝီတို့ရဲ့ အဖြာ် အပျက်ကို ကြည့်ပြီးတော့ 'တို့လည်းလိုက်မယ်ချန်မထားနဲ့' ဆိုတဲ့ စိတ်ဓာတ်နဲ့ ကုသိုလ်တွေ အတုလိုက်ပြီး ပြုရမယ်၊ အတုလိုက်ပြီး ပြုရမယ်ဆိုတာကိုလည်း နမူနာယူရမယ်။

ပြီးတော့ . . . ဘဝမှာ အခက်အခဲတစ်ခုခု ကြုံလာတဲ့အခါ အဲဒီအခက်အခဲကို ဂုဏ်တော်ပွား၊ သစ္စာဆိုပြီးတော့ ကျော်လွှားလွန်မြောက်ရမယ်ဆိုတာကိုလည်း နမူနာယူရမယ်။

ဘာအခက်အခဲပဲကြုံကြုံ၊ ယုံယုံကြည်ကြည်နဲ့ ဂုဏ်တော်သေချာပွားပြီး သစ္စာဆိုမယ်ဆိုရင် ကြုံတွေ့နေရတဲ့ အခက်အခဲ အနှေးနဲ့အမြန် ပြေလည်သွားမှာပါပဲ။

■

http://www.dhammadownload.com



## သူ့ကိုအားကျလေကုသိုလ်တအားရလေ

‘တို့လည်းလိုက်မယ် ချန်မထားနဲ့’ ဆိုတဲ့စကားက ဘယ်သူပြောရမယ့် စကားတုံး။ အခုတရားနာပရိသတ် တစ်ယောက်ချင်း အသီးသီးက ပြောရမယ့်စကားနော်။ ကိုယ့်ဘက်က ပြောရမယ့်စကား။ ပါးစပ်က ထုတ်မပြောတောင် စိတ်ထဲက နှလုံးသွင်းရမယ့်စကား။

တို့လည်းလိုက်မယ် ချန်မထားနဲ့။ သူများကုသိုလ်ပြုနေတာတွေ့ရင် ‘ငါလည်း ကုသိုလ်ပြုမယ်’။ သူကုသိုလ်ပြုနေတာတွေ့ရင် ကိုယ်လည်း သူနဲ့အတူတူလိုက်ပါရမယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ကိုယ့်ဘာသာကိုယ် ကုသိုလ်ပြုဖို့ပဲ ပြောတာ။ သူက ဟိုမှာ ကုသိုလ်ပြုတယ်။ ကိုယ်က သူ

http://www.dhammadownload.com

နဲ့အတူ အတင်းလိုက်ပါမယ်လို့ ပြောတာမဟုတ်ဘူး။

အခြေအနေ၊ အချိန်အခါနဲ့ ပုဂ္ဂိုလ်သဘောတရား အရ အတူတူ ကုသိုလ်ပါဝင်ခွင့်ရတဲ့ပုဂ္ဂိုလ်တွေ ဆိုရင်လည်း အတူတူကုသိုလ်ပြုရမှာပေါ့။ အခု မဟာကပ္ပိနမင်းကြီးတို့ လောင်းလျာတွေ ဒီလိုပဲ အတူတူ ကုသိုလ်တွေ ပြုခဲ့ကြတာ ပဲ။

သတင်းစာတွေ၊ ဂျာနယ်တွေမှာ သူများတွေ ကု-သိုလ်ပြုကြတဲ့သတင်း ဖတ်ရရင် ဝမ်းမြောက်ဝမ်းသာနဲ့ လည်း သာဓုခေါ်ရမယ်။ သူတို့ပြုကြတဲ့ကုသိုလ်နဲ့ အလားတူ ကုသိုလ်မျိုးလည်း ကိုယ်စွမ်းနိုင်သမျှ လုပ်ရမယ်။

သတင်းစာတွေ၊ ဂျာနယ်တွေမှာ သူများတွေ ကု-သိုလ်ပြုကြတဲ့သတင်းပါလာရင် စိတ်ထားမတတ်တဲ့သူတွေ က မကျေမနပ်နဲ့ နာမည်ကြီးချင်လို့ ထည့်တာ၊ ဂုဏ်ဖော် ချင်လို့ ထည့်တာဆိုပြီး ဒေါသတွေဖြစ်ကြ၊ အကုသိုလ်တွေ ပွားကြပါတယ်။ စိတ်ထားတတ်တဲ့သူတွေကတော့ ဝမ်း မြောက်ဝမ်းသာနဲ့ သာဓုတွေခေါ်ကြ၊ ကုသိုလ်တွေ ပွားကြပါ တယ်။ သူများကို အားကျပြီး ကိုယ်လည်း ကုသိုလ်တွေ ပို လုပ်ဖြစ်သွားကြပါတယ်။ သူများရဲ့ ကုသိုလ်သတင်းဟာ ကိုယ့်အတွက် ကုသိုလ်ပိုလုပ်ဖြစ်ဖို့ စိတ်ဓာတ်အင်အားဖြစ် သွားတာပေါ့။

http://www.dhammadownload.com

သူများမှာ ဒါနကုသိုလ်တွေရှိတယ်ဆိုရင် ကိုယ့်မှာလည်း ဒါနကုသိုလ်တွေ ရှိနေရမယ်။ သူများမှာ သီလကုသိုလ်တွေ ရှိတယ်ဆိုရင် ကိုယ့်မှာလည်း သီလကုသိုလ်တွေ ရှိနေရမယ်။ သူများမှာ သမထကုသိုလ်တွေ ရှိတယ်ဆိုရင် ကိုယ့်မှာလည်း သမထကုသိုလ်တွေ ရှိနေရမယ်။ သူများမှာ ဝိပဿနာကုသိုလ်တွေ ရှိတယ်ဆိုရင် ကိုယ့်မှာလည်း ဝိပဿနာကုသိုလ်တွေ ရှိနေရမယ်။

သူများတွေ တရားအားထုတ်တယ်ဆိုတာ မျက်လုံးလေး ပြူးတူးပြဲတဲနဲ့ ကြောင်တောင်တောင်လေး ငေးနေရင်းပြီးရမှာလား။ မပြီးရဘူး။ သူများတွေ တရားဝင်ပြီးတော့ တရားတွေ အားထုတ်တယ်၊ ဝိပဿနာဉာဏ်တွေ ဖြစ်ကြတယ်ဆိုရင် ကိုယ်ကလည်း တို့လည်းလိုက်မယ် ချန်မထားနဲ့။

ကုသိုလ်က ဘယ်နှမျိုးတောင် ရှိတာတုံး။ ပုညကြိယဝတ္ထု ဘယ်နှပါးတဲ့လဲ။ ဆယ်ပါးနော်။ (၁)က ဒါန . . . ။ သူများက ဒါနပြုတယ်တဲ့ဆိုရင် ကိုယ်ကလည်း ဒါနပြုရတယ်။ (၂)က သီလ . . . ။ သူများက သီလစောင့်တယ်တဲ့ဆိုရင် ကိုယ်ကလည်း သီလစောင့်ရမယ်။ (၃)က ဘာဝနာ . . . ။ သူများ ဘာဝနာပွားတယ်ဆိုရင် ကိုယ်ကလည်း ဘာဝနာပွားရမယ်။

(၄)က အပစာယန . . . ။ သူများက လူကြီးသူမ

http://www.dhammadownload.com

တွေကို ရှိရှိသေသေရှိတယ်ဆိုရင် ကိုယ်ကလည်း လူကြီးသူမ တွေကို ရှိရှိသေသေလုပ်လို့။ သူများက ညအိပ်ရာဝင်ရင် မိဘကို ကန်တော့ပြီး အိပ်တယ်လို့ သတင်းကြားရင် ကိုယ် ကလည်း မိဘဘိုးဘွား၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေး အစ်ကို အစ်မတွေ ကန်တော့ပြီး အိပ်လို့။ အဲဒီလို အတု လိုက်ရမှာနော်။သူကန်တော့တဲ့ ဘိုးဘွားကို သွားပြီး လိုက် ကန်တော့ရမှာ မဟုတ်ဘူး။

(၅) က ဝေယျာဝစ္စ . . . ။ သူများက ကုသိုလ်ကိစ္စ တွေ ကိုယ်အားစိုက်ပြီးတော့ ပြုလုပ်ဆောင်ရွက်နေတယ်လို့ ကြားတယ်ဆိုရင် ကိုယ်ကလည်း ကုသိုလ်ကိစ္စတွေ ကိုယ် အားစိုက်ပြီး ပြုလုပ်ဆောင်ရွက်လို့။ သူတစ်ပါးကုသိုလ်ကိစ္စ ကို ဆောင်ရွက်ရင်လည်း ဝေယျာဝစ္စပါပဲ။ ကိုယ့်ကုသိုလ် ကိစ္စကို ဆောင်ရွက်ရင်လည်း ဝေယျာဝစ္စပါပဲ။

တချို့က သူတစ်ပါးရဲ့ ကုသိုလ်ကိစ္စမှာ ကူညီမှ ဝေယျာဝစ္စလို့ ထင်နေကြတယ်။ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ ကုသိုလ်ကိစ္စကို ကိုယ်တိုင်ဆောင်ရွက်စီမံနေရင်လည်း ဝေ- ယျာဝစ္စပါပဲ။ ဘုရားပန်းအိုးလဲတာတို့၊ သောက်တော်ရေ ကပ်တာတို့ဆိုတာ သူတစ်ပါးရဲ့ ကုသိုလ်ကိစ္စ မဟုတ်ဘူး။ ကိုယ့်ရဲ့ ကုသိုလ်ကိစ္စပဲ။ ကိုယ့်ရဲ့ ကုသိုလ်ကိစ္စပေမယ့် ဝေ- ယျာဝစ္စပါနေတာပါပဲ။

http://www.dhammadownload.com

ပန်းလှူတာ၊ ရေလှူတာကတော့ ဒါနပေါ့။ ပန်းအိုးလေးကို ကိုယ်တိုင်တိုက်ချွတ်ဆေးကြောတယ်။ ပန်းတွေကို ရေနဲ့ဆေးတယ်။ အပြစ်အနာအဆာလေးတွေ ဖယ်ရှားတယ်။ ကတ်ကြေးလေးနဲ့ ညှပ်တယ်။ ဒီလိုပန်းအိုးတွေ၊ ပန်းလေးတွေကို ကိုယ်တိုင်ပြင်ဆင်နေတာကျတော့ ဝေယျာဝစ္စပေါ့။

သောက်တော်ရေ လှူတာကတော့ ဒါန။ သောက်တော်ရေခွက်ကို သန့်သန့်ရှင်းရှင်းဖြစ်အောင် ကိုယ်တိုင်ဆေးကြောသန့်စင်တာကျတော့ ဝေယျာဝစ္စ။ အဲဒီတော့ ဘယ်ကုသိုလ်မှာမဆို ကိုယ်တိုင်အားထုတ်ပြီး လုပ်ဆောင်နေရင် ဝေယျာဝစ္စက တွဲပြီး ကပ်ပါနေတာပါ . . . နော်။

တချို့ကျတော့လည်း ဝေယျာဝစ္စမပါဘဲနဲ့ 'ကဲ- ဘာလှူလိုက်ဟော့' ဆိုပြီးတော့ ပါးစပ်ကပဲ အမိန့်ပေးလိုက်တာပေါ့။ ကိုယ်ကိုယ်တိုင် ဝေယျာဝစ္စ မလုပ်ဘူး။ တကယ်တော့ ဝေယျာဝစ္စကုသိုလ်ကလည်း တော်တော်အရေးကြီးတဲ့ ကုသိုလ်ပါ။

ကြားဖူးမှာပေါ့။ ပါယာသိမင်းကြီးနဲ့ ဥတ္တရလုလင်ဆိုတာလေ။ ပါယာသိမင်းကြီးက တစ်နေ့တစ်နေ့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီးတော့ ဆွမ်းကပ်ပါတယ်။ ဒါပေမဲ့ တစ်နေ့ကို ဘယ်နှသိန်းထုတ်ပြီးတော့လှူလို့ အမိန့်

http://www.dhammadownload.com

ပဲပေးတာပါ။ ဘဏ္ဍာစိုးကပဲ ထုတ်ပေးတာ။

ဥတ္တရလုလင်က ကိုယ်ကိုယ်တိုင် ပိုက်ဆံထုတ်၊ ဈေးဝယ်၊ ချက်ပြုတ်။ ကိုယ်တိုင် စီမံတာပေါ့လေ။ နေရာတိုင်း ဈေးလည်းဝယ်၊ ချက်လည်းချက်လို့တော့ မဟုတ်ဘူးပေါ့။ ဘာဝယ်မယ်၊ ညာဝယ်မယ်နဲ့ ဝယ်တဲ့ကိစ္စကိုလည်း သေချာစဉ်းစားပြီး စီမံခန့်ခွဲလို့။ သူများတွေ ချက်တဲ့ နေရာမှာလည်း ကူညီဆောင်ရွက်လို့။ သံဃာတော်တွေ ဆွမ်းကပ်တဲ့နေရာမှာလည်းပဲ ကိုယ်တိုင်ကိုယ်ကျ ဝင်ပြီးတော့ ဆက်ကပ်လို့။ ဆွမ်းကျွေးပွဲနဲ့ ပတ်သက်သမျှ ဝေယျာဝစ္စတွေ လိုက်လုပ်ပေးတယ်။

သေသွားတော့ ပါယာသိမင်းကြီးက စတုမဟာ-ရာဇ်နတ်ပြည်ပဲ ရောက်တယ်။ ဥတ္တရလုလင်က တာဝတိံ-သာနတ်ပြည်ကိုတောင် ရောက်သွားတာနော်။ တာဝတိံသာနတ်ပြည်က စတုမဟာရာဇ်နတ်ပြည်ထက် တစ်ထပ်အဆင့်မြင့်တယ်။ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲနဲ့ ပိုက်ဆံကုန်တဲ့လူထက်တောင် အဆင့်မြင့်တဲ့ဘုံကို ရောက်သွားတယ်။ ပိုက်ဆံကုန်တဲ့အလှူရှင်ထက် ပိုက်ဆံမကုန်တဲ့ ဝေယျာဝစ္စကုသိုလ်ရှင်က ကုသိုလ်ပိုရလို့ပါ။

စိတ်ကမှ မတူတာနော်။ ဟိုက 'တစ်နေ့ကို ဘယ်နှသိန်းထုတ်ပေးလိုက်ဟေ့'လို့ ပြောလိုက်တဲ့ အခိုက်အတန့်မှာ

http://www.dhammadownload.com

ပဲ သူက ကုသိုလ်ရတာကိုး။ 'တစ်နေ့ ဘယ်လောက်ထုတ်ပေး လိုက်ဟေ့' လို့ အမိန့်ပေးလိုက်တဲ့အခါမှာ အမိန့်ပေးလိုက်တဲ့ အချိန်၊ အမိန့်ပေးလိုက်တဲ့ အခိုက်အတန့်လေးမှာပဲ ကုသိုလ် ရပါတယ်။ သူ့အမိန့်အတိုင်း အဲဒီပိုက်ဆံတွေ ထုတ်ထုတ် ပြီးတော့ လှူနေတဲ့အချိန်မှာ သူက ဒီကုသိုလ်ကို သတိမရ ဘူး၊ နှလုံးမသွင်းဘူးဆိုရင် လုံးဝ ကုသိုလ်မရပါဘူး။

ကုသိုလ်ဆိုတာ စိတ်မှာ ဖြစ်တာပါ။ စိတ်မှာကို သတိရပြီး ကုသိုလ်ရနေမှ ကုသိုလ်တရားတွေ တိုးပွားလာ တာပါ။ ဒါ့ကြောင့် ဝေယျာဝစ္စကုသိုလ်လည်းပဲ လုပ်ကြရမှာ ပဲ။ နေရာတိုင်းလုပ်ရမှာလို့တော့ မဆိုလိုဘူးပေါ့။ အခြေ အနေ၊ အချိန်အခါကို ကြည့်ပြီး လုပ်သင့်ရင်၊ လုပ်နိုင်ရင် လုပ်ကို လုပ်ရမှာ။

(၆)က ပတ္တိဒါန . . . ။ သူများက ပြုထားတဲ့ ကု- သိုလ်တွေ အမျှဝေတယ်ကြားရင် ကိုယ်ကလည်း ကိုယ်ပြု ထားတဲ့ကုသိုလ်တွေကို သူများတွေလည်း ထပ်တူထပ်မျှရ အောင် မနှမြောမတွန့်တိုဘဲနဲ့ ဝေငှလို့။

(၇)က ပတ္တာနုမောဒနာ . . . ။ သူများတွေ တစ် ယောက်ကုသိုလ်တစ်ယောက် ဝမ်းမြောက်ဝမ်းသာနဲ့ သာဓု ခေါ်ကြသံကြားရင် ကိုယ်ကလည်း သူများပြုတဲ့ ကုသိုလ် တွေကို သူများအမျှဝေဝေ မဝေဝေ သာဓုခေါ်လို့။ ကိုယ်

http://www.dhammadownload.com

ကိုယ်တိုင်ပြုရသလို ဝမ်းမြောက်ဝမ်းသာဖြစ်လို့ပေါ့။

(၈)က ဓမ္မသဝန - တရားနာတာ . . .။ တရားစာအုပ်ဖတ်တာလည်းပဲ တရားနာတာပါပဲ။ သူများတွေ တရားနာတယ်ကြားရင် ကိုယ်လည်း တရားနာလို့၊ သူများတွေ တရားစာအုပ်ဖတ်တယ်ကြားရင် ကိုယ်လည်း တရားစာအုပ်ဖတ်လို့ပေါ့။

အခုလို အရှင်လတ်လတ် ဟောတဲ့ တရားပွဲကျတော့လည်း အရှင်လတ်လတ်နာလို့ ပေါ့နော်။ သူများတွေ တရားပွဲသွားတယ်ဟေ့ဆိုရင် ကိုယ်ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ တရားနာရမှာ။

သူများတွေက တရားပွဲသွားတယ်ဆိုရင် ကိုယ်က အွန်စော၊ ဂျွန်စောလေးနဲ့ မခွဲနိုင်တာနဲ့ တရားမနာတဲ့သူတွေလည်း မရှိဘူးလား။ ရှိတယ်နော်။ ဒီနေ့တောင် ကံကောင်းလို့။ အွန်စော၊ ဂျွန်စောနေ့ မဟုတ်လို့။ နို့မို့ ပရိသတ် ဒီလောက်များလိမ့်မယ် မထင်ဘူး။ သူများက တရားနာသွားတယ်ဆိုရင် ကိုယ်ကလည်း အွန်စော၊ ဂျွန်စောတွေ အကုန်လုံး ပစ်ထားခဲ့တော့။ ထယ်စောက်တွေဘာတွေ ပစ်ထားခဲ့တော့။ တို့လည်းလိုက်မယ် ချန်မထားနဲ့ ဆိုပြီးတော့ တရားနာတဲ့ကုသိုလ်ကောင်းမှုတွေ ပြုရမှာ။

(၉)က ဓမ္မဒေသနာ - တရားဟောတာ၊ တရား

http://www.dhammadownload.com

စကား ပြောပေးတာ . . .။ သူများတွေ တရားဟောတယ် ကြားရင် ကိုယ်ကလည်း တရားဟောလို့ သူများတွေ တရား စကားမျှဝေပေးတယ်ကြားရင် ကိုယ်ကလည်း တရားစကား မျှဝေပေးလို့ပေါ့။

အခုလို ဦးဇင်းတို့လို ပလ္လင်ပေါ်မှာ ထိုင်ဟောမှ ဓမ္မဒေသနာ တရားဟောတဲ့ကုသိုလ်ရတာ မဟုတ်ဘူး။ ကိုယ်သိတဲ့တရားလေး တစ်လုံးပဲဖြစ်ဖြစ်၊ တစ်ကြောင်းပဲ ဖြစ်ဖြစ်၊ ကိုယ်သိသလောက်လေး ကိုယ့်ရဲ့ မိတ်ဆွေတွေကို ပြန်ပြောပြတယ်ဆိုရင် ဒါလည်း တရားဟောတဲ့ကုသိုလ် ရတာပဲ။

ဟိုတစ်လောက ကလေးတရားပွဲမှာ အမေ့ထံဘီ လျှော်ပေးတာ၊ အဖေ့လုံချည် လျှော်ပေးတာ ကုသိုလ် အရမ်းရတဲ့အကြောင်း၊ ပစ္စုပ္ပန်မှာကို ဘေးရန်အန္တရာယ် တွေ ကင်းပြီး ကောင်းကျိုးချမ်းသာတွေ အများကြီးရတဲ့ အကြောင်း၊ လိုအင်ဆန္ဒတွေ အမြန်ဆုံး ပြည့်ဝတဲ့အကြောင်း ကလေးတွေကို ဦးဇင်းဟောပြခဲ့သေးတယ်။ ရာဇာနေဝင်း သူ့အမေထဘီ အမြဲလျှော်ပေးတဲ့အကြောင်းလည်း ပါတာ ပေါ့။

အဲဒါ ခြောက်နှစ်သမီးလေးက သူ့အဖေကို ပြန် ပြောပြတယ်။ သူကိုယ်တိုင်လည်း သူ့အမေထဘီကို လက်

http://www.dhammadownload.com

တွေ့လျှော်ပြတဲ့အပြင် သူ့အဖေကိုလည်း အဘွားထဘီ(သူ့အဖေရဲ့ အမေ့ထဘီ) လျှော်ဖို့ တိုက်တွန်းတယ်။ အဲဒီမှာတွင် သူ့အဖေလည်း စိတ်ပါလာပြီး အမေ့ထဘီလျှော်ဖြစ်သွားတယ်။ အရင်က တစ်ခါမှ မလျှော်ဖူးဘူး။ သမီးပြောလို့ လျှော်ဖြစ်သွားတာ။ ဒါ ဓမ္မဒေသနာကုသိုလ်ပဲ။ အဲဒီသမီးလေး သူ့အဖေကို အမေ့ထဘီလျှော်သင့်တဲ့အကြောင်း တစ်ဆင့်ပြန်ပြောပြတာ ဓမ္မဒေသနာကုသိုလ် (တရားဟောတဲ့ကုသိုလ်) ပါပဲ။

နောက်ဆုံး နံပါတ်(၁၀)က ဒိဋ္ဌိဇုကမ္မ - အယူဝါဒကို ဖြောင့်မှန်အောင်ထားတာ။ ကံ-ကံ၏ အကျိုးဆိုတာ မရှိဘူး၊ ရှေးဘဝ နောက်ဘဝဆိုတာ မရှိဘူးဆိုတဲ့ အယူမှားတွေ ကင်းပျောက်ပြီးတော့ ကံ-ကံရဲ့ အကျိုးတရားတွေဆိုတာလည်း ရှိတယ်၊ ရှေးဘဝ နောက်ဘဝဆိုတာလည်းရှိတယ်လို့ ယုံကြည်တဲ့သဘောတရားကို ဒိဋ္ဌိဇုကမ္မကုသိုလ်လို့ ခေါ်ပါတယ်။

သူများတွေ ရှေးဘဝ နောက်ဘဝယုံတယ်ဆိုရင် ကိုယ်ကလည်း ဉာဏ်နဲ့ သေချာစဉ်းစားပြီး ယုံလို့။ သူများတွေ ကံနဲ့ကံရဲ့အကျိုးကို ယုံတယ်ဆိုရင် ကိုယ်ကလည်း ဉာဏ်နဲ့ သေချာဆင်ခြင်ပြီး ယုံလို့ပေါ့။

အဲဒီလိုအားဖြင့်ပေါ့လေ၊ သူများတွေ ကုသိုလ်ဆယ်

http://www.dhammadownload.com

မျိုးပြုတိုင်းပြုတိုင်း ကိုယ်ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုရမယ်။

ဒါဆိုရင် ကိုယ့်ဘာသာကိုယ် စိတ်ကူးပေါက်မှ ကုသိုလ်ပြုတာထက် ကုသိုလ်တွေ အများကြီး ပိုရတာပေါ့။ သူများကုသိုလ်ပြုတာကို အားကျတဲ့စိတ် များများဖြစ်လေ ကိုယ်လည်း ကုသိုလ်ပိုပြုဖြစ်လေပါပဲ။

ဒါ့ကြောင့် ကိုယ့်စိတ်ကူးနဲ့ကိုယ်လည်း ကုသိုလ်တွေပြုနေရမယ်။ သူများပြုတဲ့ ကုသိုလ်တွေကို လေ့လာမှတ်သား အားကျဝမ်းသာ ပီတိဖြာပြီးတော့လည်း အလားတူ ကုသိုလ်မျိုးတွေ အတုယူ လိုက်ပြုရမယ်။

သူများတွေ ဘာကုသိုလ်ပြုနေကြသလဲ ဆိုတာ အမြဲနားစွင့်ပြီးတော့ ထပ်တူကုသိုလ်မျိုးပဲဖြစ်ဖြစ်၊ တခြားကုသိုလ်မျိုးပဲဖြစ်ဖြစ် လိုက်ပြုနေမယ်ဆိုရင် ကုသိုလ်အမျိုးအစားတွေ များသည်ထက်များ၊ ကုသိုလ်အင်အားတွေ ပြည့်စုံသည်ထက် ပြည့်စုံလာပါလိမ့်မယ်။

■

http://www.dhammadownload.com



## ကိုယ်စွမ်းရာကိုယ်ဆောင်ရင်
## စွမ်းဆောင်သူပါပဲ

သူများကုသိုလ်ပြုရင် ကိုယ်လည်း ကုသိုလ်လိုက်ပြုရမယ်ဆိုလို့ သူများဒါနကုသိုလ်ပြုရင် ကိုယ်လည်း ဒါနကုသိုလ်ပဲ လိုက်ပြုရမယ်လို့ မဆိုလိုပါဘူး။ သူက သူစွမ်းနိုင်တဲ့ ကုသိုလ်ပြုရင် ကိုယ်ကလည်း ကိုယ်စွမ်းနိုင်တဲ့ ကုသိုလ်ပြုရုံပါပဲ။ ကုသိုလ်တစ်ခုခုဖြစ်ဖို့သာ အဓိကပါ။

ဥပမာ - သာသနာအတွက် အကျိုးများတဲ့ ပရိယတ္တိစာမေးပွဲကြီးတစ်ခု စုပေါင်းပြီး ကျင်းပကြတယ်ဆိုပါတော့။ ငွေကြေးတတ်နိုင်တဲ့သူက စာမေးပွဲအတွက် ငွေကြေးအများကြီး လှူတယ်။ သူ့ကို အားကျပြီး ကိုယ်ကလည်း ငွေကြေးအများကြီး လှူချင်တယ်။ ဒါပေမဲ့ အဆင်မပြေဘူး။

http://www.dhammadownload.com

ဘာမှ အားငယ်စရာ မလိုပါဘူး။ သူ အများကြီး လှူတာကို ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါ။ ကိုယ်လည်း စွမ်းနိုင်သမျှ လှူပါ။ နည်းနည်းပဲ လှူနိုင်လို့ ဘာမှ စိတ်မကောင်းဖြစ်နေစရာ မလိုပါဘူး။ လှူနိုင်သလောက် လှူလိုက်ရတာကို အပြည့်အဝ ကျေနပ်ဝမ်းသာပါ။

နောက်ဆုံး လုံးဝမလှူနိုင်တောင် ကိုယ်က ဝေယျာ-ဝစ္စစွမ်းနိုင်ရင် ဝေယျာဝစ္စလုပ်ပေါ့။ လှူမှ ကုသိုလ်ရတာ မဟုတ်ပါဘူး။ ဝေယျာဝစ္စလုပ်လည်း ကုသိုလ်ရတာပါပဲ။ လှူလည်း လှူ ဝေယျာဝစ္စလည်း လုပ်ရင်တော့ ကုသိုလ်ပိုရတာပေါ့။

ပရိယတ္တိစာမေးပွဲကြီး ပြီးစီးအောင်မြင်ဖို့ဆိုတာ လှူတဲ့သူတွေ ရှိနေရုံနဲ့ မရပါဘူး။ ဝေယျာဝစ္စလုပ်တဲ့သူတွေလည်း ရှိမှ ရတာပါ။ ကိုယ်က ဝေယျာဝစ္စစွမ်းနိုင်တယ်ဆိုရင် ဝေယျာဝစ္စအလုပ်တွေကို အချိန်များများပေးပြီး အဓိက လုပ်သွားရုံပါပဲ။

လှူတဲ့သူထက် ဝေယျာဝစ္စလုပ်တဲ့သူက ကုသိုလ်စိတ်ဖြစ်တဲ့အချိန် ပိုများပါတယ်။ စေတနာခေတ် နိုးကြားတဲ့အချိန်၊ ဝီရိယခေတ် ထုတ်သုံးတဲ့အချိန် ပိုများပါတယ်။

ကုသိုလ်ပွဲကြီးတစ်ခု လုပ်တိုင်း လုပ်တိုင်း လှူတဲ့သူထက် ဝေယျာဝစ္စလုပ်တဲ့သူက ကုသိုလ်ပွဲကြီးအပေါ် အာရုံ

http://www.dhammadownload.com

ပိုရောက်တဲ့အတွက်၊ ကုသိုလ်ပွဲကြီး အောင်မြင်အောင် အင်အား ပိုစိုက်ရတဲ့အတွက် ကုသိုလ်စိတ်ဖြစ်တဲ့အချိန် ပိုများပြီး ကုသိုလ်ပိုရပါတယ်။

ဒါနကုသိုလ်နဲ့ ဝေယျာဝစ္စကုသိုလ်ရဲ့ ကုသိုလ်အကျိုးပေးချင်းတော့ ထပ်တူထပ်မျှ ဖြစ်ချင်မှ ဖြစ်မှာပေါ့နော်။ ဒါပေမဲ့ ကောင်းကျိုးချမ်းသာတွေကိုတော့ ပေးကြမှာချည်းပါပဲ။ အကျိုးပေးတဲ့ပုံစံလေးပဲ နည်းနည်းပါးပါး ကွာမှာပေါ့။

သမားရိုးကျတွက်ပြီး . . . လှူတဲ့သူက ဝေယျာဝစ္စလုပ်တဲ့သူထက် ပစ္စည်းဥစ္စာ ပိုချမ်းသာလိမ့်မယ်လို့ ပြောလို့မရပါဘူး။ လှူတဲ့သူထက် ဝေယျာဝစ္စလုပ်တဲ့သူက ပစ္စည်းဥစ္စာပိုချမ်းသာတာမျိုးလည်း ရှိပါတယ်။ အလှူအတွက် နေ့စဉ် ငွေသိန်းချီအကုန်ခံတဲ့ ပါယာသိမင်းကြီးထက် ငွေတစ်ပြားမှ မကုန်ဘဲ အလှူအတွက် ဝေယျာဝစ္စလုပ်တဲ့ ဥတ္တရလုလင်က သေလွန်တဲ့အခါ နတ်ဘုံတစ်ဆင့် ပိုမြင့်သွားတယ်ဆိုတာ အားလုံးသိပြီးသား အထင်ရှားဆုံးသက်သေပါပဲ။ ခုနလည်း ပြောခဲ့ပြီးသားပဲနော်။

နတ်ဘုံတစ်ဆင့် ပိုမြင့်တယ်ဆိုမှတော့ ပစ္စည်းဥစ္စာတွေ၊ စည်းစိမ်ချမ်းသာတွေလည်း အဆင့်အတန်း ပိုမြင့်တယ်၊ အရေအတွက် ပိုများတယ်ဆိုတာ အထူးပြော

http://www.dhammadownload.com

စရာ မလိုတော့ပါဘူး။ ဝေယျာဝစ္စပဲလုပ်ခဲ့လို့ အခြံအရံပဲ ပေါများပြီး ပစ္စည်းဥစ္စာ ချို့တဲ့နေတဲ့နတ် မရှိပါဘူး။

'ဒါနကြောင့် ပစ္စည်းဥစ္စာချမ်းသာတယ်၊ သီလကြောင့် ရုပ်ဆင်းအင်္ဂါ လှပတယ်၊ ဘာဝနာကြောင့် အသိဉာဏ်ပညာကြီးမားတယ်' ဆိုတာ ယေဘုယျသဘောတရားပါ။ ကုသိုလ်ပြုစဉ်မှာ ဖြစ်နေတဲ့ စိတ်အရည်အသွေး၊ စိတ်အနေအထားပေါ် မူတည်ပြီး ဘယ်ကုသိုလ်ကြောင့်မဆို ဘယ်ကောင်းကျိုးချမ်းသာမဆို ရရှိနိုင်တာပါပဲ။ ကုသိုလ်ကို ကုသိုလ်နဲ့တူအောင် လုပ်ဖို့သာ အဓိကပါ။

ဒါ့ကြောင့် . . . 'တို့လည်းလိုက်မယ်ချန်မထားနဲ့' ဆိုတဲ့ ကျင့်စဉ်ကို ကျင့်မယ့်ပုဂ္ဂိုလ်ဟာ သူ ဒီဒါနဆို ကိုယ်လည်း ဒီဒါန ထပ်တူလိုက်လုပ်တာမျိုးချည်း မဟုတ်ဘဲ သူက ဒီဒါနဆို ကိုယ်က ဟိုဒါနပြုတာမျိုး၊ သူက ဒါနများများပြုရင် ကိုယ်က သီလ၊ ဝေယျာဝစ္စများများပြုတာမျိုး၊ သူက ဒါနဆို ကိုယ်က ဘာဝနာ၊ သူက ဘာဝနာဆို ကိုယ်က ဒါန . . . စသည် ကိုယ်အားသန်ရာကုသိုလ်၊ ကိုယ်အဆင်ပြေရာကုသိုလ် ပိုတိုးပြီး ပြုတာမျိုးတွေ လုပ်သွားရမှာပါပဲ။

ကိုယ်အစွမ်းနိုင်ဆုံး ကုသိုလ်ကို အကောင်းဆုံးနဲ့ အများဆုံးဖြစ်အောင် လုပ်ဆောင်နေရင် လူ့တာဝန်၊ သူတော်ကောင်းတာဝန် ကျေပွန်ပါတယ်။ ကုသိုလ်တာဝန်၊

http://www.dhammadownload.com

ပါရမီတာဝန် ကျေပွန်ပါတယ်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဆိုရင်လည်း ကိုယ်အစွမ်းနိုင်ဆုံး သာသနာ့တာဝန်တစ်ခုခုကို အကောင်းဆုံးနဲ့ အများဆုံး ထမ်းဆောင်နေရင် သာသနာ့တာဝန် ကျေပွန်ပါတယ်။

ကိုယ်စွမ်းရာ ကိုယ်ဆောင်ရင် စွမ်းဆောင်သူပါပဲ။ လူတိုင်းလူတိုင်း ကိုယ်စွမ်းရာ ကိုယ်ဆောင်ခြင်းဖြင့် စွမ်းဆောင်ရှင်တွေ ဖြစ်နိုင်ပါတယ်။

■

http://www.dhammadownload.com



## ကောင်းကျိုးကဲလျှံတာ
## အကောင်းတန်ခိုး ဝဲပျံခဲ့လို့ပါ

နောက်တစ်ခါ . . . 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စကားကို ဘယ်သူကပြောရဦးမှာလဲဆိုတော့ ကောင်းကျိုးချမ်းသာတွေကလည်း ပြောရဦးမှာ။ ကောင်းကျိုးချမ်းသာတွေကလည်း ကုသိုလ်ရှင်တွေကို ပြောနေပါတယ်။ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' တဲ့။ ဒါပေမဲ့ လူတိုင်းကိုတော့ မပြောဘူး။ ကုသိုလ်ကောင်းမှုတွေကို ပိုပိုသာသာ ကဲကဲမောက်မောက်လေး လုပ်တဲ့သူတွေကိုပဲ ပြောမှာ။

ကုသိုလ်ကောင်းမှုတွေကို ပိုပိုသာသာ ကဲကဲမောက်မောက်လုပ်တဲ့သူတွေကို ကောင်းကျိုးချမ်းသာတွေကလည်း ပိုပိုသာသာ ကဲကဲမောက်မောက် အလျှံပယ်ပေး

http://www.dhammadownload.com

ဖို့အတွက် 'တို့လည်းလိုက်မယ် ချန်မထားနဲ့' လို့ ပြောနေပါတယ်။

ဘာကုသိုလ်ပဲပြုပြု ကောင်းကျိုးချမ်းသာတွေကတော့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီး လိုက်တာပါပဲ။ ကုသိုလ်တွေဟာ အရိပ်ပမာလိုက်တယ်ဆိုတဲ့အတိုင်း ကုသိုလ်လုပ်တယ်ဆိုရင် ကုသိုလ်ရဲ့နောက်က ကောင်းကျိုးချမ်းသာတွေက လိုက်တာပါပဲ။

ကုသိုလ်ကို သာမန်လေးပြုမယ်၊ ပုံမှန်အတိုင်းပြုမယ်ဆိုရင်လည်း ကောင်းကျိုးချမ်းသာတွေက နောက်ကနေအမြဲကပ်လိုက်နေတာပါပဲ။ ဒါပေမဲ့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' လို့ပြောပြီး အတင်းလိုက်နေတာက သာမန်ထက်ပိုတဲ့၊ ပုံမှန်ထက် အများကြီးသာလွန်တဲ့ ကောင်းကျိုးချမ်းသာတွေပါ။

ကုသိုလ်ကောင်းမှုတွေကို ပုံမှန်ထက်၊ သို့မဟုတ်သူများထက် ပိုပိုသာသာ ကဲကဲမောက်မောက် အလှူပယ်ပြုခဲ့တယ်ဆိုရင် ကောင်းကျိုးချမ်းသာတွေကလည်း ပိုပိုသာသာ ကဲကဲမောက်မောက် အလှူပယ် လိုက်ကြတာပဲ။ ကုသိုလ်ကို ပိုပိုကဲကဲလေးလုပ်ရင် ကောင်းကျိုးကိုလည်း ပိုပိုကဲကဲလေး ရပါတယ်။ မလိုအပ်ဘဲ ကွန့်ညွှန့်ပြီး ပိုတာ၊ ကဲတာကို ပြောတာ မဟုတ်ပါဘူး။

http://www.dhammadownload.com

တခြားမကြည့်နဲ့ပေါ့။ ဝိသာခါမင်္ဂလာဆောင်တော့ သူ့ဖခင်က နွားတွေ ထည့်ပေးလိုက်တယ် ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အဖေက မင်္ဂလာလက်ဖွဲ့အနေနဲ့ ရွှေတွေငွေတွေ စသည်အားဖြင့် သက်ရှိသက်မဲ့ပစ္စည်းတွေလည်း အများကြီးပေးလိုက်တယ်။ အဲဒီအထဲမှာ နွားတွေလည်း ပါတယ်။

နွားတွေ ပေးလိုက်တော့ နွားခြံတံခါးတွေ ဖွင့်ထားလိုက်တယ်။ နွားတွေကို ထွက်ခိုင်းလိုက်တယ်ပေါ့။ သုံးဂါဝုတ်အရှည်၊ မိုင်အားဖြင့် တွက်မယ်ဆိုရင်တော့ ခြောက်မိုင်ပေါ့။ အရှည်ခြောက်မိုင်၊ အကျယ်က တစ်မိုင်လောက်ရှိတဲ့နေရာကို စည်းသားပြီး သတ်မှတ်လိုက်တယ်။ ခြံတံခါးဖွင့်ထားပြီးတော့ နွားတွေကို အဲဒီနေရာရောက်တဲ့အထိ မောင်းချလိုက်တယ်။

အဲဒီခြောက်မိုင်နေရာလောက်အထိ နွားတွေလည်း အကုန်လုံးပြည့်ရော နွားခြံတံခါးကို အကုန်လုံး ပိတ်လိုက်တယ်။ ပိတ်လိုက်တဲ့အချိန်မှာ ခြံထဲမှာ ကျန်နေခဲ့တဲ့ နွားတွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ခြံစည်းရိုးတွေကို ခုန်ကျော်ပြီးတော့ အကုန်လုံး လိုက်ကြတယ်။ ဟိုနွားကလည်း 'ဝိဝိရေ . . . တို့လည်းလိုက်ခဲ့မယ်'၊ ဒီနွားကလည်း 'သာသာရေ . . . တို့ကို ချန်မထားခဲ့ပါနဲ့'၊

http://www.dhammadownload.com

နွားတိုင်းနွားတိုင်းက 'ခါခ့ါနောက် လိုက်ခဲ့ပါရစေ' ဆိုပြီး တော့ အတင်းခုန်ပေါက်ပြီး လိုက်ကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဝိသာခါက အတိတ်ဘဝ တုန်းက ကုသိုလ်တွေကို ပိုပိုလျှံလျှံ ပြုခဲ့တာကိုး။ ကဿပ ဘုရားရှင်လက်ထက်တုန်းက သိဝိမင်းကြီးရဲ့ သမီးခုနစ် ဖော်ထဲမှာ အငယ်ဆုံး သဃ်ဒါသီဆိုတဲ့ မင်းသမီးဖြစ်ခဲ့ဖူး တယ်။ အဲဒီဘဝတုန်းက သံဃာနှစ်သောင်းကို မကြာခဏ ဆွမ်းကပ်ခဲ့တယ်။ ကဿပဘုရားရှင်လက်ထက်မှာဆိုရင် အလှူတွေ ဘာတွေပြုရင် ရဟန်းနှစ်သောင်းပေ့ါလေ။ ဦးဇင်းတို့ ဂေါတမမြတ်စွာဘုရားရှင်ဆိုရင် အများအားဖြင့် ရဟန်းတော်ငါးရာ။

အဲဒီမှာ သံဃာနှစ်သောင်းကို ဂေါရသလို့ခေါ်တဲ့ နွားကဖြစ်တဲ့ အရသာငါးမျိုး လှူဒါန်းတယ်။ နွားနို့၊ ထောပတ်၊ ဒိန်ချဉ် စသည်အားဖြင့် အဲဒီလို စားဖွယ်သောက်ဖွယ် တွေ လှူဒါန်းတဲ့အခါမှာ မထေရ်ကြီးတွေ၊ ရဟန်းတော်တွေ၊ ကိုရင်တွေက သပိတ်ကို ပိတ်ပြီးတော့ 'တော်ပြီ၊ တော်ပြီ' လို့ တားမြစ်တဲ့ကြားထဲက 'ဒီဟာလေးကတော့ဖြင့် ချိုမြိန်ပါ တယ်ဘုရား။ ဒါလေးက အင်မတန် ကောင်းမြတ်ပါတယ် ဘုရား။ ဒါလေးက ဘယ်လိုအကျိုးအာနိသင် ရှိပါတယ် ဘုရား' ဆိုပြီးတော့ သပိတ်ကို အတင်းဖွင့်ပြီးတော့ လှူခဲ့

http://www.dhammadownload.com

တယ်။

တော်ပြီလို့ တားမြစ်တဲ့ကြားထဲက ထပ်ပြီး ပိုပိုလှျံ လှျံလှူခဲ့တဲ့ ကောင်းမှုကြောင့် အခု ဒီဘဝမှာလည်းပဲ နွား တွေကို ခြံတံခါးပိတ်ပြီးတော့ တားမြစ်တဲ့ကြားထဲက 'တို့ လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ အတင်းလိုက်ကြ ပါတယ်။

ခြံတံခါးပိတ်ပြီးမှ နောက်ထပ်လိုက်တာကိုက အားရှိတဲ့နွားအထီးက ခြောက်သောင်း၊ နို့ထွက်နေပြီဖြစ်တဲ့ နွားမက ခြောက်သောင်း၊ နွားပျိုနွားပေါက်က ခြောက် သောင်း၊ နွားပေါင်း တစ်သိန်းရှစ်သောင်း လိုက်ကြပြန် တယ်။ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတာ သဘော ပေါက်တယ် မဟုတ်လား။

ကုသိုလ်ပြုစဉ်ကတည်းကိုက ပိုပိုလှျံလှျံ ပြုခဲ့တယ်။ အလှူခံပုဂ္ဂိုလ်က 'တော်ပါပြီ၊ တန်ပါပြီ' လို့ တားမြစ်နေတာ တောင်မှ မဟုတ်သေးဘူး၊ အားမရနိုင်သေးဘူး၊ ပိုပိုကဲကဲ လှူခဲ့တယ်။ ဒါ့ကြောင့် အကျိုးပေးတော့လည်း အကျိုးတရား တွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့၊ တို့လည်းလိုက် မယ် ချန်မထားနဲ့' ဆိုပြီးတော့ လိုက်ကြတယ်။

ကိုယ်မျှော်မှန်းထားတဲ့ ကောင်းကျိုးချမ်းသာက ဒီ လောက်ပဲ။ မဟုတ်ဘူး။ ကိုယ်မျှော်မှန်းထားတာထက်ကို

ပိုပြီးတော့ ကောင်းကျိုးချမ်းသာတွေက ရတယ်။

တချို့က သူများတွေ ကိုယ့်ထက်ပိုပြီး ချမ်းသာနေတာ တွေ့ရင် မနာလိုဘူး။ ကိုယ့်ထက်သာရင် မနာလိုဘူး။ သူများထက်ပိုပြီး ပြည့်စုံချင်ရင် သူများထက်ပိုပြီး ကုသိုလ်ပြုရမှာပေါ့။ အကျိုးတရားသာချင်တယ်ဆိုရင် အကြောင်းတရားသာမှ ဖြစ်မှာ။

အကြောင်းတရားကျတော့ သာအောင် မလုပ်ချင်ဘဲနဲ့ အကျိုးတရားကျတော့ သူများထက် သာချင်တယ်ဆိုရင် သဘာဝကျပါ့မလား။ သဘာဝမကျဘူး။ အခု တရားနာပရိသတ်များက သာချင်တာလား။ မသာချင်တာလား။ အကျိုးသာချင်တယ်ဆိုရင် အကြောင်းသာအောင် လုပ်ရမှာပဲ။

အကြောင်းကကံက သာမန်ဆိုရင် အကျိုးပေးကလည်း သာမန်ပဲ။ အကြောင်းကံက ထူးထူးခြားခြားဆိုရင် အကျိုးပေးကလည်း ထူးထူးခြားခြားပဲ။ အကြောင်းကံက ပိုပိုလျှံလျှံ ကဲကဲမောက်မောက်ဆိုရင် အကျိုးပေးကလည်း ပိုပိုလျှံလျှံ ကဲကဲမောက်မောက်ပဲ။

အကောင်းတန်ခိုး ဇောက်မနက်ရင် ကောင်းကျိုးဟောက်ပက်ဖြစ်နေပါလိမ့်မယ်။ အကောင်းတန်ခိုး ဝဲပျံနေမှ ကောင်းကျိုးကဲလျှံဝေမှာပါ။

http://www.dhammadownload.com



## အာချောင်ရင် အောင်ချာမယ်

မြတ်စွာဘုရားရှင်ဟောထားတဲ့ တရားလေးတစ်ပုဒ်လည်း ရှိပါတယ်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မေးလျှောက်လို့ ဟောတဲ့တရားလေးပါ။

အရှင်သာရိပုတ္တရာကလည်း ပစ္စည်းလေးပါးဒကာ ဒကာမတွေက များတာကိုး။ သူ့ရဲ့ ဒကာ၊ ဒကာမတွေထဲမှာလည်း ကုန်သည်တွေ အများကြီးရှိတယ်။ အများအားဖြင့်တော့ ပစ္စည်းလေးပါးဒကာ၊ ဒကာမတွေ ဆိုတာကလည်း စီးပွားရေးလုပ်တဲ့ကုန်သည်တွေကပဲ များတာကိုး။

ကုန်သည်တွေကို လိုက်ကြည့်လိုက်တော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက လေးမျိုးတွေ့တယ်။ တချို့

http://www.dhammadownload.com

ကုန်သည်တွေကျတော့ အရင်းရှုံးတယ်။ အရင်းတောင် မရဘူးပေါ့နော်။ ကွဲတာပေါ့။

တချို့ကုန်သည်တွေကျတော့ ရည်မှန်းသလောက် မမြတ်ဘူး။ တစ်ဆယ်မြတ်မယ်မှန်းထားရင် ငါးကျပ်ပဲ မြတ်တယ်။ တချို့ကုန်သည်တွေကျတော့ ရည်မှန်းသလောက် မြတ်တယ်။ တချို့ကုန်သည်တွေကျတော့ ရည်မှန်းထားတာထက် အဆပေါင်းများစွာ ပိုပြီးတော့ မြတ်တယ်။

'ကုန်သည်တွေ ဘာဖြစ်လို့များ ဒီလိုလေးမျိုး ကွဲနေတာပါလိမ့်'

ပညာအရာမှာ အသာဆုံး၊ အမြတ်ဆုံး တေဒဂ်ရ ပုဂ္ဂိုလ်ဆိုပေမယ့် သဗ္ဗညုတဉာဏ်ရှင် မဟုတ်တဲ့အတွက် မခွဲခြမ်း မဝေဖန်နိုင်ဘူး။ အဲဒါနဲ့ မြတ်စွာဘုရားရှင်ကို လျှောက်တယ်။

'အရှင်ဘုရား .....တပည့်တော်ရဲ့ ဒကာ၊ ဒကာမတွေထဲမှာ ဒီလိုပဲ ကုန်သည်တွေ လေးမျိုး ကွဲပြားနေပါတယ်။ ဘာလို့ပါလဲ။ အကြောင်းရင်းက ဘာပါလဲ'

အဲဒီတော့မှ မြတ်စွာဘုရားရှင်က 'သူတို့ရဲ့ ကံတွေ မတူညီကြလို့ပဲ' ဆိုပြီး ကံကွဲပြားခဲ့ပုံတွေကို ရှင်းပြပါတယ်။

လောကမှာ အမျိုးကောင်းသားတစ်ယောက်၊ သို့မဟုတ် အမျိုးကောင်းသမီးတစ်ယောက်ပေါ့။ ပုဂ္ဂိုလ်တစ်

http://www.dhammadownload.com

ယောက်၊ လူတစ်ယောက်က သမဏဗြာဟ္မဏလို့ ခေါ်တဲ့ ရဟန်းပုဂ္ဂိုလ်တွေ၊ ပုဂ္ဂိုလ်ဆိုတာက သူတော်ကောင်း ပုဂ္ဂိုလ်ကို ပြောတာပါ။ လိုရင်းကတော့ သူတော်ကောင်း ရသေ့ရဟန်းတွေပေါ့လေ။

သာသနာတွင်းဆိုရင်တော့ သာသနာတွင်းရဟန်း ပေါ့။ ဘုရားသားတော် ရဟန်းပေါ့။ သာသနာပဆိုရင်တော့ ရသေ့ရဟန်းပေါ့။ အဲဒီလို သူတော်ကောင်းရသေ့ရဟန်း ပုဂ္ဂိုလ်တွေ၊ သူတော်စင်ပုဂ္ဂိုလ်တွေနဲ့ တွေ့တဲ့အခါမှာ 'တ ပည့်တော်ကို ပစ္စည်းလေးပါးဒကာအဖြစ်နဲ့ အသိအမှတ်ပြု တော်မူပါ။ အရှင်ဘုရားလိုအပ်တဲ့ ပစ္စည်းလေးပါး တပည့် တော်ဆီ အလှူခံတော်မူပါ' ဆိုပြီးတော့ လျှောက်ထားတယ်။

လျှောက်ထားပေမယ့် အလှူခံရဟန်းပုဂ္ဂိုလ်က၊ အလှူခံ ရသေ့ရဟန်းက 'ဘာလေးလိုချင်ပါတယ်' လို့ အလှူ ခံလို့ရှိရင် မလှူဘူးတဲ့။ လုံးဝကို မလှူဘူးတဲ့။ အာချောင်တဲ့ လူလို့ ပြောရမှာပေါ့။ ပါးစပ်က အာချောင်ပြီးတော့ 'ပစ္စည်း လေးပါးအလိုရှိရင် အလှူခံတော်မူပါဘုရား' လို့ ပြောပြီး တော့ တကယ် ပစ္စည်းတစ်ခုခု အလှူခံတဲ့အခါ မလှူဘူး။

ပစ္စည်းလေးပါးဆိုတာရော သိတယ်နော်။ ဘာ တွေတုံး။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပါ။

တစ်ခါတုန်းက ဒကာတစ်ယောက်က လျှောက်ဖူး

http://www.dhammadownload.com

တယ်လေ။ တပည့်တော် ပစ္စည်းလေးပါး တစ်ပြိုင်တည်းလှူလို့ရလားတဲ့။ သူက တစ်ရက်ကို တစ်မျိုး လှူရမယ် ထင်တာပေါ့လေ။ တစ်ရက်တည်း၊ တစ်ခါတည်း လှူလို့ ရလားတဲ့။

'ဘာဖြစ်လို့ မေးတာလဲ' ဆိုတော့ 'တစ်ရက်ကို ပစ္စည်းတစ်ပါးပဲ လှူလို့ရတယ် ထင်လို့ပါ' တဲ့။ 'ပစ္စည်းလေးပါးဆိုတာ ဘာကိုပြောတယ် ထင်လို့လဲ' လို့ မေးကြည့်လိုက်တော့ 'သက်န်းရယ်၊ ထီးရယ်၊ ဖိနပ်ရယ်၊ ယပ်တောင်ရယ်၊ လေးမျိုးပါ' တဲ့။ ကောင်းရော . . .။ သက်န်း၊ ထီး၊ ဖိနပ်၊ ယပ်ကို ပစ္စည်းလေးပါး ထင်လို့တဲ့နော်။

အဲဒါကြောင့် ပြောပြရတယ်။ သက်န်း၊ ထီး၊ ဖိနပ်၊ ယပ်ကို ပစ္စည်းလေးပါးလို့ ပြောတာမဟုတ်ပါဘူး။ ဆွမ်း၊ သက်န်း၊ ကျောင်း၊ ဆေးကို ပြောတာပါလို့နော်။ ရဟန်းသာမဏေတွေ သုံးလို့ရတဲ့၊ သုံးခွင့်ရှိတဲ့ ပစ္စည်းမှန်သမျှ ဒီပစ္စည်းလေးပါးထဲ အကျုံးဝင်ပါတယ်။ အဓိကခေါင်းစဉ်အနေနဲ့ လေးမျိုးလို့ ပြောထားတာပါ။ တကယ်သုံးရမယ့် ပစ္စည်းတွေကတော့ အများကြီးပေါ့။

ပစ္စည်းလေးပါးထဲ ကားမပါဘူးလို့ စကားကပ်မပြောနဲ့၊ ပါပြီးသားပဲနော်။ ကျောင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ထည့်လိုက်ပေါ့။ အဲဒီလိုသာ စကားလိုက်ကပ်ကြေးဆိုရင် ပိဋကတ်စာအုပ်တွေ၊ တရားစာအုပ်တွေ၊ ဗလာစာအုပ်

http://www.dhammadownload.com

တွေလည်း ပစ္စည်းလေးပါးထဲ မပါဘူးလို့ ပြောရမလို ဖြစ်နေမှာပေါ့။ ရဟန်းသာမဏေတွေနဲ့ အပ်စပ်တဲ့ ပစ္စည်းအသုံးအဆောင်မှန်သမျှ 'ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး' ဆိုတဲ့ ပစ္စည်းလေးပါးထဲမှာ အကုန်အကျုံးဝင်ပါတယ်။

အဲဒါ ပုဂ္ဂိုလ်တစ်ယောက်က ရဟန်း၊ သာမဏေ၊ ရသေ့၊ သူတော်စင်ကို ပစ္စည်းလေးပါး ဖိတ်မန်ထားပြီးတော့ တကယ်လည်း အလှူခံရော လုံးဝ မလှူဘူးတဲ့။ အဲဒီပုဂ္ဂိုလ် အဲဒီကံအကျိုးပေးတဲ့ဘဝ စီးပွားရေးလုပ်ရင် အရင်းရှုံးပါတယ်တဲ့။ ပြောထားပြီး တကယ်လှူမှ မလှူတာကိုးနော်။

လောကမှာလည်း အဲဒီလိုပုဂ္ဂိုလ်မျိုး မရှိဘူးလား။ ရှိတယ်နော်။ ဘုန်းကြီးတွေ့တာနဲ့ 'အရှင်ဘုရား ပစ္စည်းလေးပါး အလိုရှိတဲ့အခါ အလှူခံတော်မူပါဘုရား' ဆိုပြီးတော့ တကယ်မလှူရတိုင်း အာချောင်ပြီးလျှောက်တဲ့ ဒကာဒကာမတွေ ရှိတယ်။ အာချောင်ပြီးတော့သာ လျှောက်တာ။ တစ်ပြားမှလည်း လှူတာမဟုတ်ဘူးနော်။ လိုချင်လို့ပြောတာ မဟုတ်ပါဘူး။ အဲဒီလိုလူတွေ ရှိတယ်။

'အရှင်ဘုရား၊ တပည့်တော်ကို ပစ္စည်းလေးပါး ဒကာ၊ ပစ္စည်းလေးပါး ဒကာမအဖြစ် အသိအမှတ်ပြုတော်မူပါဘုရား'

တချို့ ဒကာ၊ ဒကာမတွေ ခါတိုင်းလည်း တစ်ခါမှ

http://www.dhammadownload.com

မတွေ့ဖူးဘူး။ နောင်လည်း တွေ့ဖို့ သိပ်မသေချာဘူး။ တွေ့တဲ့အခိုက် ကြုံတုန်းလေး လျှောက်လိုက်တာလေ။

ကြုံတုန်းလေး လျှောက်လိုက်တော့ ဦးဇင်းက ပြောပြရတာပေါ့။ 'အဲဒီလိုအာမချောင်ပါနဲ့ ဒကာကြီး၊ အဲဒီလို အာမချောင်ပါနဲ့ ဒကာမကြီး' လို့။ ဒီသုတ္တန်လေးလည်း ပြောပြရတာကိုး။ ဝဏိဇ္ဇသုတ္တန်လို့ ခေါ်ပါတယ်။ 'တကယ်လှူမယ်ဆိုတဲ့ စိတ်ထားရှိမှ လျှောက်ပါ' ဆိုပြီးတော့ ပြောပြရတာပေါ့။ တကယ်လှူချင်တဲ့စိတ်ထား မရှိဘဲနဲ့လည်း အာချောင်ပြီး မျက်နှာလုပ်လျှောက်ထားတဲ့သူတွေကလည်း အများကြီးရှိတယ်နော်။

ဒကာကြီး ဦးမျိုးမြင့်တို့၊ ဒကာမကြီး ဒေါ်မြင့်မြင့်သိန်းတို့ သိကြာထပ်တဲ့ အလှူတုန်းကလည်း ပြောပြဖူးပါတယ်။ မြို့တစ်မြို့၊ စာသင်တိုက်တစ်ခုမှာနေတုန်းက ကြုံတွေ့ခဲ့ရတဲ့ ဒကာကြီးတစ်ယောက်အကြောင်းလေ။ သူက လူတွေ့ပြီဆိုတာနဲ့ 'အရှင်ဘုရား ဘာအလိုရှိပါသလဲဘုရား' နဲ့ အမြဲတမ်း မေးတာ။ တကယ့်တကယ်ကျတော့ ဘာမှ လှူတာလည်း မဟုတ်ဘူး။

အမှန်ကတော့ ပစ္စည်းလေးပါးဒကာအဖြစ်နဲ့ လျှောက်တဲ့ပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ ရဟန်းတော်၊ ဆရာတော်က ဘာမှ အလှူမခံဘဲနဲ့ကို ကိုယ်က အလိုက်တသိနဲ့

http://www.dhammadownload.com

လှူရတယ်။ ကြိမ်ဖန်များစွာ အလိုက်တသိနဲ့ လှူတော့မှ သက်ဆိုင်ရာ ဆရာတော်၊ ရဟန်းတော်၊ သာမဏေ၊ ဘုန်းကြီးတွေက 'ဪ . . . ဒီဒကာကတော့ ငါ့အပေါ်မှာ တကယ်ကြည်ညိုတယ်၊ တကယ် သဒ္ဓါတရားရှိတယ်' ဆိုပြီးတော့ ရင်းလည်း ရင်းနှီးသွား၊ သူ့ရဲ့အကြောင်းလည်း နားလည်သွားတဲ့အခါ တကယ်လိုတာ တစ်ခုခုရှိရင် ပွင့်ပွင့်လင်းလင်း အလှူခံမှာပေါ့။

ပါးစပ်ကတော့ ပစ္စည်းလေးပါး အလှူခံပါလို့ လျှောက်ထားပြီးတော့ လက်က ဘာမှမပါဘူးဆိုရင် ဘယ်သူက အလှူခံမှာလဲ။ ဘယ်သူမှ အလှူမခံဘူးနော်။ အဲဒါနဲ့ အဲဒီဒကာကြီးက တွေ့တာနဲ့ . . .

'အရှင်ဘုရား ဘာအလိုရှိပါသလဲ'

'ဘာမှမလိုပါဘူး ဒကာကြီး၊ ပြည့်စုံပါတယ်'

ဒီလိုနဲ့ ပြောပါများလာတော့ 'ဒီဒကာကြီးတော့ မှတ်လောက်သားလောက်အောင်တော့ ပညာပြဦးမှ ဖြစ်မယ်'။ ပညာပြတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့လေ။ သူ့အကြောင်း အမှန်အတိုင်းသိအောင် စမ်းသပ်တာပေါ့။

အဲဒီရက်က ဦးဇင်းက သက်သတ်လွတ်တွေ စားနေတာကိုး။ အကြောင်းတရား တစ်ခုကြောင့်ပေါ့။ ကုသိုလ်ရချင်လို့ စားတာ မဟုတ်ဘူးနော်။ သက်သတ်လွတ် ဆရာ

http://www.dhammadownload.com

တော်ကြီးတစ်ပါးနဲ့ သက်သတ်လွတ်အကြောင်း ဆွေးနွေးကြရင်း အဲဒီဆရာတော်ကြီးကို 'သက်သတ်လွတ်တစ်နှစ်စားမယ်' လို့ ကတိပေးလိုက်လို့ စားနေတာ။ သက်သတ်လွတ်သုတေသနလုပ်တဲ့သဘောပေါ့။ သက်သတ်လွတ်ကို ကိုယ်တွေ့လေ့လာကြည့်တဲ့သဘောပါပဲ။

သက်သတ်လွတ်စားနေတဲ့ရက်ဆိုတော့ ရန်ကုန်က ဒကာမကြီးတစ်ယောက်က ငန်းဖွှန် (ငွှန်)ထောပတ်ဆီပြီးတော့ ပို့ပေးနေတယ်။ အရုဏ်ဆွမ်းမှာ ဆွမ်းပူပူလေးနဲ့ နယ်ပြီးတော့ ဘုဉ်းပေးရအောင်လို့ပေါ့လေ။ အဲဒီတုန်းက ဦးဇင်းကလည်း အရမ်းပိန်တော့ သက်သတ်လွတ်စားနေချိန်မှာ အားရှိစေချင်လို့၊ ကျန်းမာရေး မျှတစေချင်လို့ ဖြစ်မှာပေါ့။

အဲဒါနဲ့ အဲဒီဒကာကြီးကို ပြောလိုက်တယ်။ 'ဒကာကြီး၊ ဒီမြို့မှာ ဒီငန်းဖွှန်ထောပတ်ဆီလိုမျိုး ထောပတ်ဆီရှိလား'။ ရှိပါတယ်ဘုရားတဲ့။ ဒါပေမဲ့ အရှင်ဘုရား လိုချင်တဲ့ဟာနဲ့ တူမတူ မသိဘူးတဲ့။ တပည့်တော် ယူလာခဲ့မယ်ဘုရားတဲ့။ လျှုပ့်မယ်ပေါ့လေ။

တပည့်တော် ယူလာခဲ့မယ်သာ ပြောတာ။ တစ်လနေလို့လည်း ပေါ်မလာဘူး။ နှစ်လနေလို့လည်း ပေါ်မလာဘူး။ သူ့ထောပတ်ဆီ စားရဖို့အရေးကတော့ မလွယ်ဘူး

http://www.dhammadownload.com

ပေါ့နော်။ သူ့ထောပတ်ဆီရမှသာ ဆွမ်းစားရမယ်ဆိုရင် အားပြတ်ပြီး သေသွားနိုင်တယ်။

သုံးလမြောက် နောက်တစ်လလောက်နေတော့မှ ပေါ်လာတယ်။ ဘာလေးနဲ့ ပေါ်လာသလဲဆိုတော့ လစ်ပိုပုလင်းလေးနဲ့။ လစ်ပိုပုလင်းအလွတ်လေးထဲမှာ ထောပတ်ဆီလေး ထည့်ပြီးတော့ 'အရှင်ဘုရားလိုချင်တဲ့ ထောပတ်ဆီက ဒါမျိုးလား။ စမ်းသုံးကြည့်ပါဦး' ဆိုပြီးတော့ နမူနာလာပြသေးတာနော်။ 'ကောင်းပါပြီဒကာကြီး၊ စမ်းသုံးကြည့်လိုက်ပါမယ်' ဆိုပြီးတော့ သုံးကြည့်လိုက်ရော ကိုယ်သုံးနေတဲ့ ထောပတ်ဆီ ဖြစ်နေတယ်။

နောက်တစ်လလောက်နေမှ သူကလည်း ပေါ်လာပြန်တယ်။ 'အရှင်ဘုရား အရင်တစ်ခေါက်က ထောပတ်ဆီ အဆင်ပြေရဲ့လား' ဆိုတော့ 'ပြေပါတယ် ဒကာကြီး။ ဦးဇင်းအသုံးပြုတဲ့ ထောပတ်ဆီက ဒီလိုထောပတ်ဆီပဲ' လို့ ပြောပြရတာပေါ့။ 'ဒါဆို တပည့်တော်လှူမယ်ဘုရား' တဲ့။

နောက်သုံးလလောက်နေတဲ့အထိ ပေါ်မလာတော့ဘူး။ နောက်သုံးလလောက်နေမှ ထောပတ်ဆီ လာလှူပါတယ်။ ဦးဘငြိမ် စတုမဓုပုလင်းအသေးနဲ့ တစ်ပုလင်း။ ငှက်ပျောဖူးပုလင်းနဲ့တစ်ပုလင်း လှူတာမဟုတ်ဘူးနော်။

http://www.dhammadownload.com

စတုမဓုပုလင်းအသေးလေးနဲ့ တစ်ပုလင်းလှူတာ။ စတုမဓု ပုလင်းအကြီးနဲ့ တစ်ပုလင်း၊ အလတ်စားနဲ့ တစ်ပုလင်း တောင် မဟုတ်ဘူး။

အဲဒီနောက်ပိုင်း ဦးဇင်းကို ခဏခဏတွေ့တာပဲ။ ဒါပေမဲ့ တွေ့တိုင်း 'အရှင်ဘုရား ဘာအလိုရှိပါသလဲ' မပြော တော့ဘူးနော်။ တစ်ခါမှကို မမေးတော့ဘူး။ 'တပည့်တော် လှူထားတဲ့ ထောပတ်ဆီ ကုန်သွားပြီလား' လို့ လုံး၀ ထပ် မမေးတော့ဘူး။ လိုတာ တကယ်လှူချင်လို့ 'လိုတာ အလှူခံ ပါဘုရား' လျှောက်တာ မဟုတ်ဘူးဆိုတာ သေချာမသွား ဘူးလား။

ဒါ့ကြောင့် 'အာမချောင်ပါနဲ့' ဆိုတဲ့ ခေါင်းစဉ်နဲ့ တရားတစ်ပုဒ်ဟောပေးရဦးမယ် ထင်တယ်နော်။ ဒီ၀ဏ္ဏ သုတ္တန်ကိုပဲ အကျယ်ဖွင့်ဆိုပြီးတော့လေ။ ရဟန်းသံဃာ တွေနဲ့ ပတ်သက်ဆက်ဆံနေသူတိုင်းလည်း သိသင့်တယ်။ မိသားစုအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ပတ်သက်ဆက် ဆံနေသူတိုင်းလည်း သိသင့်တယ်။ ကိုယ်တကယ်တာ၀န် မယူနိုင်ဘဲနဲ့ ဘာကိုမှ အလွယ်တကူ အာမ,မခံမိဖို့ပေါ့။

အာချောင်ရင် အောင်ချာမယ်။ 'အောင်ချာမယ်' ဆိုတာ အောင်မြင်မှုချာသွားမယ်၊ ပြည့်စုံမှု ညံ့ဖျင်းသွားမယ်၊ အကျိုးပေးနိမ့်ကျသွားမယ်လို့ ပြောတာပါ။

http://www.dhammadownload.com



## အပေးပိုတော့ အပိုပေးတာပေါ့

အာချောင်ရင် အရင်းရှုံးလိမ့်မယ်။ အရင်းပြုတ်လိမ့်မယ်လို့သာ မှတ်ပေတော့နော်။ နောက်ကုန်သည်တစ်ယောက်ကကျတော့ 'ပစ္စည်းလေးပါးအလိုရှိရင် အလှူခံတော်မူပါဘုရား' ဆိုပြီးတော့ လျှောက်တော့ လျှောက်ထားတယ်။ ကိုယ်က လျှောက်ထားလို့ ဟိုကအလှူလာခံတဲ့အခါမှာတော့ အလှူခံသလောက် မလှူဘူးတဲ့။ ဆိုကြပါစို့။ ဟိုက သင်္ကန်းတစ်စုံ အလှူခံတယ်ပေါ့။ ရဟန်းတော်တစ်ပါးက 'ဒကာကြီး၊ ဦးဇင်းသင်္ကန်းဟောင်းသွားလို့၊ ဝတ်လို့ အဆင်မပြေတော့လို့ သင်္ကန်းတစ်စုံလှူပါ'။

အဲဒီလိုပြောတော့ ဟိုက သုံးလေးရက်လောက်နေ

http://www.dhammadownload.com

တော့ လာလှူပါတယ်။ ဒါပေမဲ့ သင်းပိုင်ပဲပါတယ်။ ကေသီ မပါဘူးနော်။ 'အရှင်ဘုရား၊ တပည့်တော် အဆင်မပြေသေးလို့ နောက်မှပဲ ကေသီလှူတော့မယ်။ အခုတော့ သင်းပိုင်ပဲ လှူမယ်'။

သင်းပိုင်ဆိုတာရော ဒကာကြီး၊ ဒကာမကြီးတွေ သိတယ်နော်။ ခါးမှာ ဝတ်တာက သင်းပိုင်၊ အပေါ်မှာဝတ်တာက ကေသီ။

ဒါမှမဟုတ်လည်း ကေသီပဲ လှူတယ်။ သင်းပိုင် မပါဘူးပေါ့။ 'တပည့်တော ကေသီပဲ အဆင်ပြေသေးလို့ ကေသီပဲ လှူပါရစေဦးဘုရား'။ တစ်စုံအလှူခံတာ တစ်စုံလုံး အပြည့်မလှူဘဲနဲ့ လျှော့ပြီးတော့ လှူတယ်။

ပိုက်ဆံအနေနဲ့ ပြောမယ်ဆိုရင်လည်း တစ်သောင်းအလှူခံတယ်ဆိုရင် 'တပည့်တော် အဆင်မပြေသေးလို့ လောလောဆယ် ငါးထောင်ပဲ ယူထားပါဦးဘုရား'။ ပိုက်ဆံက ဘုန်းကြီးကို တိုက်ရိုက်ကပ်ရမှာတော့ မဟုတ်ဘူးနော်။ သဘောပြောပြတာပါ။ ငါးထောင်ပဲ လှူတယ်။ အလှူခံသလောက် မလှူဘူးပေါ့။

ဒီလိုပြောလို့လည်း အလှူခံပုဂ္ဂိုလ်တွေက လိုချင်တိုင်း အလှူခံရမယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်။ သမဏ-ဖြဟ္မဏဆိုတဲ့နေရာမှာ တကယ့်ကို သူတော်ကောင်းစိတ်

http://www.dhammadownload.com

ခာတ်ရှိတဲ့ သမဏ၊ ဗြာဟ္မဏကို ပြောတာပါ။ အလှူခံပုဂ္ဂိုလ်ရဲ့ စွမ်းနိုင်မှု အတိုင်းအတာ ပမာဏ၊ ကိုယ့်ရဲ့ လိုအပ်ချက်အတိုင်း အတာပမာဏကို နားလည်တဲ့ သူတော်ကောင်းအစစ်ကို ပြောတာပါ။

တကယ့်သူတော်ကောင်းအစစ်က ပမာဏမကြည့်ဘဲနဲ့ လိုချင်တိုင်း စွတ်ပြီးတော့ အလှူမခံပါဘူး။ အလှူပေးတဲ့ပုဂ္ဂိုလ်လှူနိုင်တဲ့ပမာဏကိုသာ အလှူခံတာပါ။

သင်္ကန်းတစ်စုံလှူနိုင်မှန်းသိလို့ တစ်စုံအလှူခံပါတယ်။ ဧကသီပဲလှူတယ်။ သင်းပိုင်ပဲ လှူတယ်။ တစ်သောင်းလှူနိုင်တယ်ဆိုတာ သိလို့၊ တစ်သောင်းလှူနိုင်တဲ့အနေအထားရှိလို့ တစ်သောင်းအလှူခံမိပါတယ်။ ငါးထောင်ပဲ လှူတယ်။ တစ်ထောင်ပဲ လှူတယ်ပေါ့လေ။ လျှော့ပြီးတော့ လှူတယ်တဲ့။ အဲဒီကံအကျိုးပေးတဲ့ဘဝကျတော့ရည်မှန်းသလောက် မပြတ်တော့ဘူး။ လှူကတည်းကိုက အလှူခံပုဂ္ဂိုလ်လိုသလောက် သူမှ မလှူခဲ့ဘဲကိုး။

လျှော့ကတ်တုန်းကတော့ အလိုရှိရာ အလှူခံပါလို့ လျှော့ကတ်ခဲ့တာပဲ။ အလိုရှိရာထက်ကို လျှော့ပြီးတော့ လှူခဲ့တယ်။ ဒါ့ကြောင့်မို့လို့ တစ်သိန်းမြတ်ရမယ်လို့ ရည်မှန်းထားတဲ့အလုပ်က ငါးသောင်းလောက်ပဲ မြတ်တယ်။ သုံးသောင်းလောက်ပဲ မြတ်တယ်။ ကိုယ်ရည်မှန်းသလောက် မမြတ်ဘူး

http://www.dhammadownload.com

ပေါ့နော်။ ဒါက အရေအတွက်ကို ပြောတာ။

တစ်နည်းအားဖြင့်လည်းပဲ ကိုယ့်မှာ ဖောက်သည် အယောက်တစ်ရာလောက်လာရမယ့်ကိစ္စကို မလာတော့ဘူး။ ငါးဆယ်လောက်ပဲ လာတယ်။ ခုနစ်ဆယ်လောက်ပဲ လာတယ် . . . စသည်အားဖြင့်ပေါ့။

တစ်ခုချင်း အမြတ်အစွန်းအနေနဲ့က ရည်မှန်းသလောက် အတူတူပဲထားဦး။ ဝယ်သူလူဦးရေက နည်းသွားတော့ အမြတ်ကလည်း နည်းသွားတာပါပဲ။ ဒါ့ကြောင့် လျှော့လှူရင်တော့ ထင်သလောက်မြတ်မှာ မဟုတ်ဘူး။ ဒါဆိုရင် ကျန်တာတွေလည်း သဘောပေါက်လောက်ပါတယ်။

မှန်းသလောက်မြတ်တဲ့ပုဂ္ဂိုလ်ကျတော့ အတိတ်ဘဝတုန်းက ပစ္စည်းလေးပါးဒကာခံခဲ့တယ်။ ကိုယ်ဒကာခံထားတဲ့ ရဟန်းသာမဏေ သူတော်စင်များက အလှူခံလာတဲ့အခါမှာ သူအလှူခံသလောက် ကွက်တိလှူခဲ့တယ်။ သင်္ကန်းတစ်စုံလိုတယ်လို့ တောင်းလိုက်လို့ရှိရင် သင်္ကန်းတစ်စုံပဲ လှူလိုက်တယ်။ ဘာမှ အပိုမပါတော့ဘူး။ တစ်သောင်းအလှူခံတယ်ဆိုရင် တစ်သောင်းကွက်တိပဲ။

အဲဒီလို အလှူခံပုဂ္ဂိုလ် အလှူခံသလောက်ပဲ ကွက်တိလှူခဲ့တဲ့ပုဂ္ဂိုလ်ကျတော့ အကျိုးပေးတဲ့ဘဝမှာ ရည်မှန်းသလောက် ကွက်တိပဲ မြတ်ပါတယ်။ အပိုမမြတ်တော့ဘူး။

http://www.dhammadownload.com

ပိုပြီးတော့ မြတ်တဲ့ပုဂ္ဂိုလ်ကျတော့ သက်န်းတစ်စုံ အလှူခံတယ်ဆိုရင် 'အရှင်ဘုရား၊ အရှင်ဘုရား အလှူခံတဲ့ သင်္ကန်းကို လှူပါ့မယ်။ အိမ်ကို ဆွမ်းစားကြွပါ။ ဆွမ်းလေး လည်း ကပ်ပါရစေ။ ဆွမ်းကပ်ပြီးတော့မှ သင်္ကန်းကပ်ပါရ စေ' ဆိုပြီးတော့ . . .

အလှူခံတာက သင်္ကန်းပဲ အလှူခံတာ။ သူက အိမ်ပင့်ပြီးတော့ ဆွမ်းကပ်လိုက်သေးတယ်။ ဟုတ်လား။ လိုအပ်ရာ နဝကမ္မဝတ္ထုတွေလည်း လှူဒါန်းလိုက်သေး တယ်။ မျက်နှာသုတ်ပဝါ၊ နေရာထိုင် စသည်အားဖြင့်ပေါ့။ အခြံအရံလေးတွေနဲ့ ပိုပိုသာသာလေး လှူဒါန်းလိုက် တယ်။

ဒါမှမဟုတ် ပိုက်ဆံအလှူခံတာဆိုရင်လည်း . . . ပိုက်ဆံတော့ တိုက်ရိုက်အလှူခံလို့မရဘူးပေါ့။ 'တစ်သောင်း' ဆိုရင် 'တစ်သောင်းတန် အပ်စပ်တဲ့ ပစ္စည်းလေးပါး' အလှူ ခံရတာ။ တစ်သောင်းနဲ့ ထိုက်တန်တဲ့ ပစ္စည်းတစ်ခုခုကို ရည်ညွှန်းပြီးတော့ ပြောရတာပေါ့။ နားလည်လွယ်အောင် ပြောမယ်ဆိုရင်တော့ တစ်သောင်းအလှူခံတယ်ပေါ့။

တစ်သောင်းအလှူခံတယ်ဆိုရင် 'အရှင်ဘုရား၊ တစ်သောင်းလောက်နဲ့တော့ သိပ်လောက်မယ် မထင်ဘူး။ တော်ကြာ ခြစ်ခြစ်ခြုတ်ခြုတ်ဖြစ်နေရင် သိပ်မကောင်းပါ ဘူးဘုရား။ တစ်သောင်းခွဲလှူပါရစေ၊ နှစ်သောင်းလှူပါရ

http://www.dhammadownload.com

စေ'။

ဟိုက တစ်သောင်းပဲ အလှူခံတာ။ ကိုယ်က ပိုပို လျှံလျှံ တစ်သောင်းခွဲ၊ နှစ်သောင်း စသည်ဖြင့် လှူလိုက်တယ်တဲ့။ အဲဒီပုဂ္ဂိုလ် အကျိုးပေးတဲ့ဘဝကျတော့ ရည်မှန်းတာထက် ပိုပြီးတော့ မြတ်တယ်။ တစ်သိန်းပဲမြတ်မယ်လို့ ရည်မှန်းထားတဲ့ လုပ်ငန်းက နှစ်သိန်းမြတ်တာနဲ့၊ ငါးသိန်းမြတ်တာနဲ့။ ဈေးတက်တဲ့အချိန်နဲ့ သွားတိုးတာပေါ့လေ။

ဈေးတက်မှရယ်လို့လည်း မဟုတ်ပါဘူး။ အမြတ်က သူလိုကိုယ်လို အမြတ်ယူတယ်ထား။ ကိုယ့်ဆိုင်မှာ အားပေးတဲ့သူ များတဲ့အတွက် ကိုယ်ရည်မှန်းတာထက် ပိုပြီးတော့ မြတ်တာပေါ့။ ဒီနေ့ ကိုယ့်ဆိုင်မှာ လူတစ်ရာလောက်ပဲ ကျမယ်လို့ထင်တာ။ တစ်ရာ့ငါးဆယ်၊ နှစ်ရာ စသည် ကျလာတယ်ဆိုတော့ ကိုယ်ရည်မှန်းထားတာထက် ပိုပြီးတော့ မြတ်သွားတာပေါ့။

ရည်မှန်းထားတာထက် ပိုပြီးတော့ မြတ်တာ ဘာဖြစ်လို့လဲ။ လှူစဉ်ကတည်းက အလှူခံပုဂ္ဂိုလ် ရည်မှန်းထားတာထက် ပိုပြီးတော့ လှူခဲ့လို့။ အလှူခံပုဂ္ဂိုလ် အလှူခံတာထက် ပိုပြီးတော့ လှူခဲ့လို့။

အဲဒီတော့ အနှစ်ချုပ်ပြောမယ်ဆိုရင် လုံးဝ မလှူတဲ့ပုဂ္ဂိုလ်က အရင်းရှုံးတယ်။ ဒါ ရိုးရိုးလုံးဝမလှူတာကို

http://www.dhammadownload.com

ပြောတာ မဟုတ်ဘူး။ လိုအပ်ရာ အလှူခံပါလို့ ကိုယ်က ဖိတ်မန်ထားတဲ့ပုဂ္ဂိုလ်ကို လုံးဝ မလှူတာကို ပြောတာ။

လိုအပ်ရာ လှူပါ့မယ်လို့ ပြောထားပါလျက်နဲ့ လုံးဝ မလှူခဲ့တော့ အရင်းရှုံးတယ်။ အလှူခံတာထက် လျော့လှူခဲ့တော့ အပြည့်အဝ မဖြစ်ဘူး။ အလှူခံတဲ့အတိုင်း ကွက်တိလှူခဲ့တော့ ကွက်တိပဲ ဖြစ်တယ်။ အလှူခံတာထက် ပိုပိုကဲကဲ လှူခဲ့တော့ ရည်မှန်းထားတာထက် ပိုပြီးတော့ ဖြစ်တယ်။

ခုန ဝိသာခါတို့လိုပေါ့နော်။ အကြောင်းတရားကို ပိုပိုသာသာလေး လုပ်ခဲ့တော့ အကျိုးတရားတွေကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီး ပိုပိုသာသာလေး လိုက်ကြတာပေါ့။ ကိုယ်ထင်ထားတာထက် ပိုပြီး အကျိုးပေး၊ ကိုယ်မှန်းထားတာထက်ပိုပြီး အကျိုးရတာပေါ့။

ပိုက်ဆံတွေကသာ စကားပြောတတ်မယ်ဆိုရင် သူတို့ပြောနေမှာပါ။ ကုသိုလ်ကောင်းမှုကို ပိုပိုသာသာပြုခဲ့တဲ့ပုဂ္ဂိုလ်ဆိုရင် ပိုက်ဆံတွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့'။ ဒေါ်လာနဲ့ အလုပ်လုပ်ရတဲ့ပုဂ္ဂိုလ်ဆိုရင်လည်း ဒေါ်လာလေးတွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့'။

ပိုက်ဆံလေးတွေကသာ စကားပြောတတ်မယ်ဆိုရင်၊ ကောင်းကျိုးချမ်းသာတွေကသာ စကားပြောတတ်

http://www.dhammadownload.com

မယ်ဆိုရင် 'တို့လည်းလိုက်မယ် ချန်မထားနဲ့'။ ဝင်လာမစဲ တသဲသဲ။ ပိုက်ဆံတွေ၊ ကောင်းကျိုးချမ်းသာတွေက အလုံး အရင်းနဲ့ကို ဒလဟော ဝင်လာကြမှာပါပဲ။

ကိုယ်က ရည်မှန်းတာကတော့ သိန်းတစ်ရာတန် အိမ်လေးဆောက်ဖို့ ရည်မှန်းတာပါ။ ဆောက်ရင်းဆောက် ရင်းနဲ့ သိန်းနှစ်ရာတန်အိမ်ကြီး ဖြစ်သွားတယ်။ သိန်းငါးရာ တန်၊ သိန်းတစ်ထောင်တန်အိမ် ကြီးကြီးကျယ်ကျယ် ခမ်း ခမ်းနားနား ဖြစ်သွားတယ်။

အဲဒီတော့ ဘီလပ်မြေတွေသာ စကားပြောတတ် မယ်ဆိုရင်၊ အုတ်တွေ၊ သဲတွေ၊ သံလေးတွေသာ စကားပြော တတ်မယ်ဆိုရင် သူတို့က 'တို့လည်းလိုက်မယ် ချန်မထားနဲ့' လို့ ပြောနေကြမှာပါပဲ။ အဲဒီလို ကိုယ့်ရဲ့ ကံကြောင့်မို့လို့ကိုပဲ ကိုယ့်အိမ်ကြီးကလည်း ကိုယ်ရည်မှန်းထားတာထက်ကို ပိုပြီး ကြီးကျယ်ခမ်းနားသွားတာ၊ ပိုပြီးတန်ဖိုးကြီးသွားတာပါနော်။

အဲဒီလိုအားဖြင့်ပါပဲ။ အကျိုးတရားတွေ မှန်သမျှ ကလည်း ကုသိုလ်ကောင်းမှုကို ပိုပိုသာသာလုပ်တဲ့ပုဂ္ဂိုလ်ကို 'တို့လည်းလိုက်မယ် ချန်မထားနဲ့' လို့ အမြဲတမ်းပြောနေပါ တယ်။ အဲဒီလို မပြောစေချင်ဘူးလား။ ပြောစေချင်တယ်။ ကောင်းကျိုးချမ်းသာတွေက အဲဒီလို ပြောစေချင်တယ်ဆို ရင် ကောင်းကျိုးချမ်းသာရခြင်းရဲ့ အကြောင်းတရားဖြစ်တဲ့

http://www.dhammadownload.com

ကုသိုလ်ကောင်းမှုတွေကိုလည်း ပိုပိုသာသာ လုပ်ရမှာပေါ့၊ ကဲကဲမောက်မောက် လုပ်ရမှာပေါ့။ အလျှံပယ် လုပ်ရမှာ ပေါ့။

ကုသိုလ်ကောင်းမှုတွေကို သူများထက် အမြဲတမ်း သာအောင် လုပ်ရမယ်။ 'သာအောင်' ဆိုတဲ့နေရာမှာ သူ များနဲ့ လိုက်ပြိုင်ပြီးတော့ မာနစိတ်နဲ့၊ ဂုဏ်တုဂုဏ်ပြိုင် လုပ်ချင်တဲ့သဘောနဲ့ လုပ်ဖို့ပြောတာ မဟုတ်ဘူးနော်။ သူ့ မှာ ဒီလိုကုသိုလ်တွေရှိတယ်ဆိုရင် သူ့မှာရှိတဲ့ ကုသိုလ်မျိုး တွေ ငါ့မှာရှိအောင်လည်း ကြိုးစားမယ် . . . စသည်အား ဖြင့် အားကျတဲ့ ကောင်းမြတ်စိတ်နဲ့ ဒီလိုပြိုင်ရမှာပေါ့။ ဒါ့ကြောင့်ဆိုလိုက်ပါ။

**ကုသိုလ်ပိုကဲ၊ သုခလည်း၊ လျှံမြဲလိုက်ခဲ့မည်။**

ကိုယ်က သူတစ်ပါးကို ကောင်းကျိုးချမ်းသာတွေ ပိုပိုသာသာ ပေးခဲ့ရင် ကိုယ့်ကိုလည်း ကောင်းကျိုးချမ်းသာ တွေက ပိုပိုသာသာ ပြန်ပေးမှာပါပဲ။ ကိုယ်က အပေးပို တော့ ကိုယ့်ကိုလည်း အပိုပေးတော့တာပေါ့။ ကိုယ်က သူ တစ်ပါးကို အပေးပိုလေ၊ ကိုယ့်ကိုလည်း သူတစ်ပါးက အပို ပေးလေပါပဲ။

■

http://www.dhammadownload.com



## ကုသိုလ်တုပပြိုင်တော့
## အခုလို သုခပြိုင်တာပေါ့

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စကားကို ပထမဆုံးပြောတာက မိမိကိုယ်တိုင်ကပါ။ ဒုတိယပြောတာက ကောင်းကျိုးချမ်းသာတွေကပါ။

ချမ်းသာဆိုတာ ကောင်းမှုရဲ့ နာမည်ပဲလို့ မြတ်စွာဘုရားဟောထားပါတယ်။ ကောင်းမှုမရှိရင် ချမ်းသာမရှိပါဘူး။ ကောင်းမှုရှိမှ ချမ်းသာရှိပါတယ်။ ကောင်းမှုနည်းနည်းရှိရင် ချမ်းသာနည်းနည်းရှိမယ်။ ကောင်းမှုအလယ်အလတ်ရှိရင် ချမ်းသာအလယ်အလတ်ရှိမယ်။ ကောင်းမှုအများကြီးရှိရင် ချမ်းသာအများကြီးရှိမယ်။ ကောင်းမှုတွေ ပိုပိုကဲကဲရှိရင် ချမ်းသာတွေလည်း ပိုပိုကဲကဲ ရှိမယ်။ ဒါ့ကြောင့် ချမ်း

http://www.dhammadownload.com

သာတွေ ပိုသာချင်တယ်ဆိုရင်တော့ ကောင်းမှုတွေလည်း ပိုသာအောင် ပြုလုပ်ရမှာပေါ့။

ဂုဏ်တုဂုဏ်ပြိုင်အနေနဲ့သာ ကုသိုလ်ကို မပြိုင်ရဘူးလို့ ပြောတာ။ ခုန မဟာကပ္ပိနမင်းကြီးတို့လို 'သူကုသိုလ်ရသလို တို့လည်း ရရမယ်' ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့တော့ မပြိုင်သင့်ဘူးလား။ ပြိုင်သင့်တယ်။ ပြိုင်သင့်လို့ ကုသိုလ်တွေကို တစ်ဆင့်ထက် တစ်ဆင့်မြင့်အောင် တိုးတိုးပြီး အပြိုင်လိုက်ပြုပြီဆိုရင် ကောင်းကျိုးချမ်းသာတွေကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကိုယ့်နောက်ကနေ အပြိုင်အဆိုင် လိုက်ပါတယ်။

ကိုယ်က 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကုသိုလ်လမ်းစဉ်နောက်ကို လိုက်ခဲ့တော့ ကောင်းကျိုးချမ်းသာတွေကလည်း ကိုယ့်နောက်ကို လိုက်တာပေါ့။ ကောင်းကျိုးချမ်းသာတွေထဲမှာ အဆင့်အမြင့်ဆုံးချမ်းသာက ဘာချမ်းသာလဲ။ နိဗ္ဗာန်ချမ်းသာ။ ကုသိုလ်ကို သူများနောက်ကနေ အပြိုင်လိုက်ပြီး ပြုတတ်ရင် နိဗ္ဗာန်ချမ်းသာအထိကို ရစေနိုင်တာနော်။

ကဿပဘုရားရှင်လက်ထက်တုန်းက ဂဝေသီ ဉပါသကာကြီးဆိုတာ ရှိခဲ့ဖူးပါတယ်။ ကြားဖူးမှာပေါ့နော်။ အဲဒီဂဝေသီဆိုတဲ့ ဒကာကြီးမှာ အခြံအရံပရိသတ်ငါးရာ

http://www.dhammadownload.com

တောင်ရှိတယ်။ သူကခေါင်းဆောင်ပေါ့လေ။ တစ်နေ့ကျ တော့ ဂဝေသီက စဉ်းစားတယ်။

'ငါဟာ ဥပါသကာငါးရာရဲ့ ရှေ့သွားခေါင်းဆောင် ဖြစ်တယ်။ ဒါပေမဲ့ သူတို့လည်း ငါးပါးသီလ မလုံဘူး။ ငါ လည်းပဲ ငါးပါးသီလ မလုံဘူး။ သူတို့ရဲ့ ခေါင်းဆောင်ဖြစ်နေ ပြီးတော့ ငါးပါးသီလ မလုံဘူးဆိုရင်တော့ နေရာမကျဘူး။ အဆင်မပြေဘူး။ ဒီတော့ ဒီနေ့ကစပြီးတော့ ငါ ငါးပါးသီလ လုံအောင်ထိန်းမယ်'

အဲဒီလိုတွေးပြီးတော့ ငါးပါးသီလကို လုံအောင် ထိန်းပါတယ်။ လုံအောင်ထိန်းကြည့်လိုက်လို့ လုံပြီဆိုတာ စိတ်ချရပြီဆိုတဲ့အခါ သူ့တပည့်ငါးရာကိုလည်း ပြောလိုက် တယ်။

'မိတ်ဆွေတို့ . . . ၊ ကျွန်ုပ်ကို ဒီနေ့ဒီအချိန်ကစပြီး တော့ ငါးပါးသီလလုံတဲ့သူလို့ အသိအမှတ်ပြုလိုက်ပါတော့။ ကျွန်ုပ်က ငါးပါးသီလကို လုံအောင် စောင့်ထိန်းနေပါတယ်'

အဲဒီလိုပြောတော့ တပည့်ငါးရာကလည်း တိုင်ပင် စည်းဝေးကြပြီးတော့ 'ငါတို့လည်း ဆရာကြီးလိုပဲ ငါးပါးသီလ လုံအောင် ထိန်းကြမယ်'၊ စမ်းပြီးတော့ ထိန်းကြည့်တယ်။ လုံပြီဆိုတာလည်း သိရော ဆရာကြီးကို ပြောတယ်။

'ဆရာကြီး . . . ၊ ကျွန်တော်တို့ကိုလည်း ငါးပါး

http://www.dhammadownload.com

သီလလုံတဲ့သူတွေလို့ အသိအမှတ်ပြုပါ။ ကျွန်တော်တို့လည်း ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ လုံအောင် စောင့်ထိန်းနေကြပါပြီ'

အဲဒီမှာ ဂဝေသီဒကာကြီးက တစ်ခါထပ်ပြီးတော့ စဉ်းစားပြန်တယ်ပေါ့။

'ငါကလည်း ငါးပါးသီလ လုံတယ်။ သူတို့လည်း ငါးပါးသီလ လုံတယ်။ သူတို့နဲ့ ငါနဲ့ အတူတူ ဖြစ်နေပြီ။ ဆရာနဲ့တပည့် အတူတူဖြစ်နေရင်တော့ မကိုက်သေးဘူး။ ဆရာက တပည့်ထက်တော့ သာမှဖြစ်မယ်'

'ဒီတော့ ဒီနေ့ကစပြီးတော့ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်နေရာမှာ အဗြဟ္မစရိယသိက္ခာပုဒ်ကို ထည့်သွင်းပြီးတော့ စောင့်ထိန်းမယ်။ မမြတ်တဲ့ မေထုန်အကျင့်ကို ဒီနေ့ကစပြီးတော့ လုံးဝ မကျင့်တော့ဘူး'

ဗြဟ္မစရိယပဉ္စမကသီလလို့ ခေါ်တာပေါ့။ ရိုးရိုး ငါးပါးသီလထက် ပိုပြီးတော့ အဆင့်မြင့်သွားတယ်။ ရိုးရိုး ငါးပါးသီလက ကာမပိုင်မဟုတ်တဲ့ အမျိုးသား၊ အမျိုးသမီးတွေနဲ့သာ ကာမဂုဏ်ခံစားခွင့်မရှိတာ။ ကာမပိုင်ဖြစ်တဲ့ အမျိုးသား၊ အမျိုးသမီးနဲ့တော့ ကာမဂုဏ်ခံစားခွင့်ရှိတယ်။

အဗြဟ္မစရိယသိက္ခာပုဒ်ကျတော့ ကာမပိုင်ဖြစ်တဲ့ အမျိုးသား၊ အမျိုးသမီးနဲ့တောင် ကာမဂုဏ်ခံစားခွင့် မရှိ

http://www.dhammadownload.com

တော့ဘူး။ ပိုပြီးတော့ အဆင့်မြင့်သွားတာပေါ့။ ရာဂကိလေသာကို ပိုပြီးပယ်နိုင်လို့ ပိုပြီး အဆင့်မြင့်သွားတာပါ။

အဲဒါနဲ့ သူက ငါးပါးသီလဆောက်တည်ပြီဆိုရင် တတိယမြောက်သိက္ခာပုဒ် (ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်) နေရာမှာ 'အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ'။ အဗြဟ္မစရိယသိက္ခာပုဒ် ဆောက်တည်တယ်။

အဲဒီလို လုံခြုံပြီ၊ ထိန်းနိုင်ပြီလည်း ဆိုရော တပည့်တွေကို ပြောပြန်တယ်။ 'ကျွန်ုပ်ကို အဗြဟ္မစရိယသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းတဲ့သူအဖြစ် အသိအမှတ်ပြုပါ'။ နောက်တော့ တပည့်တွေကလည်း အဗြဟ္မစရိယသိက္ခာပုဒ်ကို လိုက်ပြီးတော့ ထိန်းကြပြန်တယ်။

'ဆရာကြီး . . .၊ ကျွန်တော်တို့ကိုလည်း ဒီလိုပဲ အသိအမှတ်ပြုပါ။ မမြတ်တဲ့ မေထုန်အကျင့် (အဗြဟ္မစရိယ)ကို ရှောင်ကြဉ်တဲ့သူတွေအဖြစ် အသိအမှတ်ပြုပါ'

ဒါနဲ့ ဆရာကြီးက စဉ်းစားပြန်တယ်။ 'တူနေရင်တော့ မဖြစ်ဘူး။ သာမှဖြစ်မယ်' ဆိုပြီးတော့ ဧကဘတ္တိကသီလ(တစ်ထပ်စားသီလ) လို့ခေါ်တာပေါ့။ အမှန်ကတော့ ရှစ်ပါးသီလပါပဲ။ ဗြဟ္မစရိယသီလတွင်မကတော့ဘဲနဲ့ ရှစ်ပါးသီလကို စောင့်ထိန်းလိုက်တယ်။

အဲဒါနဲ့ တပည့်တွေကို ပြော။ တပည့်တွေကလည်း

http://www.dhammadownload.com

ရှစ်ပါးသီလကို စောင့်ထိန်း၊ ဥပုသ်စောင့်။ တူသွားပြန်ရော။

'ဟာ . . . ဆရာနဲ့ တပည့် ဒီလို တူနေလို့တော့ မဖြစ်ဘူး။ သူတို့ထက် သာမှဖြစ်မယ်' ဆိုပြီးတော့ သူက ရဟန်းပြုလိုက်တယ်။ တပည့်တွေကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ် အပြည့်အဝရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သူတို့လည်း လိုက်ပြီးတော့ ရဟန်းပြုကြတယ်။

ဂဝေသီရဟန်းတော်လည်းပဲ အာသဝေါကုန်ခန်းလို့ ရဟန္တာဖြစ်သွားပါတယ်။ တပည့်ငါးရာလည်း ရဟန္တာဖြစ်သွားကြပါတယ်။ ရဟန္တာဖြစ်သွားတယ်ဆိုတော့ ချမ်းသာတကာ့ချမ်းသာထဲမှာ အချမ်းသာဆုံးဖြစ်တဲ့ အသင်္ခတနိဗ္ဗာန်ချမ်းသာကို အပြီးအပိုင် ပိုင်ဆိုင်ခွင့်ရသွားတာပေါ့။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့စိတ်ဓာတ်လေး ဘယ်လောက်ကောင်းထားတုံးနော်။ အခု ဂဝေသီတို့ အုပ်စု၊ ဂဝေသီတို့ မိတ်ဆွေတစ်စု တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် ကုသိုလ်လမ်းစဉ်နောက် လိုက်ကြတာပဲ ကြည့်လိုက်တော့ပေါ့။ ပထမတော့ ငါးပါးသီလ၊ နောက်တော့ ဗြဟ္မစရိယပဉ္စမကသီလ၊ နောက်တော့ဥပုသ်သီလ၊ နောက်တော့ ရဟန်းပြုတယ်ပေါ့။ ကုသိုလ်အဆင့်လေးဆင့်ပေါ့။ ကုသိုလ်ပြိုင်တဲ့အချက် လေးချက်ပေါ့။

http://www.dhammadownload.com

အခုတရားနာပရိသတ်ရော အခုလို ကုသိုလ် အဆင့်လေးဆင့်၊ အချက်လေးချက်နဲ့ မပြည့်စုံချင်ဘူးလား။ ပြည့်စုံချင်တယ်။ ပြည့်စုံချင်ရင် ကြိုးစားရမှာပေါ့။ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသွားရမှာပေါ့။ ချက်ချင်းကြီး ဘုန်းကြီးဝတ်ရမယ်လို့ မဆိုလိုပါဘူး။

ငါးပါးသီလတော့ အနည်းဆုံး လုံအောင် မထိန်းသင့်ဘူးလား။ ထိန်းသင့်တယ်။ ထိန်းရော ထိန်းကြရဲ့လား။ ထိန်းကြတယ်။ တစ်ခါတစ်ရံလား။ အမြဲလား။ အမြဲ? ဘယ်နှနာရီရှိသွားပြီတုံး။ အခုတရားနာနေတာ တစ်နာရီပေါ့နော်။ တစ်နာရီပဲ ထိန်းတယ်ပေါ့လေ။

ငါးပါးသီလကလည်း လုံအောင် ထိန်းရမှာပဲ။ ဗုဒ္ဓဘာသာဝင်မှုရယ်လို့ မဟုတ်ဘူး။ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် လူ့ရယ်လို့ ဖြစ်လာရင် ငါးပါးသီလက ထိန်းကို ထိန်းရမှာပဲ။ ဘုရားက ထိန်းခိုင်းလို့ ထိန်းရမှာ မဟုတ်ဘူး။ သဘာဝတရားအရကိုက ထိန်းသင့်လို့ ထိန်းရမှာ။

ရှစ်ပါးသီလ မထိန်းလို့ ကုသိုလ်မရရုံပဲရှိတယ်။ အကုသိုလ် မဖြစ်ပါဘူး။ သမထ၊ ဝိပဿနာ၊ ဘာဝနာတွေ မပွားများလို့ရှိရင် ကုသိုလ်မရရုံပဲရှိတယ်။ အကုသိုလ်မဖြစ်ပါဘူး။ ငါးပါးသီလကို မစောင့်ထိန်းဘူး၊ လွန်ကျူးပြီဆိုရင်တော့ အကုသိုလ်ဖြစ်ကို ဖြစ်ပါတယ်။ အပါယ်လေးဘုံ ကျ

http://www.dhammadownload.com

ရောက်နိုင်ပါတယ်။

ဒီထက်ပိုပြီး စွမ်းနိုင်ရင်တော့ အပြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းတဲ့ ပြဟ္မစရိယပဥ္စမကသီလ စောင့်ထိန်းပေါ့။ ပြဟ္မစရိယဆိုတာ မေထုန်မှ ရှောင်ကြဉ်တဲ့ မြတ်သောအကျင့်။ ပဥ္စမကဆိုတာ ငါးခုမြောက်ရှိတာ။ ငါးခုမြောက်ဆိုပေမယ့် နေရာကတော့ သုံးခုမြောက်နေရာမှာ ရှိနေတာပေါ့လေ။ ဒါပေမဲ့ သူ့အပါအဝင် ငါးခုဖြစ်လို့ ပြဟ္မစရိယပဥ္စမကသီလ။

ရိုးရိုးငါးပါးသီလကိုကျတော့ လူ့အိုသီလလို့ ခေါ်ပါတယ်။ အခု ပြဟ္မစရိယပဥ္စမကသီလဆိုတာကိုကျတော့ လူပျိုသီလလို့ ခေါ်ပါတယ်။ အမျိုးသမီးဆိုရင် အပျိုသီလပေါ့။ ရိုးရိုးငါးပါးသီလက ကာမပိုင်မဟုတ်တဲ့သူတွေနဲ့သာ မမှားယွင်းရတာမို့လို့ လူ့အိုတွေထိန်းတဲ့သီလ။

အမှန်က အိမ်ထောင်မကျသေးတဲ့ပုဂ္ဂိုလ်တွေ ငါးပါးသီလ စောင့်ထိန်းမယ်ဆိုရင် သုံးခုမြောက်သိက္ခာပုဒ်နေရာမှာ အပြဟ္မစရိယသိက္ခာပုဒ်ကို ထည့်ပြီးတော့ ဆောက်တည်ရမှာ။ ဒါမှ ပိုပြီးတော့လည်း အကျိုးကြီးတာနော်။ ကိုယ်က လူ့အိုမှ မဟုတ်တာ။ လူပျိုဆိုတော့ လူပျိုသီလစောင့်ထိန်းရမှာ။

လူ့အိုတွေလည်းပဲ ဇနီးခင်ပွန်း ခရီးသွားတဲ့အခါ

http://www.dhammadownload.com

တို့ ဘာတို့မှာ စောင့်ထိန်းလို့ မရဘူးလား။ ရတာပဲနော်။ ကုသိုလ်ဆိုတာက ဗဟုသုတလည်း ရှိတယ်၊ သဒ္ဓါတရားလည်း ရှိတယ်၊ ဉာဏ်လည်း ရှိတယ်ဆိုရင် အချိန်တိုင်းကြံဖန်ပြီး ရအောင်ယူရမှာ။ ကုသိုလ်ဆိုတာ တစ်စက္ကန့်၊ တစ်မိနစ်လေးမှ အလွတ်မပေးရဘူး။ အချိန်ပြည့်ရအောင်ကို ယူရမှာ။

အဲဒီတော့ ခရီးသွားတဲ့အခါပဲဖြစ်ဖြစ်ပေါ့လေ။ ဒါမှမဟုတ် အသက်အရွယ်အရပဲဖြစ်ဖြစ်၊ အကြောင်းတရားအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် ဒီကာမဂုဏ်ကိစ္စမဆောင်ရွက်တော့တဲ့နေ့မျိုး၊ မဆောင်ရွက်တော့တဲ့ အချိန်အခါမျိုးတွေမှာ ဗြဟ္မစရိယပဉ္စမကသီလကို စောင့်ထိန်းရပါတယ်။

ဒီ့ထက်ပိုပြီးတတ်နိုင်ရင်တော့ ရှစ်ပါးသီလကို စောင့်ထိန်း။ လူဝတ်ကြောင်ဘဝနဲ့ နေ့တိုင်း ဥပုသ်စောင့်နေတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတာပါပဲ။ နေ့တိုင်း မစွမ်းနိုင်ရင်လည်း ဥပုသ်နေ့တိုင်း၊ သို့မဟုတ် တနင်္ဂနွေနေ့တိုင်းပေါ့။ ဒါမှမဟုတ် ကိုယ့်ရဲ့ မွေးနေ့တိုင်းပေါ့။ ဒါမှမဟုတ် လပြည့်၊ လကွယ်နေ့တိုင်းပေါ့။ ဒါမှမဟုတ် လပြည့်နေ့တိုင်းပေါ့။ ဒါမှမဟုတ် တစ်လတစ်ရက် ကိုယ့်ရဲ့ မွေးရက်တိုင်းပေါ့။ ဥပုသ်စောင့်လို့ မရဘူးလား။ ရပါတယ်။ စောင့်ကြည့်ပေါ့နော်။

http://www.dhammadownload.com

နောက်ဆုံးအဆင့်အမြင့်ဆုံးကတော့ ရဟန်းပြုရုံပါပဲ။ ရဟန်းတရားကို အချိန်ပြည့် ပွားများအားထုတ်ရင်တော့ နိဗ္ဗာန်ကို အမြန်ဆုံးရောက်နိုင်တာပေါ့။

'တို့လည်းလိုက်မယ် ချန်မထားနဲ့' စကားရပ်ရဲ့ အဓိပ္ပာယ်(၂)ခု ရှိသွားပြီနော်။ တစ်ခုနဲ့တစ်ခု အကြောင်းအကျိုးဆက်စပ်နေတာပါပဲ။

ပထမတစ်ခုက သူများတွေ ကုသိုလ်ပြုတယ်ဆိုရင် ကိုယ်ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ကုသိုလ်လုပ်ရမယ်။ ဒုတိယတစ်ခုက အဲဒီလို ကုသိုလ်ကောင်းမှုတွေကို လုပ်တဲ့နေရာမှာလည်း ပိုပိုသာသာ ကဲကဲမောက်မောက်လေး လုပ်မယ်ဆိုရင် ကောင်းကျိုးတရားတွေကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ ပိုပိုသာသာ ကဲကဲမောက်မောက်လေး လိုက်ကြလိမ့်မယ်။

ဒုတိယအဓိပ္ပာယ်နဲ့ ကိုယ့်တစ်ယောက်တည်း ကုသိုလ်ကို ပိုပိုကဲကဲလုပ်တာ အားမရရင် ပထမအဓိပ္ပာယ်နဲ့ သူတစ်ပါးကို ပြိုင်ပြီး ကုသိုလ်ကို ပိုပိုကဲကဲ လုပ်ရမယ်။ ကုသိုလ်ဆိုတာ ဘယ်လိုနည်းနဲ့ မြင့်မြင့် မြင့်လေကောင်းလေပါပဲ။ ကုသိုလ်အဆင့်မြင့်လေ၊ ကောင်းကျိုးချမ်းသာ အဆင့်မြင့်လေပါ။

■

http://www.dhammadownload.com



## အလုပ်မမေ့လုပ်တဲ့သတိ

'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ စကားက နှစ်ခွန်းရှိသွားပြီ။ ပြောတဲ့သူ နှစ်ယောက်ရှိသွားပြီ။ တစ်ယောက်က ကုသိုလ်၊ တစ်ယောက်က ကောင်းကျိုး။ နောက်ဆုံးတစ်ခွန်းအနေနဲ့ ဘယ်သူကပြောတဲ့စကားလဲဆိုရင်တော့ ဉာဏ်က ပြောတဲ့စကား။ ဉာဏ်ကလည်းပဲ သတိကို ပြောတယ်။ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' တဲ့။

သတိက ရှေ့ကသွားရင် ဉာဏ်ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီး နောက်ကနေလိုက်ပါတယ်။ သတိသာရှိရင် ဉာဏ်တွင်မကဘူး။ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပီတိ၊ ပဿဒ္ဓိ အစရှိတဲ့ သူတော်ကောင်းတရားတွေ အကုန်

http://www.dhammadownload.com

လုံး နောက်က လိုက်ကြပါတယ်။

နိဗ္ဗာန်ကိုသွားတာ ဝိပဿနာအလုပ်၊ သတိပဋ္ဌာန် အလုပ်နဲ့ သွားရပါတယ်။ ဒါနတွေ မိုးထိအောင် လှူ၊ သီလတွေ မိုးထိအောင် စောင့်၊ သမထတွေ မိုးထိအောင် ပွား၊ ဒါန၊ သီလ၊ သမထကုသိုလ်တွေ ဘယ်လောက်ပဲ ကြီးကျယ်ကြီးကျယ် နိဗ္ဗာန်ကို တိုက်ရိုက်မရောက်နိုင်ပါဘူး။ အထောက်အပံ့အနေနဲ့ပဲ ကျေးဇူးပြုနိုင်ပါတယ်။

ဝိပဿနာကုသိုလ်နဲ့မှ နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။ ဒါတောင်မှ နိဗ္ဗာန်ကို တကယ်ရောက်တာက မဂ်ကုသိုလ်နဲ့မှ ရောက်နိုင်တာပါ။ ဒါပေမဲ့ မဂ်ကုသိုလ်ကလည်း ဝိပဿနာကုသိုလ်မရှိဘဲ မဖြစ်နိုင်ပါဘူး။ သူ့ရှေ့မှာ ဝိပဿနာကုသိုလ်လေး ကပ်ပြီးတော့ ရှိနေတယ်။ ဝိပဿနာကုသိုလ်ရဲ့ အခြားမဲ့မှာပဲ မဂ်ကုသိုလ်ဖြစ်ပါတယ်။

ဒါနကုသိုလ်စိတ်ရဲ့ နောက်မှာ မဂ်ကုသိုလ်စိတ် တန်းမဖြစ်နိုင်ပါဘူး။ သီလကုသိုလ်စိတ်ရဲ့ နောက်မှာလည်း မဂ်ကုသိုလ်စိတ် တန်းမဖြစ်နိုင်ပါဘူး။ သမထကုသိုလ်စိတ်ရဲ့ နောက်မှာလည်း မဂ်ကုသိုလ်စိတ် တန်းမဖြစ်နိုင်ပါဘူး။ ဝိပဿနာကုသိုလ်စိတ်ရဲ့ နောက်မှာပဲ မဂ်ကုသိုလ်စိတ် တန်းဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် နိဗ္ဗာန်ကို တိုက်ရိုက်ရောက်ချင်တယ်ဆိုရင်တော့ ဝိပဿနာအလုပ်ကို အားထုတ်မှကို

http://www.dhammadownload.com

ဖြစ်ပါတယ်။ အဲဒီဝိပဿနာအလုပ်ကို မြတ်စွာဘုရားရှင်က သတိပဋ္ဌာန်အလုပ်လို့ မိန့်တော်မူပါတယ်။ သတိပြဋ္ဌာန်းပြီး လုပ်ရတဲ့အလုပ်၊ သတိဦးဆောင်ပြီး လုပ်ရတဲ့အလုပ်ပါ။

ဒါကြောင့် ကိုယ့်ဘက်က ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ဖြစ်ချင်တယ်ဆိုရင် သတိရှိအောင် လုပ်ဖို့ အဓိကပါပဲ။ သတိသာ ရှိနေပြီဆိုရင် ဉာဏ်လေးက လည်း ပြောပါတယ်။ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' တဲ့။ ဉာဏ်လေးက နောက်က လိုက်ပါလာပါတယ်။

သတိသာရှိရင် သမာဓိကလည်း တို့လည်းလိုက်မယ် ချန်မထားနဲ့။ ဝီရိယကလည်း တို့လည်းလိုက်မယ် ချန်မထားနဲ့။ သဒ္ဓါတရားတွေ၊ ပီတိပဿဒ္ဓိတွေ အစရှိတဲ့ သူတော်ကောင်းတရားတွေ မှန်သမျှ တို့လည်းလိုက်မယ် ချန်မထားနဲ့ဆိုပြီးတော့ လိုက်ပါလာကြပါလိမ့်မယ်။ ဒါဖြင့် ကိုယ့်တာဝန်က သတိရှိအောင်နေဖို့ တာဝန်ပဲ။ သတိမြဲအောင် ကြိုးစားဖို့ တာဝန်ပါပဲ။

သတိ ဆိုတာက ဘာလဲ။ သတိဆိုတာကို သတိလို့ပဲ မြန်မာစကားလို ပြောနေကြတော့ သတိဆိုရင် အဓိပ္ပာယ် ရုတ်တရက် မသိတော့ဘူး။ သတိဆိုတာ အမှတ်ရတယ်တဲ့။ ဘယ်သူ့ကို အမှတ်ရတာတုံး။

ကိုယ်ပြုခဲ့တဲ့ ဒါနကုသိုလ်လေး အမှတ်ရလည်း

http://www.dhammadownload.com

သတိ လို့ ပြောတာပဲ။ ကိုယ်ချစ်တဲ့သူကို သတိရတော့လည်း သတိလို့ပြောတာပဲ။ ကိုယ်ချစ်တဲ့သူ၊ ခင်တဲ့သူ၊ ကိုယ်စွဲလမ်းရတဲ့ပုဂ္ဂိုလ်တွေကို သတိရတယ်ဆိုတာက မြန်မာစကားအနေနဲ့ သတိရတယ်လို့ ပြောပေမယ့် ဟိုသတိတော့ မဟုတ်ဘူးနော်။ နိဗ္ဗာန်ရောက်ကြောင်း တရားထဲက သတိတော့ မဟုတ်ဘူး။

ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ သမထကုသိုလ်တွေ သတိရတယ်ဆိုတာကို သတိလို့ ပြောပေမယ့် ဝိပဿနာနယ်ပယ်က သတိတော့ မဟုတ်သေးဘူး။

သတိဆိုတာ အာရုံကို အမှတ်ရတဲ့သဘောလေးပဲ။ အာရုံကလည်း ပညတ်အာရုံ၊ ပရမတ်အာရုံ ရှိတာပေါ့။ ပညတ်အာရုံရတဲ့ သတိကတော့ သမထသတိပေါ့။ ဒါန၊ သီလ စတဲ့ ရိုးရိုးကုသိုလ်သတိပေါ့။ ပရမတ်အာရုံကို အမှတ်ရတဲ့သတိကျတော့ ဝိပဿနာသတိပေါ့။ သတိပဋ္ဌာန်သတိပေါ့။ မဂ္ဂင်ထိုက်တဲ့သတိမျိုးပေါ့။

သတိက လွယ်လွယ်ကူကူ မှတ်မယ်ဆိုရင် နှစ်မျိုးရှိပါတယ်။ ခလုတ်မထိ၊ ဆူးမငြိသတိရယ်။ အဟုတ်သိ၊ အထူးသိ သတိရယ်။ ကာရန်ကိုက်အောင် ပြောတာပေါ့။

ခလုတ်မထိ၊ ဆူးမငြိသတိ ဆိုတာကတော့ လမ်းသွားတဲ့အခါ ခလုတ်မတိုက်အောင်လည်း သတိမထားဘူး

http://www.dhammadownload.com

လား။ သတိထားတယ်။ ဆူးတွေဘာတွေ မငြိအောင်လည်း သတိမထားဘူးလား။ သတိထားတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်ကို အမှားအယွင်းမရှိအောင် သတိထားပြီးလုပ်တဲ့ သတိမျိုးကို 'ခလုတ်မထိ ဆူးမငြိသတိ' လို့ ခေါ်ပါတယ်။

အဲဒီလို သတိမျိုးကတော့ ဝိပဿနာသတိတော့ မဟုတ်ဘူး။ သမ္ပဇဉ်အနေနဲ့ ကြည့်မယ်ဆိုရင်လည်း သာ-တ္ထကသမ္ပဇဉ်တို့၊ သပ္ပာယသမ္ပဇဉ်တို့ ဒါတွေပဲ ဖြစ်မှာပေါ့လေ။ ဒါပေမဲ့ တိုက်ရိုက်သတိတော့ မဖြစ်သေးဘူး။ ဝိပ-ဿနာဉာဏ်ကို ဖြစ်စေတဲ့ သတိတော့ မဟုတ်သေးဘူး။

ခလုတ်မထိ ဆူးမငြိသတိဆိုတာ ကိုယ်လုပ်နေတဲ့ အလုပ်ကို အမှားအယွင်းမရှိအောင် သတိထားတဲ့သတိ၊ အရပ်ထဲပြောနေကျသတိ၊ ပညတ်နယ်ပယ်ထဲကသတိ၊ ပညတ်ကိုပဲ အာရုံပြုတဲ့သတိပါပဲ။

ဈေးသည်ဆိုရင်လည်းပဲ စာရင်းဇယားတွေမမှားအောင် သတိမထားရဘူးလား။ ကိုယ့်ဆိုင်ကပစ္စည်း ဈေးလာဝယ်တဲ့သူတွေက ဘာလိုလိုညာလိုလိုနဲ့ ကစ်မသွားအောင်လည်း သတိမထားရဘူးလား။ ထားရတယ်။ ဒါလည်း သတိပဲ။ ဒါပေမဲ့ ဝိပဿနာသတိတော့ ဟုတ်ရဲ့လား။ မဟုတ်ဘူးနော်။ သာမန်အရပ်သုံး သတိပဲ။

ဒါပေမဲ့ အဲဒီသတိကလည်း လိုအပ်တာပဲ။ အဲဒီ

http://www.dhammadownload.com

သတိ မရှိရင်လည်း အမှားအယွင်းတွေ၊ ဆင်းရဲဒုက္ခတွေ ဖြစ်မှာပဲ။ သမာဓိကလည်း မရနိုင်ဘူး။ ဒါကြောင့် ကိုယ် လုပ်နေတဲ့ လုပ်ငန်းကိစ္စလေးတွေမှာ သွားတဲ့လာတဲ့ကိစ္စ အပါအဝင်ပေါ့လေ။ အသေးအမွှားကိစ္စကစလို့ ကြီးကြီး မားမားကိစ္စတွေအထိ ကိုယ်လုပ်နေတဲ့ လုပ်ငန်းကိစ္စလေး တွေ အမှားအယွင်းမရှိအောင် သတိထားတဲ့ ခလုတ်မထိ ဆူးမငြိသတိလည်းပဲ ရှိရမှာပဲ။

'ခလုတ်မထိ ဆူးမငြိသတိ' ကို 'အလုပ်မမေ့လုပ် တဲ့သတိ' လို့ ပြောနိုင်ပါတယ်။ ကိုယ်လုပ်ရမယ့်အလုပ်ကို မမေ့ဘဲ လုပ်တဲ့သတိပေါ့။ 'ကိုယ်လုပ်ရမယ့်အလုပ်' ဆိုတဲ့ အထဲမှာ ခန္ဓာကိုယ်ပြုပြင်ရေးနဲ့ ပတ်သက်တဲ့အလုပ်၊ လော- ကီရေးရာအဖြာဖြာနဲ့ ပတ်သက်တဲ့အလုပ်တွေအပြင် ဒါန၊ သီလ၊ သမထဆိုတဲ့ ကုသိုလ်အလုပ်တွေလည်း ပါဝင်ပါ တယ်။

စားတာသောက်တာ၊ နေတာထိုင်တာ၊ ပြောတာ ဆိုတာကစလို့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး . . . စတဲ့ လောကီအလုပ်တွေ အားလုံးကို မမေ့မလျော့ မမှားမယွင်းလုပ်တဲ့သတိဟာလည်း 'အလုပ်မမေ့လုပ်တဲ့ သတိ = ခလုတ်မထိဆူးမငြိသတိ' ပါပဲ။

ဝိပဿနာကုသိုလ်အလုပ်၊ သတိပဋ္ဌာန်ကုသိုလ်

http://www.dhammadownload.com

အလုပ်မှ တစ်ပါးသော ဒါန၊ သီလ၊ သမထ၊ ဝေယျာဝစ္စ၊ တရားဟော၊ တရားနာ . . . စတဲ့ ကုသိုလ်အလုပ်တွေကို မမေ့မလျော့ မမှားမယွင်းလုပ်တဲ့ သတိဟာလည်း 'အလုပ် မမေ့လုပ်တဲ့သတိ = ခလုတ်မထိဆူးမငြိသတိ' ပါပဲ။

လိုရင်းပြောရရင်တော့ သတိပဋ္ဌာန်ဝိပဿနာအလုပ်မှတစ်ပါးသော လောကီအလုပ်၊ ကုသိုလ်အလုပ် . . . ဘယ်အလုပ်ကိုပဲ လုပ်လုပ် အမှားအယွင်းမရှိအောင် လုပ်နေရင်၊ စနစ်တကျ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်နေရင်၊ အရည်အသွေးလည်း ကောင်း, အရေအတွက်လည်း များအောင်လုပ်နေရင် 'အလုပ်မမေ့လုပ်တဲ့သတိ = ခလုတ်မထိဆူးမငြိသတိ' ရှိနေတာပါပဲ။

■

http://www.dhammadownload.com



## မမေ့အလုပ်လုပ်တဲ့သတိ

'အဟုတ်သိ၊ အထူးသိ သတိ' ဆိုတာကတော့ လက်ရှိဖြစ်နေတဲ့ ရုပ်သဘော၊ နာမ်သဘော၊ ပရမတ်သဘောလေးတွေကို အရှိအတိုင်း သိနေတဲ့သတိပါပဲ။

သမုတ်ရှိရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါကို မသိဘဲ အဟုတ်ရှိရှိတဲ့ ရုပ်နာမ်ကို သိစေနိုင်တဲ့သတိ၊ သာမန်သိဖြစ်တဲ့ မြဲ၊ ကောင်း၊ ပိုင် (နိစ္စ၊ သုခ၊ အတ္တ)သဘောကို ကျော်လွန်ပြီး အထူးသိဖြစ်တဲ့ မမြဲ၊ မကောင်း၊ မပိုင်(အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ကို သိစေနိုင်တဲ့ သတိမို့လို့ 'အဟုတ်သိ အထူးသိသတိ' လို့ ခေါ်ပါတယ်။ 'သမုတ်' ကိုကျော်ပြီး 'အဟုတ်'ကို သိလာစေနိုင်တဲ့သတိ၊ 'သာမန်' ကိုကျော်ပြီး 'အထူး' ကို သိလာစေ

http://www.dhammadownload.com

နိုင်တဲ့သတိလို့ ဆိုလိုပါတယ်။

ရုပ်သဘော၊ နာမ်သဘော၊ ပရမတ်သဘောလို့ ဆိုပေမယ့် စစချင်းတော့ ရုပ် နာမ်ပရမတ်သဘောကို မသိနိုင်သေးပါဘူး။ ပညတ်သဘောကိုပဲ သိနေဦးမှာပါပဲ။

တဖြည်းဖြည်းနဲ့ သတိအားကောင်းလာလို့ နောက်က သမာဓိတွေ၊ ဉာဏ်တွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ လိုက်လာလို့ သတိ သမာဓိ ဉာဏ်တွေ အားကောင်းလာပြီဆိုတော့မှ ရုပ်သဘော၊ နာမ်သဘော၊ ပရမတ်သဘောတွေကို ထင်ထင်ရှားရှား သိလာတာပါ။

လမ်းလျှောက်တယ်ပဲ ဆိုပါတော့။ လှမ်းတယ်၊ လှမ်းတယ်လို့ မှတ်နေရင် ပထမတော့ ခြေထောက်ဆိုတဲ့ ပညတ်တွေ၊ ကြမ်းပြင်ဆိုတဲ့ ပညတ်တွေ ထင်နေဦးမှာပေါ့။ ဒါပေမဲ့ သတိကို စွဲစွဲမြဲမြဲအားထုတ်သွားတဲ့အခါကျတော့ သမာဓိတို့၊ ဉာဏ်တို့ကလည်း 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ လိုက်လာတယ်။

လိုက်လာတော့ ခြေထောက်ပညတ်တွေ၊ ကြမ်းပြင်ပညတ်တွေ ပျောက်ပြီးတော့ ရွေ့လျားမှုသဘောလေးတွေ၊ ထိမှုသဘောလေးတွေ၊ ပူမှုအေးမှုသဘောလေးတွေ သိလာတယ်။ ခြေထောက်ပညတ်၊ ကြမ်းပြင်ပညတ်တွေ လုံးဝပျောက်သွားတယ်။

တစ်မျိုးတစ်ဖုံ ဖောက်ပြန်ပြောင်းလဲနေတဲ့ ရုပ်သဘော၊ အာရုံကို သိသိပြီးတော့ ကိုင်းညွတ်နေတဲ့ နာမ်သဘော၊ အဲဒီ ရုပ်သဘော၊ နာမ်သဘောလေးတွေကို တဖြည်းဖြည်းသိလာပါတယ်။

သတိကို စွဲမြဲသည်ထက် စွဲမြဲအောင် ဆက်ကြိုးစားလို့ သမာဓိအားတွေ၊ ဉာဏ်အားတွေ နောက်က လိုက်လာပြီ၊ အဆင့်အတန်းမြင့်လာပြီဆိုရင်တော့ အဲဒီ ရုပ်နာမ်တွေရဲ့ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ တစ်ခုဖြစ်၊ တစ်ခုပျက်၊ ဖြစ်ပျက်နေတာတွေကိုပါ မြင်လာတော့တာပါပဲ။

သတိ ရှိရမယ်၊ သတိထားရမယ်ဆိုလို့ နှာသီးဝ သတိကပ်ပြီးတော့ ဒီအာရုံတစ်ခုတည်းမှာပဲ ကပ်ထားရမှာ မဟုတ်ဘူး။ သမထကမ္မဋ္ဌာန်းပွားတဲ့ ပုဂ္ဂိုလ်ကတော့ ကိုယ့်စိတ်ကြိုက် သမထကမ္မဋ္ဌာန်းရဲ့ အာရုံတစ်ခုတည်းကိုပဲ စွဲစွဲမြဲမြဲ ပွားရမှာပေါ့။ အာနာပါနကို သမထပုံစံနဲ့ ရှုတဲ့ပုဂ္ဂိုလ်ကလည်း ဝင်လေထွက်လေက လွဲလို့ ဘယ်အာရုံမှာမှ စိတ်ထားစရာမလိုဘူး။

ဗုဒ္ဓါနုဿတိဘုရားဂုဏ်တော် သမထပွားတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ်ပွားများနေတဲ့ဂုဏ်တော်တစ်ခုတည်းမှာပဲ စိတ်ကို ထားရတယ်။ မေတ္တာပို့တဲ့ပုဂ္ဂိုလ်ကလည်း

http://www.dhammadownload.com

ကိုယ်ပို့နေတဲ့ အပို့ခံအာရုံဆီမှာပဲ စိတ်ကို ထားရတယ်။ ကသိုဏ်းရှုတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ်ရှုတဲ့ ကသိုဏ်းအာရုံ တစ်ခုတည်းမှာပဲ စိတ်ကို စွဲမြဲအောင်ထားရတယ်။ သတိစွဲမြဲအောင် ထားရတယ်။

ဝိပဿနာသတိကျတော့ အဲဒီလို တစ်ခုဆိုတစ်ခုတည်း မဟုတ်ပါဘူး။ ပင်တိုင်အနေနဲ့ကတော့ နှာသီးဝ သတိကပ် ဝင်လေထွက်လေ ထိတဲ့သဘော၊ တိုးတဲ့သဘော၊ ပွတ်တဲ့သဘော၊ အေးတဲ့သဘော ရှုတာပေါ့။ ဒါပေမဲ့ တခြားအာရုံတွေ ဒွါရခြောက်ပါးက အာရုံခြောက်ပါး ထင်ရှားလာလို့ရှိရင်လည်း အဲဒီအာရုံမှာ သတိလေးကပ်ရတာပဲ။ ပေါ်ရာအာရုံမှာ သတိကပ်ထားတာ ဝိပဿနာသတိပါပဲ။

ထိုင်နေတယ်ဆိုရင် ထိုင်နေတဲ့သဘောလေးမှာ သတိကပ်။ ရပ်နေရင် ရပ်တဲ့သဘောလေးမှာ သတိကပ်။ သွားနေရင် သွားတဲ့သဘောမှာ သတိကပ်။ ဒါက ရုပ်နဲ့ ပတ်သက်တာပေါ့။ ကွေးတာ၊ ဆန့်တာ၊ မီးဖိုချောင်ထဲ ချက်တာပြုတ်တာ၊ ထောင်းတာထုတာ အကုန်လုံးပါပဲ။

ထမင်းစားတဲ့အခါ ဝါးတာ၊ ခွံ့တာ စသည်အားဖြင့် ရုပ်ရဲ့သဘောလေးတွေမှာ၊ ပေါ်ရာပေါ်ရာသဘောလေးတွေမှာ သတိလိုက်လိုက်ကပ်ရုံပဲ။ တစ်ခုဆို တစ်ခုတည်း စွဲကုပ်ထားစရာ မလိုဘူး။

http://www.dhammadownload.com

စိတ်နဲ့ ပတ်သက်လို့ရှိရင်လည်း လောဘဖြစ်လာရင် အဲဒီလောဘလေးသိ။ လိုချင်ရင် လိုချင်တယ်၊ တပ်မက်ရင် တပ်မက်တယ်။ လိုချင်တဲ့သဘော၊ တပ်မက်တဲ့သဘောလေးကို သိနေရမယ်။ ဝိပဿနာရှုမှတ်တဲ့နေရာမှာ လိုချင်ရင် လိုချင်တယ်မှတ်ဆိုတာက ရွတ်နေဖို့ပြောတာ မဟုတ်ဘူး။ လိုချင်တဲ့သဘောလေးကို ကြည့်နေဖို့၊ သိနေဖို့ ပြောတာ။

လမ်းသွားရင် သွားတယ်သွားတယ် မှတ်ဆိုတာက သွားတယ်သွားတယ် ရွတ်ရမှာ မဟုတ်ဘူး။ ဘယ်လိုလေးဖြစ်နေတာကို သွားတယ်လို့ ခေါ်တာလဲလို့ သွားတဲ့သဘောလေးကို ကြည့်နေတာကိုပဲ သွားရင်သွားတယ် မှတ်လို့ ပြောတာ။ ရွတ်ဖို့ပြောတာ မဟုတ်ဘူး။

ကမ္မဋ္ဌာန်းဆရာပြောတဲ့ စကားကို နားမလည်တော့ ကိုယ်က ရွတ်ရမယ်ထင်ပြီးတော့ ရွတ်နေတာ။ ရွတ်လို့ ဘာမှအကျိုးမထူးတော့ သွားရင်သွားတယ်မှတ်တာတွေ အလကား။ ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင် ပိန်တယ်မှတ်တာတွေ အလကား။ ဝင်ရင် ဝင်တယ်၊ ထွက်ရင် ထွက်တယ်မှတ်တာတွေဟာ အလကားပဲလို့ ပြစ်မှားမိတတ်တယ်။

ကိုယ်လုပ်ပုံမဟုတ်လို့ တရားမတိုးတက်တာကို နည်းလမ်းမှားတယ်ဆိုပြီးတော့ နည်းလမ်းကို သွားပြီးတော့

http://www.dhammadownload.com

ပြစ်မှားမိတတ်တယ်။ ပုတ်ခတ်စော်ကားမိတတ်တယ်။

ဝင်ရင် ဝင်တယ်မှတ်၊ ထွက်ရင် ထွက်တယ်မှတ်ဆို တာ ဝင်တယ် ထွက်တယ်၊ ဝင်တယ် ထွက်တယ်။ ဒီလိုရွတ်နေတာကို ပြောတာ မဟုတ်ပါဘူး။ နှာသီးဝမှာ လေလေး ထိသွားတယ်။ ဘယ်လိုလေး ဝင်နေတာလဲ၊ ဘယ်လိုလေး ထွက်နေတာလဲ၊ ဘယ်လိုလေး တိုးနေတာလဲ၊ ဘယ်လိုလေး ထိနေတာလဲ၊ နှာသီးဝ လေထိတဲ့နေရာလေးမှာ ဘယ်လိုလေးဖြစ်နေတာလဲဆိုတာကို သေချာစူးစိုက်ကြည့်ဖို့ ပြောတာပါ။

မကြည့်တတ်မှာစိုးလို့ အစမှာ ဝင်ရင် ဝင်တယ်မှတ်လို့ ပြောလိုက်ရတာ။ ထွက်ရင် ထွက်တယ်မှတ်လို့ ပြောလိုက်ရတာ။ ထိမှုသဘော၊ တိုးမှုသဘောလေးကို အရှိအရှိအတိုင်း သိအောင် ကြည့်နေရုံပါပဲ။

စိတ်အဆိုလေး မဆိုဘဲနဲ့ ကြည့်ရုံလေး ကြည့်တဲ့အဆင့် ရောက်သွားပြီဆိုရင် ဘာမှဆိုစရာ မလိုတော့ဘူး။ ဝင်တယ်ထွက်တယ်။ ဝင်တိုင်းထွက်တိုင်း လေလေးတိုးနေတာလေးကို သေချာစိတ်ကလေးစူးစိုက်ပြီးတော့ ကြည့်နေရုံပါပဲ။

ပထမတော့ နှာခေါင်းပညတ်တွေ၊ လေပညတ်တွေ ရှိနေဦးမယ်။ ရှူရင်းရှူရင်းနဲ့ သတိနောက်မှာ သမာဓိ

http://www.dhammadownload.com

တို့၊ ဉာဏ်တို့က 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီး လိုက်ပါလာလို့ သတိ၊ သမာဓိ၊ ဉာဏ်အားတွေ ကောင်းလာပြီဆိုရင်တော့ နှာခေါင်းပညတ်တွေ၊ လေပညတ်တွေ ပျောက်သွားပြီးတော့ ရုပ်သဘောသက်သက်၊ ထိမှုသဘောသက်သက်၊ ပူမှုအေးမှုသဘောသက်သက်ကို မြင်သွားပြီ။ အဲဒီသဘောသက်သက်ကိုပဲ သတိနဲ့ ဆက်ပြီးတော့ ရှုရှုသွားမယ်ဆိုရင် တစ်ခုဖြစ်လိုက် တစ်ခုပျက်လိုက်၊ တစ်ခုဖြစ်လိုက် တစ်ခုပျက်လိုက်၊ ဖြစ်ပျက်နေတာကို မြင်သွားမှာပါပဲ။

လိုချင်တဲ့စိတ်ဖြစ်ရင် လိုချင်တယ်၊ လိုချင်တယ်လို့ ရွတ်ရမှာ မဟုတ်ဘူး။ လိုချင်တဲ့သဘောဟာ ဘယ်လိုလဲလို့ ကြည့်ရမှာ။ စိတ်ဆိုးရင် စိတ်ဆိုးတယ်၊ စိတ်တိုရင် စိတ်တိုတယ်မှတ်။ ရွတ်နေဖို့ပြောတာ မဟုတ်ဘူး။ စိတ်ဆိုးတဲ့သဘောက ဘယ်လိုလေးလဲ။ ဘယ်လိုလေးဖြစ်နေတာကို စိတ်တိုတယ်ခေါ်တာလဲ စသည်အားဖြင့် စိတ်မှာဖြစ်နေတဲ့ ဒေါသ သဘာဝလေးကို ကြည့်ရမှာ။

အဲဒီလို ကြည့်လိုက်မယ်ဆိုရင် တဖြည်းဖြည်းနဲ့ ငါစိတ်တိုနေတာ၊ ငါဒေါသဖြစ်နေတာဆိုတဲ့ ငါအစွဲ၊ ပညတ်အစွဲတွေ ပျောက်ပြီးတော့ ဒေါသရဲ့သဘောသက်သက်ကို သိသွားပါလိမ့်မယ်။ သတိ၊ သမာဓိ၊ ဉာဏ်အားတွေ ကောင်းလာပြီဆိုရင်တော့ ဖြစ်ပျက်ကို မြင်၊ ဖြစ်ပျက်မြင်တဲ့ဉာဏ်

http://www.dhammadownload.com

အားတွေ အထွတ်အထိပ်ရောက်သွားပြီဆိုရင်တော့ မဖြစ်မပျက်ကို မြင်ပါလိမ့်မယ်။

မဖြစ်မပျက်ဆိုတာ နိဗ္ဗာန်ပါပဲ။ နိဗ္ဗာန်ကိုမြင်တာ မဂ်ဉာဏ်ပါပဲ။ ဒါ့ကြောင့်ဆိုလိုက်ပါ။

**သတိမြဲလျှင်၊ ဉာဏ်အားဝင်၊ မဂ်ပင်လိုက်တော့သည်။**

ရုပ်သဘောတွေ၊ နာမ်သဘောတွေ၊ ဖြစ်ပျက်သဘောတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေ အမှန်အတိုင်း ကိုယ်တိုင်လက်တွေ့သိအောင် စာထဲက အချက်အလက်တွေ ကျက်ပြီးတော့ စာထဲကအတိုင်း နှလုံးသွင်းဆင်ခြင်နေရမှာ မဟုတ်ပါဘူး။ ပေါ်ရာပေါ်ရာ ရုပ်နာမ်အာရုံလေးတွေကို သတိမြဲမြဲနဲ့သာ ကြည့်နေပါ။

သတိသာ မြဲနေပြီဆိုရင်တော့ ဝိပဿနာဉာဏ်တွေက 'တို့လည်းလိုက်မယ် ချန်မထားနဲ့'၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်က 'တို့လည်းလိုက်မယ် ချန်မထားနဲ့'၊ နိဗ္ဗာန်ချမ်းသာကြီးက 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုပြီးတော့ သတိပိုင်ရှင်ရဲ့ နောက်ကနေ ကောက်ကောက်ပါအောင် လိုက်လာပါလိမ့်မယ်။

ဒါက သမာဓိဉာဏ် အစရှိတဲ့ အဆင့်မြင့်လောကုတ္တရာတရားတွေက သတိကို၊ သို့မဟုတ် သတိပိုင်ရှင်ကို ပြောနေတာပါ။ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' တဲ့။ မင်း

http://www.dhammadownload.com

တာဝန်ကတော့ သတိမြဲအောင်သာ ကြိုးစားစမ်းပါ။ မင်းသာ သတိမြဲနေပြီ၊ မင်းသာ အချိန်တိုင်း၊ အာရုံတိုင်းမှာသတိမြဲနေပြီဆိုရင် တို့က လိုက်လာမှာပါ၊ စိတ်သာချပါတဲ့။

မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေမှာ 'သတိသမ္ပဇည' လို့ သတိကို သမ္ပဇညနဲ့တွဲပြီး ဟောလေ့ရှိပါတယ်။ သမ္ပဇညဆိုတာ ဉာဏ်ပါပဲ။ သတိသမ္ပဇညဆိုတော့ သတိဉာဏ်ပေါ့။

'သတိဉာဏ်' ဆိုတဲ့အတိုင်း သတိက ရှေ့က၊ ဉာဏ်က နောက်က။ ရှေ့ကသာ သတိမြဲနေမယ်ဆိုရင် နောက်ကနေ ဉာဏ်သေချာပေါက် လိုက်လာပါလိမ့်မယ်။ ဉာဏ်ပါတဲ့သတိ၊ ဉာဏ်ပါလာစေမယ့် သတိမျိုးဖြစ်အောင်တော့ ကိုယ်က ဂရုစိုက်ရမှာပေါ့။

အပေါ်ယံရှပ်ပြီး မှတ်နေတဲ့ သတိမျိုးမဟုတ်ဘဲ အတွင်းသဘောထိ သေချာစိုက်ကြည့်တဲ့ သတိမျိုးသာ မြဲနေမယ်ဆိုရင် အဟုတ်သိ အထူးသိတဲ့ဉာဏ်(ရုပ်နာမ်ဖြစ်ပျက်ကို သိတဲ့ဉာဏ်)သေချာပေါက်ဖြစ်ပါတယ်။

'အဟုတ်သိ အထူးသိသတိ' ကို 'မမေ့အလုပ် လုပ်တဲ့သတိ' လို့ ပြောနိုင်ပါတယ်။ 'မမေ့အလုပ်' ဆိုတာ 'အပ္ပမာဒအလုပ်၊ သတိပဋ္ဌာန်ဝိပဿနာအလုပ်' ပါပဲ။

သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်းနဲ့ ပေါ်သမျှ

http://www.dhammadownload.com

ရုပ်နာမ်အာရုံ၊ မြင်သမ္ဘု, ကြားသမ္ဘု၊ နံသမ္ဘု, စားသမ္ဘု၊ ထိသမ္ဘု, တွေးသမ္ဘု ရုပ်နာမ်အာရုံတွေကို ဖြစ်ဆဲအခိုက်အတန့်တွေမှာ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်သတိ၊ အသိသတိမြဲနေမယ်ဆိုရင် ရုပ်နာမ်ဆိုတဲ့ 'အဟုတ်'၊ မမြဲ, မကောင်း, မပိုင်ဆိုတဲ့ 'အထူး' တွေကို ပိုင်ပိုင်နိုင်နိုင်ကြီး သိလာပါလိမ့်မယ်။

နောက်ဆုံး . . . သတိဉာဏ်အဆင့်မြင့်သွားရင်တော့ နိဗ္ဗာန်ဆိုတဲ့ 'အဟုတ်, အထူး' ကိုပါ အပြီးတိုင် သိမြင်သွားပါလိမ့်မယ်။

ဒါ့ကြောင့် တရားနာပရိသတ်များရဲ့ တာဝန်က သတိမြဲအောင် ကြိုးစားဖို့ တာဝန်ပါပဲ။ အာရုံတိုင်းမှာ သတိမြဲအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။ အားထုတ်နိုင်ကြတဲ့အတိုင်းလည်းပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာနောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ 'တို့လည်းလိုက်မယ် ချန်မထားနဲ့' ဆိုတဲ့ တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်

http://www.dhammadownload.com

ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြ ထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို . . ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

[၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်၊ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ရင်ပြင်၊ ကျောက်ပန်းတောင်းဓမ္မာရုံ၊ ဦးမိုးမြင့်၊ ဒေါ်မြင့်မြင့်သိန်း၊ စိန်မျှားဆေးပေါ့လိပ်မိသားစု၊ ဒုတိယအကြိမ်မြောက် ဓမ္မဒါနတရားအလှူတော်ပွဲ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက် ရေးသားထားပါသည်။]

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)